www.burmeseclassic.com

စိန်သရဖူစာပေ

# မောင်လှမျိုး၊ချင်းချောင်းခြံ၊




## အလွမ်းဖြင့် နိဂုံးချုပ်လိုက်သည်

BURMESE CLASSIC .com

အသစ်စက်စက် လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

ခွင့်ပြုချက်အမှတ် - ၅၀၁၀၂၆၀၇၀၉
းခွင့်ပြုချက်အမှတ် - ၅၀၁၁၂၇၀၈၀၉
က်ဝေသည့်ကာလ - ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ
ပ်ခြင်း - (ပထမအကြိမ်)
အုပ်ရေ - ၅၀၀ အုပ်
ဖိုး - ၁၀၀ ကျပ်
န်ပျူတာ - လှမျိုးအောင်
ာ်နှာဖုံးဒီဇိုင်း - သက်ထားအိ


ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း (၀၃၇၄၈) စိန်သရဖူစာပေ
အမှတ် (၆၆)၊ (၆) လမ်း၊ လမ်းမတော်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ
ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)
မှတ်(၄၂)၊ ၄၂-လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။

၈၉၅ .၈၃
င်လှမျိုး (ချင်းချောင်းခြံ)
အလွမ်းဖြင့်နိဂုံးချုပ်လိုက်သည်/ မောင်လှမျိုး(ချင်းချောင်းခြံ)
– ရန်ကုန်။
န်သရဖူစာပေ ၊ ၂၀၀၉ ။
၂၉၂ – စာ ၊ ၁၂.၅ × ၁၇.၅ စင်တီ။
(၁) အလွမ်းဖြင့် နိဂုံးချုပ်လိုက်သည်



# မောင်လှမျိုး၊ ချင်းချောင်းခြံ၊



# အလွမ်းဖြင့်နိဂုံးချုပ်လိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



၁။

(ဘယ်သူ့ကိုမှ၊မပြောပြဖြစ်ခဲ့တဲ့စကားကို၊ဘယ်မှာပြောရမှန်းမသိလို့ ၊ ပြောမိပြောရာ နေရာတစ်ခုခုမှာ၊ ပြောနေမိပြီဆိုပါတော့ . . ၊ ပယင်း ရယ်။

ပြောခွင့်ရတဲ့သူတွေက၊ ပြောချင်ရာတွေကို၊ တဝေါဝေါ၊ တသွင်သွင်၊ ပြောနေကြရပေမဲ့၊ ပြောခွင့်မရတဲ့၊ ကိုယ့်လိုလူတွေမှာ၊ ပြောပြရင်ဖွင့်စရာ၊နေရာတစ်ခုခုတော့၊ရှိသင့်တာပေါ့ ပယင်းရယ်။

ဒါပေမဲ့လေ . . တကယ်တမ်းကျတော့၊ ပြောခွင့်ရတယ်ဆိုရင်တောင်၊ မပြောသင့်တော့တဲ့အခြေအနေမျိုးဆိုတာ၊ ရှိတတ်ကြတာပဲ။အခု, ကိုယ့်အခြေအနေက၊ ပြောခွင့်မရတော့တဲ့အခြေအနေမျိုးတွင်မက၊ မပြောသင့်တော့တဲ့ အခြေအနေမျိုးကို၊ ကြုံရတဲ့အပြင်၊ ပြောပြစရာ နေရာလည်း၊ မရှိတော့တာမို့၊ ပယင်းကို့၊ တိုင်တည်ပြီး၊ ဒီစကားတွေ . . ၊ ပြောနေမိတာပါ။

နားလည်ပေးစေချင်တာ တစ်ခုတည်းကြောင့် ၊ ရင်ဖွင့်တိုင်တည်မိတာ၊ မဟုတ်ပါဘူး။ ရင်နင့်အောင် ၊ ခံစားခဲ့ရလို့၊ ရင်နဲ့မဆန့်တော့တဲ့အတွက်၊ရင်ပေါ့ရုံသက်သက်၊ ပြောထွက်မိတယ်ဆိုပါတော့။မကြားမှန်းသိလျက်နဲ့၊ ကြားနေသယောင်, မရှိမှန်းသိလျက်နဲ့၊

www.burmeseclassic.com



နှိုလေသံယောင်၊ တွေးမှတ်ထင်မြင်ပြီး၊ ကိုယ်,ပြောချင်ရာတွေကို၊ ပြောပြပါရစေတော့။

ကိုယ် . . . , ဘယ်လောက်အထိ ၊ ကံဆိုးလိုက်သလဲ။ ငယ်သူငယ်ချင်း၊ အရင်းခေါက်ခေါက်တစ်ယောက်ရဲ့၊ ဈာပနကို၊ နောက်ဆုံးနှုတ်ဆက်ခြင်းအဖြစ်နဲ့တောင်၊ သွားကြည့်ဖို့၊ ဝန်လေးနေတဲ့ ကိုယ့်ဘဝ။

ကိုယ်, ဘာမှားခဲ့လို့လဲ။ကိုယ်, ဘယ်လောက်မှားခဲ့လို့လဲ။ နီးစပ်ရာ၊ အသိုင်းအဝိုင်းတစ်ခုလုံးက၊ ကိုယ့်ကို၊ လူမှုရေး ခေါင်းပါးတဲ့သူလို့၊ စကားတင်းဆိုနေကြရော့မယ်။

မနက်ဖြန် . .

ကိုယ့်ရဲ့,ငယ်သူငယ်ချင်း၊ လှချစ်အောင်ရဲ့၊ ရုပ်ကလာပ်၊ မြေချတော့မယ်လေ။အဲဒီ့ ဈာပန အခမ်းအနားကို၊ ကိုယ်, သွားဖြစ်တော့မှာမဟုတ်ဘူး။သွားချင်စိတ်လည်း၊ မရှိဘူး။ဘယ်သူတွေဘယ်လိုထင်ထင်၊ ဘယ်သူ့ကိုမှ၊ ကိုယ်, ရှင်းပြမှာ မဟုတ်ဘူး။

လွန်ခဲ့တဲ့၊ တစ်လ,လောက်အထိ၊လှချစ်အောင်နဲ့ကိုယ်နဲ့၊ တကယ့် ,ငယ်သူငယ်ချင်းတွေအဖြစ်၊ ရှိနေကြပါသေးတယ်လေ။

သူ . . ဆေးရုံတက်နေရတယ်ကြားလို့၊ ကိုယ်,အပူတပြင်း





သွားခဲ့ပါသေးတယ်။နယ်ဆေးရုံက,နေ၊ ရန်ကုန်ဆေးရုံကိုပြောင်းပြီး ကုသ,ဖို့၊ ကိုယ်,စီစဉ်ဖြစ်ခဲ့ပါသေးတယ်။သူ,မလိုက်ချင်ဘူးဆိုတာနဲ့၊ နယ်ဆေးရုံမှာပဲ၊ ဆက်ပြီးကုသ,ခဲ့ကြတာပါ။

ဘယ်လောက်အထိ၊ မျက်စေ့လည်ဖို့ကောင်းလိုက်သလဲ။ ဘယ်လောက်အထိ၊ အံ့ဩဖို့ကောင်းလိုက်သလဲ။အခု, သူ့ဈာပနကို၊ ကိုယ် . . , လုံးဝ၊ မသွားချင်တော့ဘူးလေ။ကိုယ်,လုံးဝ,မမှားခဲ့ပါဘူး ပယင်းရယ်။ ကိုယ် . . ,ဘယ်လိုမှ၊ ဖြေသိမ့်မရနိုင်လွန်းလို့ပါ။)

စကားပြောခွက်ကိုကိုင်လျှင်ကိုင်လိုက်ချင်း၊ သူငယ်ချင်းပိုးသား၏ စကားသံကိုကြားရသည်။

"လှချစ်အောင် ဆုံးဆုံးချင်း၊ မင်းကို . . ငါ, ဖုန်းဆက်တယ်လေကွာ။ မင်းဘာဖြစ်လို့၊ မလာတာလဲ"

သူ့စကားကို၊ မည်သည့်စကားနှင့်မျှ မတုန့်ပြန်ဘဲ၊ ငြိမ်လျက်သား၊ ကျွန်တော်နားထောင်နေမိ၏။

"မနက်စောစောထ,လာရင်၊မီရက်သွားနဲ့။

www.burmeseclassic.com



မင်း,ဘာဖြစ်လို့ ရောက်မလာတာလဲ"

"....။...."

"မင်းမျိုးနိုင်။ ငါပြောတာကြားရဲ့လား"

"ဗျာ"

"ဒီမှာ၊ မင်း,ရောက်မလာလို့ စိုးရိမ်နေကြတာ။လမ်းမှာ၊တစ်ခုခုများဖြစ်သလားဆိုပြီး . ."

"ငါ,ဘာမှ မဖြစ်ပါဘူး။ ဟို . . ။ငါ . . ငါ့,မိန်းမ၊ ဆေးရုံတင်ထားရလို့။အဲဒါ. . ။အဲဒါကြောင့်၊ ငါမလာဖြစ်တာ"

ကျွန်တော်,နှုတ်တွေ့ရာ စကားဖြင့်၊ အကြောင်းပြုလိုက်မိသည်။

"သက်ထားဆွေ ဆေးရုံတင်ထားရတယ်၊ ဟုတ်လား"

"အေး"

"ဘာဖြစ်လို့ မင်းအိမ်ကို အကြောင်းမကြားတာလဲ။ငါ,ပြောပေးရမလား"

"မနေ့ညကမှ၊ တင်လိုက်တာ။သိပ်အရေး





မကြီးပါဘူး။ ဘယ်သူ့ကိုမှ၊ ပြောမနေပါနဲ့တော့။

လူချစ်အောင်ရဲ့၊ အဖေအမေကိုသာ၊ ပြောလိုက်ပါ။ငါ,မရောက်ဖြစ်ရတဲ့အကြောင်း"

"အေး ။ငါပြောလိုက်ပါ့မယ်။နေမကောင်းဖြစ်တုန်းက,တောင်၊ ရောက်လာသေးတာ။ဒီနေ့ရောက်မလာတော့၊ အားလုံးစိတ်ပူနေကြတာ။

မင်းမိန်းမ,ကိုပဲ၊ ဂရုစိုက်လိုက်ပါ။ သူ . . . သက်သာတယ်ဆိုရင်တော့၊ ရက်လည်တဲ့နေ့၊ လာခဲ့ပေါ့"

"လာဖြစ်မှာမဟုတ်ဘူး" . . ဟု၊ချက်ချင်းပြောမိချင်သည်။ သို့သော် ပိုးသားကို၊ အားနာနေမိ၏။

"ပိုးသား"

"ဗျာ . . ပြော၊ မင်းမျိုးနိုင်"

"ငါ့မိန်းမ ဆေးရုံတင်ရတာ၊ သိပ်အရေးမကြီးဘူး . . လို့။ ဘယ်သူမှ၊ မလာကြနဲ့ . . လို့၊ အဖေနဲ့အမေ့ကို၊ ပြောပေးပါကွာ။ စိုးရိမ်နေကြမှာစိုးလို့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အေး၊ ပြောလိုက်မယ်သူငယ်ချင်း။စိတ်ချ"

ပိုးသားသား၊ ငယ်ကျင့်မပျောက်သေးပါက၊ "စိတ်ချ" . . ဟူသော၊ သူ့စကားကို၊ ကျွန်တော် သိပ်စိတ်မချ။

"မောင်၊ ဘာဖြစ်လို့ အဲဒီလိုပြောရတာလဲ"

ဖုန်းချပြီးမှ၊ အနားတွင်၊ ကျွန်တော့်ဇနီး သက်ထားဆွေ ရောက်နေမှန်း၊ ကျွန်တော်သိရ၏။မ်ညာချင်သော်လည်း၊ညာပြော ရမည့်၊ အခြေအနေ။ ယင်းအခြေအနေသည်၊ ကျွန်တော့်အတွက်၊ လေးလေးပင်ပင်ကိစ္စကြီးမဟုတ်ကြောင်းလည်း၊ဇနီးသည်ကို၊ သိသာ စေချင်သေးသည်။

ထိုကြောင့်၊ ပေါ့တန်သောလေသံဖြင့်၊ ပြုံးစလွယ်ဟန်ပန် ပြုကာ၊ ကျွန်တော်ဖြေလိုက်သည်။

"လူမှုရေးတွေ၊ များလွန်းတယ်။ပင်ပန်းလွန်း လို့မသွားချင်တော့တာနဲ့၊ ပါးစပ်ထဲတွေ့တာ၊ ပြော လိုက်တာ"





"လူချစ်အောင်က၊မောင့်ငယ်သူငယ်ချင်း လေ။သူ့စိမ်းတွေကိစ္စတောင်၊မသွားချင်သွားချင်နဲ့၊ သွားခဲ့ရသေးတာပဲ မောင်ရဲ့"

"ဒါတော့, ဒါပေါ့သက်ရယ်။အခုက၊ တော် တော်ပင်ပန်းနေလို့ပါ"

"နေမကောင်းတုန်းကတောင်၊ သွားခဲ့သေး တာပဲ။ရက်လည်တဲ့နေ့တော့၊ သွားလိုက်ပါ"

ထိုနေ့ရက်တွင်လည်း၊ ကျွန်တော် သွားဖို့ အစီအစဉ်မရှိ။ သို့သော်၊ ဇနီးသည်နှင့်၊ ယခု, စကားဆန့်ကျင်နေလျှင်၊ ယခု,စကား ပိုရှုတ်သွားနိုင်သည်။ဘာကြောင့်၊မသွားဖြစ်တော့သည်ကို၊ သူလည်း၊ သိလိုစိတ် ဖြစ်သွားပေလိမ့်မည်။

ထိုအခါ၊ ကျွန်တော်က,လည်း၊ မလွှဲမရှောင်သာပဲ၊ လိမ် လည်ပြောဆိုမိပေလိမ့်မည်။အတတ်နိုင်ဆုံး၊ ကျွန်တော်, လိမ်မပြော ချင်။လိမ်မှုဖြစ်တော့မည်ဆိုလျှင်လည်း၊ ကျွန်တော့် လိမ်ညာခြင်း သည်၊ တစ်စုံတစ်ယောက်၏၊ ကိုယ်ကျင့်စရိုက်ကို၊ကာကွယ်မိခြင်း သာ၊ ဖြစ်ပေမည်။ကိုယ့်ကိုကိုယ်တော့၊ . မကာကွယ်လို။

"အားရင်တော့၊ သွားတာပေါ့ကွာ။မအား



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့လည်း၊ အခြေအနေအရပဲပေါ့"

"မောင့်လောက်၊ အားနာတတ်တဲ့သူ၊ သက်,
မမြင်ဖူးခဲ့ပါဘူး"

မေးမြန်းစမ်းစစ်တော့မည်ဟု၊ ကျွန်တော်ထင်၍၊ ရင်ထိတ်ရသည်။

"အားနာတတ်လွန်းတဲ့သူက၊ ငယ်သူငယ်
ချင်း တစ်ယောက်ရဲ့၊ အ,သုဘကိုတောင်၊ မသွား
ဖြစ်ဘူးဆိုကတည်းက၊ မောင်,တော်တော် အလုပ်
ပိနေပြီ၊ ထင်တယ်"

တော်ပါသေးသည်။ ကျွန်တော်၊ မဆိုင်းမတွ ,

"ဟုတ်တယ် သက်ရယ်။ တကယ့်ကို၊ စိတ်
မအား,လူမအားဖြစ်နေတာ"

သက်ထားဆွေက၊ ပြုံးလျက် -

"မလာ မသွားဖြစ်ဖူးဆိုလည်း ၊ တခြား
အကြောင်းပြပါမောင်ရယ်။ သက်,ဆေးရုံ တင်ထား
ရတယ်ဆိုတာကြီးက၊ ကြက်သီးထ,စရာကြီး"

"ဆောရီး" . . ဟု၊ ကျွန်တော် ပြောပြီးတောင်းပန်လိုက်



သည်။ ကျွန်တော့်ရင်ထဲတွင်လည်း၊ တကယ် "ဆောရီး"(ဝမ်းနည်းခြင်း) ဖြစ်နေရလေ၏။ မျိုသိပ်ထားရသည်။

"ကိုယ်ဝန်တွေ ဘာတွေရှိနေသလားလို့၊ ငါလာကြည့်တာ" . . ဟု၊ အမေပြောသည်။ အိမ်တံခါးဝ,၌၊ အမေ့ကိုမြင်လျှင်မြင်ချင်း၊ ပိုးသား၏"စိတ်ချ"ဟူသော၊ စကားသံကို၊ ပြန်လည်ကြားယောင်ပြီး၊ သက်ထားဆွေကို၊ မသိမသာ, အားကိုးတ ကြီး၊ ကြည့်ငေးလိုက်မိသည်။

"သွေးပေါင်ကျတာပါအမေရယ်။ ဆေးရုံမှာ
ခဏအနားသွားယူတဲ့သဘောပါ"

"သိပါဘူးအေ။ ပိုးသားပြောတော့၊ တကယ့်
အသည်းအသန် ။ ယောက်ျားက ၊ အနားမှာ
တစ်ဖဝါးမှ၊ ခွာလို့မရအောင်ဖြစ်နေတဲ့ပုံစံမျိုး"

အမေ့ကို၊ သက်ထားဆွေက၊ ပြုံးလျက်,

"ထ,လိုက်၊ ထိုင်လိုက်ရင်။ မူးခနဲ့ မိုက်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့၊အခြေအနေက၊အရေးကြီးသလို၊ ဖြစ်သွား

တာပေါ့ အမေရယ်"

ဇနီးသည်ကို၊ကျွန်တော်၊ကျေးဇူးတင်မိလေသည်။ပိုးသား

ကို၊စိတ်ထဲမှ၊ ကျိန်ဆဲမိသည်မှ အပ၊ အမေ့ကို ဘာအကြောင်းပြ

ရမည်မသိသေးခင်၊ သူ့ဝင်ပြောသော၊ စကားအခြေအနေကြောင့်၊

ကျွန်တော်၊ အသက်ရှူချောင်ရ၏။

"ဆေးရုံက၊ ဘယ်တုန်းက၊ ဆင်းလာတာလဲ"

အမေက၊ ဆိုဖာထိုင်ခုံတွင်၊ မှီထိုင်လိုက်ပြီး၊ မေး၏။"ည

က,မှ၊ ဆင်းရတာ"ဟု၊ သက်ထားဆွေ၊ ဖြေသည်။"အဲဒါ ,အအေးထဲ

ဆင်းနေရသလား"ဟု၊ အမေ ဆူပြောပြောသည်။

ကျွန်တော်က . .

"အပေါ်ထပ်ကနေ၊ အမေ့ကိုလှမ်းတွေ့လို့၊

အတူတူဆင်းလာကြတာ"

"ဪ။အေး။သက်သက်သာသာဆိုလည်း၊

ရက်လည်တော့၊ လာခဲ့ကြဦးပေါ့"

"သက်က၊ လုပ်လိုက်တိုင်းမှုနေတာ အမေ။ကျွန်တော်

လာဖြစ်မယ်မထင်ဘူး"ဟု၊ ပြောဖြစ်လိုက်သည်။





"လူမှုရေးရှိသေးတယ်လေ၊ မင်းမျိုးနိုင်ရဲ့။

မြန်မြန်လာ,မြန်မြန်ပြန်လောက်တော့၊ လုပ်သင့်

တာပေါ့"

"ဆေးရုံတက်တုန်းက၊ ကျွန်တော်, အခေါက်

ခေါက်အခါခါ သွားပါတယ်"

"အဲဒါ,လူမမြင်ဖူးလေ။မြေချတဲ့နေ့ ရောက်

မလာတော့၊ လူမြင်တာပေါ့။လူသိတာပေါ့။လူပြော

စရာဖြစ်တာပေါ့"

"ကျွန်တော့်အကြောင်းက ၊ လူပြောစရာ၊

ဘာရှိလို့လဲအမေ"

"ရှိပါသော်ကောသားရယ်။တစ်ရွာလုံးမှာ၊

ရန်ကုန်မှာအခြေလာချပြီး၊ ကြီးပွားနေတာ၊ မင်း

တစ်ယောက်တည်းရှိတာလေ။ရပ်ထဲရွာထဲ၊ စကား

တင်းပြောစရာတွေ၊ အများကြီးပေါ့။

အခြေကြီးသွားပြီ၊ အောက်ခြေလွတ်သွားပြီ

ဆိုတာမျိုးတွေပေါ့။တချို့များ၊ ပြောကြသေးတယ်

ရည်းစားလုဘက်တွေမို့၊ မလာတာတဲ့။မင်းမျိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com



က၊ အငြိုးကြီးလွန်းတယ်တဲ့။စုံနေတာပဲ"

"လူချစ်အောင်ရဲ့၊ အဖေအမေက၊ ဘာမှ၊ မပြောဘူးမဟုတ်လား အမေ"

"ဟဲ့ ။ နှစ်အိမ့်တစ်အိမ် နေထိုင်ခဲ့ကြတဲ့၊ မိသားစုတွေပဲ။ဘာပြောရမှာတုန်း။ အခု ၊ အမေ ပြောပြနေတာက၊ဘေးလူတွေရဲ့ စကားတင်းတွေကို၊ ပြောပြနေတာ"

ကျွန်တော်က၊ သက်ထားဆွေကို၊ အားနာစွာတစ်ချက်ငဲ့ကြည့်လိုက်ပြီး . .

"အတင်းစကားတွေကို၊ခြေဖျက်ဖို့ကျွန်တော့်မှာ၊ အစီအစဉ်မရှိဘူးအမေ။ အားလည်းမအားဘူး။

လူချစ်အောင် မိဘ,တွေက၊တစ်ခုခုထင်မြင်နေတယ်ဆိုရင်တောင်၊ သူတို့,သံသယကင်းသွားအောင်၊ ကျွန်တော်, ဖြေရှင်းမှာ မဟုတ်ဘူး"

"အမေသိပါတယ်။ဖြေရှင်းခိုင်းတာမျိုးတော့၊ မဟုတ်ဖူးပေါ့။လူမှုရေး ခေါင်းပါးတယ်လို့၊ ဘယ်သူ



ကမှ၊ သားကို ထင်မနေစေချင်ဘူးလေ။

သမီးနေမကောင်းလို့၊ အ,သုဘကို၊ မလာတာ၊ အမေသိတယ်။ လူချစ်အောင် မိသားစုတွေ သိတယ်။တခြားသူတွေ၊ မသိလည်း၊ ကိစ္စမရှိဘူး။ ရက်လည်ဆွမ်းသွပ်တဲ့နေ့တော့၊ သမီးနေကောင်းရင်၊လာစေချင်တယ် ။ လာသင့်တယ်လို့၊ အမေ, ဆိုလိုချင်တာပါ"

"လာနိုင်အောင်၊ ကျွန်တော် ကြိုးစားပါ့မယ်။မလာဖြစ်ဖို့တော့၊ များတယ်"ဟု၊ ကျွန်တော်ပြောသည်။

"အမေ၊ နည်းနည်းတော့၊ အံ့သြတယ်"

"ဘာကို၊ အံ့သြတာလဲ အမေ"

"လူချစ်အောင်အတွက်ဆိုရင်၊မိဘ,ကိုတောင် ဟိုတုန်းက၊လိမ်ဖို့ညာဖို့ ဝန်မလေးတဲ့သားက၊ သူ့, အ,သုဘ ကိစ္စကျမှ၊ ဇနီးသည် နေမကောင်းတာကို၊ အကြောင်းပြုပြီး၊ သူစိမ်းတစ်ယောက်လို၊ ပြောနေဆိုနေတာကိုပါ။အာယာတတွေ၊ ရှိနေတုန်းပဲလား"

"အမေ့စိတ်အထင်ပါအမေရယ်။ ဇနီးသည်နေမကောင်း

www.burmeseclassic.com

www.burmeseclassic.com



တာကို ၊ ဘယ်သူပဲဖြစ်ဖြစ် ၊ ပူပင်မိကြတာပေါ့” ဟု၊ မခိုင်မာစွာ၊ ကျွန်တော်ပြောသည်။သက်ထားဆွေက၊ အမေ့ကိုကြည့်လျက်၊ ပြုံးနေ၏။အမေက၊ ကျွန်တော့်ကို၊ ကြည့်ကာ၊ ပြုံးနေသည်။





၂။

ကျွန်တော့်အိမ်တွင်၊ အမေ တစ်ညသာအိပ်သည်။ နောက်မနက်တွင်၊ အမေ ပြန်၏။လုပ်ငန်းသုံးကား၏ဒရိုက်ဗာအား၊ အမေ့ကို၊ ရွာအထိလိုက်ပို့ရန်၊ ကျွန်တော်စေခိုင်းလိုက်သည်။

အမေရှိနေခဲ့သည့်၊ တစ်နေ့တစ်ညလုံး၊ ဇနီးသည် သက်ထားဆွေသည်၊ ကျွန်တော့်မှသားစကားနှင့်လိုက်ဖက်ညီစွာ၊ လူမမာတစ်ယောက်ကဲ့သို့၊ နေထိုင်ခဲ့ရရှာသည်။“ရက်လည်တဲ့နေ့တော့၊ လာဖြစ်အောင်လုပ်ပါဟယ်”ဟု၊ အမေ, မှာသွားသေးသည်။

“မောင့်သူငယ်ချင်းပိုးသားက၊ တော်တော် နှုတ်လုံတာပဲ။သူလုပ်တာနဲ့၊ အမေ့ရှေ့မှာ၊ သက်, လမ်းတောင်မြန်မြန်မလျှောက်ရဲတော့ဘူး”

သက်ထားဆွေက၊ရယ်မောလျက်ပြောသည်။ကျွန်တော်က,

“မောင့်အပြစ်ပါသက်ရယ်။မောင်,ပါးစပ်ထဲ ရှိရာပြောမိလို့၊ သက်,လူမမာဖြစ်သွားရတာပါ။ ပိုးသား,နှုတ်မလုံတာက,တော့၊ အခုမှ မဟုတ်ပါ ဘူး။ဟိုးတုန်းကတည်းက,ပါ။



www.burmeseclassic.com

www.burmeseclassic.com



လူချစ်အောင်နဲ့မောင်နဲ့၊ ရည်းစားလုဘက် ဆိုတာလည်း၊ ဟိုတုန်းကတည်းက၊ သူပဲ လျှောက်ပြောတာ။အဲဒါ, မောင့်ဘက်က၊ မခံချင်ဖြစ်ပြီး၊ သူပြောတာလေ။

အချိန်အခါမကြည့်ဘဲပြောတော့၊စကားတွေကားကုန်တာပေါ့။အခုလည်း၊သူ,တကယ်စိုးရိမ်ပြီး ၊ အမေ့ကိုသွားပြောတာနေမှာ။ သူသွားပြောတာ၊စေတနာနဲ့။ ဒီမှာ, လိမ်ပြောတဲ့သူတွေ၊ဒုက္ခရောက်ရော"

သက်ထားဆွေက . .

"လိမ်ပြောတဲ့သူတွေလို့ ၊ မပြောနဲ့နော် . . မောင်။မောင်တစ်ယောက်တည်းလိမ်ပြောတာ။ မောင့်အလိမ်ပေါ်မှာစိုးလို့ ၊ သက်က,ကူပြီးဟန်ဆောင်ရတာ"

ကျွန်တော်က၊ ရယ်လျက် . .

"ဟုတ်ပါတယ်သက်ရယ်။ဟုတ်ပါတယ်။ဒီအမှုမှာ၊ မောင်က၊ အဓိက,တရားခံပါ။သက်က,





အားပေးအားမြှောက်၊ ကြံရာပါ။ပူးပေါင်းကြံစည်သူ။အလို့တူ,အလိုပါ"

သက်ထားဆွေက၊သူ့လက်ချောင်းသွယ်များဖြင့်၊ကျွန်တော့်ပခုံးကို၊ လှမ်းရိုက်၏။ပြီးမှ . .

"ဟိုတုန်းက၊ ကိစ္စကြောင့်၊ လူချစ်အောင်ကို၊ မောင်,စိတ်ဆိုးပြီးမသွားတာလား"

ကျွန်တော်, ခေါင်းကို၊ လှုပ်ရုံသာခါလိုက်သည်။ သက်ထားဆွေက၊ သူ့မေးခွန်းကို၊ သူ့ဘာသာဖြေကြည့်နေ၏။

"အဲဒါဆိုလည်း၊နေမကောင်းတုန်းက၊ မသွားဘဲနေမှာပေါ့နော်။အဲဒီတုန်းက၊သွားပြီး။အခု,သေတော့မှမသွားတာ၊တခြားအကြောင်းများရှိသလားဟင် ၊ မောင်"

"အလုပ်မအားလို့ပါသက်ရယ်။ပြီးတော့ . . သွားချင်စိတ်လည်း၊ မဖြစ်လို့ပါ"

သက်ထားဆွေက . .

"သာရေးမှ၊ မဟုတ်တာပဲမောင်ရယ်နာရေးလေ။ အလုပ် တကယ်မအားရင်တောင်၊ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပြီး၊ မျက်နှာသွားပြကြရတာ။ဝမ်းနည်းစကား၊ အားပေးစကားကို၊တကူးတက,သွားပြောကြရတာ"

"ဟုတ်ပါတယ်"ဟု၊ လေသံမောဖြင့်၊ ကျွန်တော်ပြောမိသည်။"မသွားဖြစ်တဲ့ကိစ္စနဲ့၊ ပတ်သက်ပြီး၊ တခြားအကြောင်းရှိနေရင်လည်း၊ သက်ကိုဖွင့်ပြောနော်မောင်။ သက်ကို၊ တိုင်ပင်နော်"ဟု၊ နွေးထွေးစွာ၊ သူ ပြော၏။လှုပ်တယ်ဆိုရုံမျှသာ၊ ကျွန်တော် ခေါင်းညိတ်ဖြစ်သည်။

(ပယင်းရေ . . ။ဘယ်မှာပြောရမှန်းမသိရင်၊ တစ်နေရာရာမှာတော့၊ ပြောမိတတ်ကြတာပါပဲ။ကိုယ့်ဇနီးသက်ထားဆွေကို၊ (ကိုယ့်ဘဝ,တစ်ခုလုံး)မပြောပြတာ၊ ဘာမှ မရှိခဲ့ပါဘူး။သူက,လည်း၊ ပြောရကောင်းစေဆိုပြီး၊ နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းတတ်သူ မဟုတ်ပါဘူး။





ဒါပေမဲ့ ။ အားလုံးကို၊ ကိုယ်, ပြောပြဖြစ်ခဲ့ပါတယ်။ပြောပြဖြစ်တဲ့အခါတိုင်းလည်း၊ သူဟာ မိတ်ဆွေတစ်ယောက်လို၊ နှမ, သားချင်းတစ်ယောက်လို၊ ဇနီးကောင်းပီသ,စွာ၊ မျှဝေခံစားပေးတတ်သူတစ်ယောက်ပါ။ သူဟာ . . ၊ ကိုယ့်ရဲ့,ဇနီးကောင်းပါပဲ။ကိုယ့်အတွက်,ဇနီးကောင်းပါပဲ။သူဟာ . . ကိုယ့်ဘဝရဲ့၊ အရာရာပါပဲ။

ဒါပေမဲ့,ပယင်းရယ် . . ။

နားလည်ပေးတယ်ဆိုတိုင်း၊ အရာရာ ရင်ဖွင့်ဖို့ကျပြန်တော့၊ နာယူပေးသူကို၊ အားနာမိတယ်လေ။ ဒီတစ်ခါနာကျင်မိတဲ့၊ ဘဝနံရံပေါ်က၊ အသည်းနှလုံးရဲ့၊ နာကျည်းချက်ကိုတော့၊ ဘယ်သူ့ကိုမှ၊ ဖွင့်မပြောချင်တော့ဘူး , ဖွင့်မပြောအပ်တော့ဘူးလို့၊ တွေးတောမိတဲ့အတွက်၊ ပယင်းကိုသာတိုင်တည်ပြီး၊ ပြောနေဖြစ်တာပါ။

တကယ်တော့၊ ဒီစကားတွေကို၊ ပယင်းလည်း၊ တကယ်မကြားနိုင်ပါဘူးလေ။ကြားယောင်နေသယောင်,နားထောင်နေသယောင်၊ စိတ်ထဲက ပြောပြနေမိတာမျိုးပါ။ ဒီအဖြစ်အပျက်,ဒီဇာတ်လမ်းတွေထဲမှာ၊ ပယင်းလည်း ပါဝင်ခဲ့တယ်လို့ ၊ ယူဆ,နိုင်ပေမဲ့၊ သေသေချာချာပြန်စဉ်းစားကြည့်လိုက်တော့၊ ကိုယ်နဲ့,ပယင်းနဲ့၊ မျက်နှာချင်းဆိုင်၊ တစ်ခါမှ ၊ စကားမပြောခဲ့ဖူးဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



ပယင်းက၊ ကိုယ့်ကိုမသိပေမဲ့၊ ကိုယ်က, ပယင်းကို သိနေခဲ့ပါတယ်။ ဒါကို၊ သူငယ်ချင်းတချို့လည်း၊ သိခဲ့ကြပါတယ်။ ဒီအကြောင်းတွေကို၊ ကိုယ့်ဇနီးသက်ထားဆွေလည်း၊ ကိုယ်ပြောပြခဲ့လို့၊ သိခွင့်ရခဲ့ပါသေးတယ်။)

"မောင်။ ထ,တော့လေ။ သက်နိုးနေတာ ကြာပြီ။ မျက်လုံးကြီးဖွင့်ပြီး၊ ဘာတွေ စဉ်းစားနေ တာလဲ"

သက်ထားဆွေက၊ အနီးရှိ ရေခဲသေတ္တာငယ်အတွင်းမှ၊ မအေးလွန်းသောရေတစ်ခွက်ကို၊ ကမ်းပေးရင်းပြောသည်။ ကျွန်တော်က၊ ရေတစ်ဝ,သောက်ပြီး . .

"ဟိုတုန်းက အကြောင်းတွေ ၊ တွေးကြည့် နေတာ"

သက်ထားဆွေက၊ ရေခွက်ကိုပြန်ယူလျက်,

"ဒါဆို . . ပယင်းအကြောင်းပါပြီပေါ့"

ပြုံးလျက်မေးသည်။ကျွန်တော်က,လည်း၊ ပြုံးလျက် ,

"နည်းနည်းပါးပါးတော့ပါတာပေါ့။ဒါပေမဲ့, လွှမ်းလွှမ်းဆွေးဆွေးတော့ဘယ်ဟုတ်ပါ့မလဲ"





"ဒါ . . ,အိမ်ထောင်သည်တစ်ယောက်ရဲ့၊ ထိန်းထိန်းသိမ်းသိမ်း၊ ကြေကွဲသံပဲ"

ကျွန်တော်က၊ သူ့ပခုံးလေးကို၊ ကိုင်လျက်, ကုတင်ပေါ်မှ၊ ဆင်းကာ . .

"မနောက်ပါနဲ့တော့သက်ရယ်။ မနောက် ကောင်းပါဘူး။ သူ့အခြေအနေက၊ မောင်တို့ . . ကျိစားရမယ့်၊ အခြေအနေမဟုတ်ဖူးလေ။ မောင်တောင်မှ၊ တွေးမိတောမိလို့၊ သတိရ စရာကြုံရင်၊ စိတ်ထဲမှာ ၊ ကာလ, မကြာအောင် သတိနဲ့၊ ဆင်ခြင်နေရတယ်။ သူ့ကို၊ ဆက်စပ်ပြီး၊ အတွေးလွန်မိတာနဲ့၊ ဒေါသ, လောဘ,ဝင်လာမှာစိုးလို့"

"ဆောရီး"ဟု၊ သက်ထားဆွေ ပြော၏။ ကျွန်တော်, ညဝတ် အင်္ကျီကိုလဲဖယ်စဉ်၊ သက်ထားဆွေက,

"လူချစ်အောင်ရဲ့၊ အ,သုဘကို၊ မောင် . . မသွားတာ။သက်ကို အားနာလို့လား။ဒါမှ မဟုတ်၊ ပယင်းနဲ့၊ မတွေ့ချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးသက်ရယ်။တကယ်အလုပ်များနေလို့ပါ"ဟု၊ သူ့မျက်နှာကို၊ တည့်တည့်မကြည့်ဘဲ၊ ကျွန်တော်ဖြေလိုက်သည်။ မှုသားစကားဟု၊ သူ့မသိ။

အသည်းကွဲသည်ဟူသောဝေါဟာရမျိုး၊ကျွန်တော့်ဘဝတွင်၊ မရှိခဲ့ချေ ။ အသည်းကွဲသလိုအဖြစ်မျိုး၊ ကြုံခဲ့ရလျှင်လည်း၊ အသည်းကွဲသည်ဟု၊ ကျွန်တော် မခံစား။ တစ်စုံတစ်ခုကြောင့်သာ၊ အသည်းငယ်စရာ ကြုံရသည်ဟု၊ ကျွန်တော် ခံယူဖြေသိမ့်ခဲ့ဖူးသည်။

အထူးသဖြင့်၊အိမ်ထောင်သည် လူယောကျ်ားတစ်ယောက်အဖို့၊ အသည်းဟက်တက်ကြီးဖြင့်၊ အိမ်ထောင်ပြုထားမိသည့်အဖြစ်ဆိုးမျိုးကို၊ မပြုမှုမကြုံတွေ့အပ်ဟု၊ ကျွန်တော် ယူဆကျင့်သုံးထားပါသည်။

ဘာဖြစ်လို့လဲဆိုတော့၊ ကိုယ့်အိမ်ထောင်ဖက်အပေါ်၊ မစာနာရာ ရောက်ပေသည်။ (ငါ့ဘာသာအသည်းကွဲတာ၊ နင်နဲ့ဘာဆိုင်လဲ ဟု၊ ယောကျ်ားတစ်ယောက်အနေဖြင့်၊ အင်အားသုံး၍၊ ပြောနိုင်





ချင်ပြောနိုင်ပါလိမ့်မည်။ဒါပေမဲ့, အသည်းကွဲကွဲကြီးကို၊ အိမ်ထောင်ဖက်ပြုထားရသည့်၊ မိန်းမသားအဖို့၊ အင်မတန် ခံပြင်းစရာ ကိစ္စဖြစ်နေသောကြောင့်၊ အသည်းဟက်တက်ကြီးဖြင့်၊ ကျွန်တော် . . , အိမ်ထောင်မပြုခဲ့ပါ။)

သို့သော် . .

အသည်းကွဲသည့်အဖြစ်ထက်၊ ပို၍ဆိုးရွားသော၊ ဝေဒနာတစ်ခုကို၊ အိမ်ထောင်သက်(တစ်)နှစ်ပြည့်ပြီးကာမှ၊ ကျွန်တော် ခံစားလိုက်ရသည်။အသည်းကွဲသည့်အဖြစ်ထက်၊ ပိုမိုခါးသီးဆိုးရွားသော၊ဝေဒနာ၏အမည်ကို၊ မည်သူသိနိုင်ပါသလဲ။

အသည်းနာသည့်ဝေဒနာသည်၊ အသည်းကွဲခြင်းထက်၊ ပို၍ဆိုးရွားလွန်းပါ၏။ကျွန်တော်အဖို့၊ ပို၍ ခါးသက်လွန်းပါ၏။

အသည်းကွဲခြင်းသည် . . (နောက်ထပ်, တစ်ဖန်၊ ထပ်မံနာကျင်စရာအကြောင်းမရှိတော့သည့်၊ ဝေဒနာ။အသည်းနာခြင်းဟူသည်ကား၊ ကွဲကြေရလောက်အောင်လည်း၊ အခွင့်မရသည့်အပြင်၊ တွေးမိလေတိုင်းလည်း၊ နာကျင်ခံခက်လွန်းလေ၏။ပြောပြရင်ဖွင့်ခွင့်မျှ မရတော့သည့် . . ဝေဒနာ။

သက်ထားဆွေ . . ဟု (ခေါ်တွင်သည့်၊ ချစ်လှစွာသော၊



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဇနီး၏ရင်ခွင်အပါး၌၊ ကျွန်တော့် အသည်းနာခြင်းကို၊ ပြောပြရင်ဖွင့်ချင်ပါသည်။

သို့သော် . . ၊

ကျွန်တော် တစ်ကိုယ်ကောင်းမဆန်လို။ သူသိထားသော၊ ကျွန်တော့်ဘဝ, အကြောင်းများနှင့်ပင်၊ သူ့ကို ကျွန်တော်အားနာနေရသည်။





၃။

လွန်လှဲသော (နှစ်)နှစ်ခန့်က၊ ရန်ကုန်သို့၊ ကျွန်တော်, အပြီးရောက်ခဲ့၏။ အဖေအမေ, မပါ။ ညီအစ်ကို,မောင်နှမ,မပါ။ တစ်ကိုယ်တည်း။တစ်ယောက်တည်း။တစ်ဘဝ,တည်း။

ရန်ကုန်ကို ရောက်ရောက်ချင်း ၊ သီရိမင်္ဂလာဈေးသို့ အရောက်သွားသည်။ဈေးထဲမှာ၊ ကျောင်းနေဘက်သူငယ်ချင်းတစ်ယောက်ရှိသည်။ သူ့နာမည်၊ အောင်သိန်းဦး ဟု၊ ကျွန်တော်မှတ်မိ၏။

"ဟာ,မင်းမျိုးနိုင်။မင်း,နယ်မပြန်သေးတာလား။ဒါမှ မဟုတ်၊ ပြန်ပြီးမှ၊နောက်တစ်ခေါက်ထပ်လာတာလား"

"ငါ,ရန်ကုန်မှာပဲ၊ အခြေချတော့မလို့ကွ"

"တစ်မိသားစုလုံးပြောင်းလာတာလား"

www.burmeseclassic.com



"မဟုတ်ဘူး။ ငါတစ်ယောက်တည်း"

"အိမ်နဲ့စိတ်ဆိုးလာတာလား"ဟု၊ အောင်သိန်းဦးမေး၏။

"အိမ်နဲ့စိတ်ဆိုးလာတာတော့မဟုတ်ဖူး။ဒါပေမဲ့၊ ငါ့ရန်ကုန်မှာ၊ နေတော့မယ်ဆိုတာတော့၊ငါ့အစ်ကိုတစ်ယောက်ကိုပဲပြောခဲ့တယ်"ဟု၊ ကျွန်တော်, အကျဉ်းမျှပြောပြသည်။အောင်သိန်းဦးက,

"မင်းဘာသာ၊ ဘာပဲဖြစ်လာဖြစ်လာ။မိဘ, နဲ့ပြဿနာတက်လာတာမဟုတ်ရင်၊ ပြီးတာပဲ။ငါ, ဘာကူညီရမလဲ"

"ငါ,ဒီမှာ၊ ကျဘမ်းအလုပ်,လုပ်ချင်လို့။ဈေးလူကြီးထဲမှာ၊ မင်း,အသိရှိရင်၊ ငါ့ကိုလိုက်ပြောပေးပါ"

အောင်သိန်းဦးရယ်လေ၏။အရယ်ရပ်ပြီးမှ ..

"ငါ့မိဘ,က ၊ ဒီဈေးထဲမှာ ၊ ပွဲရုံရှိတယ်ဆိုတာကို ၊ မင်း,မသိလို့ ၊ ဒီစကားပြောတာလား မင်းမျိုးနိုင်"

"သိပါတယ်ကွာ။ဒါပေမဲ့ ... ငါ, အားနာလို့ပါ။ပြီးတော့, ဒီဈေးထဲမှာ၊ ခဏပဲလုပ်မှာမို့ပါ"





"ခဏပဲလုပ်လုပ်၊ အကြာကြီးပဲလုပ်လုပ်။ကျဘမ်းအလုပ်တော့၊ မလုပ်ပါနဲ့ကွာ။

ငါ့အဖေဆီမှာပဲလုပ်ပါ။ပွဲရုံမှာလည်း၊အိပ်လို့ရတယ်။ ငါ့အဖေကို ၊ ငါ,ပြောပေးပါ့မယ်။ ဒါနဲ့၊ မင်းက,တခြားဘာလုပ်ဖို့၊ စီစဉ်ထားသေးလို့လဲ"

"ဂျာနယ်နှစ်ဆောင်လောက်က ၊ အလုပ်ခေါ်ထားတာတွေ့တယ်။အဲဒီမှာလည်း ၊ငါ ... သွားလျှောက်ဦးမယ်"

အောင်သိန်းဦးက ,

"မင်း, ဒီမှာ၊ တကယ် အခြေချတော့မယ်ပေါ့"

ကျွန်တော်,ခေါင်းညိတ်ပြလိုက်သည်။ကျွန်တော်, ဘာဖြစ်လာခဲ့သလဲဆိုတာကို၊ အောင်သိန်းဦးက၊ ထဲထဲဝင်ဝင်မမေးမြန်း။ မေးမြန်းခဲ့လျှင်လည်း၊ ကျွန်တော်,သေသေချာချာပြောပြဖြစ်လိမ့်မည်မဟုတ်ပါ။

+

အားကစားဂျာနယ်တိုက်တစ်ခုတွင်၊ ကျွန်တော်,အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ (အင်တာနက်သတင်းများကိုဖတ်ပြီး ၊ ဘာသာပြန်ပေးရသည့်အလုပ်နှင့် ၊ ကွန်ပျူတာဒီဇိုင်းထုတ်ပေးရသည့်အလုပ်ကို၊ အခြားဂျာနယ်သုံးလေးဆောင်အတွက်ပါ ၊ ကျွန်တော်,လောဘ,တကြီးလုပ်ဖြစ်သည်။)ပွဲရုံအလုပ်ကိုလည်း၊ လက်လွှတ်မခံ။

ပွဲရုံတွင်လည်း၊ အိပ်သည်။ ဂျာနယ်တိုက်တွင်လည်းအိပ်သည်။ ကျွန်တော့် ဘ၀ ၊ ကြွယ်ဝ, တိုးတက်လာရခြင်း များတွင်၊ အခြေခံကျေးဇူးကြီးသူမှာ၊အောင်သိန်းဦးနှင့်၊သူ့မိဘ,များဖြစ်သည်။

တညင်းသီး သီးသောရာသီတွင်၊ ပွဲရုံ၌၊ တညင်းသီးတွေအပုံအပင်။ကျွန်တော်အိပ်ဖို့၊ ပက်လက်ကုလားထိုင်တစ်လုံးစာခန့်သာ၊ နေရာလွတ်တော့၏။"မင်း,အိပ်တော့လေ။မနက်,အလုပ်ရှိသေးတယ် မဟုတ်လား"ဟု၊ အောင်သိန်းဦးပြော၏။ထိုင်ခုံတစ်ခုံစာနေရာလွတ်အောင်၊ တညင်းသီးတွေကို၊ ဂေါ်ပြားနှင့်ထိုးတင်လိုက်ရင်း၊ "မနက်ဖြန်၊ ဂျာနယ်ဖြန့်မှာ။ငါ. . .off "ဟု၊ ကျွန်တော်ပြောလိုက်၏။အောင်သိန်းဦးက . . .





"မနေ့က၊ မင်းရဲ့ဂျာနယ်တိုက်ရှေ့က၊ ငါ,ဖြတ်သွားသေးတယ် ။ ကားရပ်ဖို့ နေရာရှာနေရတာနဲ့၊ ငါ, မဝင်ဖြစ်တော့ဘူး။

မင်းအနားမှာ၊ ကောင်မ,လေးတစ်ယောက်တော့၊ တွေ့လိုက်တယ်။အဲဒါ, ဘယ်သူလဲ"

"မသိဘူးလေကွာ။တိုက်မှာက၊ မိန်းကလေးသုံးလေးယောက်ရှိတာ"

"ငါ, မစပ်စုတတ်ပါဘူး။ ဒါပေမဲ့, ငါတွေ့လိုက်တဲ့အချိန်မှာ၊ အဲဒီကောင်မ,လေးက၊ မင်းကို၊ လေးလေးစားစားပြောဆိုဆက်ဆံနေတာတွေ့ရလို့ပါ။ဆံပင်ရှည်ရှည်လေးတော့၊ တွေ့လိုက်တယ်။ အဲဒါ . ."

"ဪ . . သက်ထားဆွေနဲ့တူတယ်"

"အင်း,ဟုတ်မှာပေါ့။အဝေးက,ပဲကြည့်ကြည့်။အနီးက,ပဲကြည့်ကြည့်။မြန်မာမိန်းကလေးဆိုတာ၊ သိသာစေတဲ့ရုပ်မျိုးလေး"

"အင်း,ဟုတ်တယ်။အဲဒါ သက်ထားဆွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ လိုက်ဖက်တယ်ကွ"ဟု၊ အောင်သိန်းဦးပြောသည်။

ကျွန်တော်က,

"လိုက်ဖက်တယ်ဆိုတာ၊ ဘာကိုပြောတာလဲ"

အောင်သိန်းဦးက . . ,

"ရိုးရိုးတွေးရင်၊ ရိုးရိုးအဓိပ္ပါယ်ပေါ့ကွာ"

"အင်း။ ရိုးရိုးတွေးတာပဲကောင်းပါတယ်"ဟု၊ အမောဖက်လျက်၊ ကျွန်တော် ပြောဖြစ်သည်။အောင်သိန်းဦး မျက်မှောင်ကြုတ်လေ၏။ပြီးမှ . .

"မင်းလေသံက၊ လောက,ကို၊ တော်တော်လန့်နေတဲ့လေသံပါလား"

"မင်းမေးမှာစိုးလို့၊ မမေးပါစေနဲ့လို့၊ ငါ,ဆုတောင်းနေရတဲ့ကိစ္စ။အခုငါ . . ,နည်းနည်းပြောပြမယ်။ငါ . . ,ရန်ကုန်ကို၊ အပြီးထွက်လာတာ၊ ပြီးစလွယ်ပြောရရင်၊မိန်းကလေးကိစ္စ။ခံစားပြီးပြောရရင်၊ ချစ်ခြင်းမေတ္တာကိစ္စ။

အဲဒီ ကိစ္စကြောင့်၊ နယ်ကိုစွန့်လာတာ။အစ်ကို,ကိုပဲ၊ အသေးစိပ်ပြောခဲ့တယ်။မိဘ,ကိုတောင်၊





ငါ,မပြောခဲ့ဘူး။မင်းကို၊ ဘာမှ ရှင်းမပြရသေးပေမဲ့၊ အနီးစပ်ဆုံး၊ မင်းနားလည်အောင်ပြောပြရရင်၊ တစ်ယောက်ယောက်ကို၊ ခင်တွယ်ဖို့၊ တစ်ခုခုကို၊ ငါ, ကြောက်နေသလိုပဲ"

"မင်းစကားကြီးက၊ကြောက်စရာကြီးပဲ။မင်း,ကြောက်စရာ,လန့်စရာကြီးတွေ၊ တွေ့ခဲ့ကြုံခဲ့ပြီထင်တယ်"

"ကြောက်စရာလား ။ လန့်စရာလား။ နာမည်တော့၊ ငါ,မတပ်တတ်ဖူး။ဒါပေမဲ့ . . လူ့လောက,မှာနေရတာ၊ ကြောက်စရာတွေ၊ ပိုများလာသလိုပဲ။

ကိုယ်မှန်လျက်နဲ့ ။မှားတဲ့သူတွေကို၊ရှောင်ခဲ့ရတယ်။သူတို့ကိုပဲ၊ အနိုင်ပေးခဲ့ရတယ်။

နယ်မှာဖြစ်ခဲ့တဲ့ကိစ္စက၊ ထားလိုက်တော့။ဖြစ်ရိုးဖြစ်စဉ်ကိစ္စ။ငါ့အတွက်, စိတ်နည်းနည်းပဲ၊ထိခိုက်ခဲ့တာ။သက်ထားဆွေနဲ့၊ ငါ့ကိစ္စကို၊ ငါပြောပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်သိန်းဦးက . .

"ဟာ ။မင်းတို့နှစ်ယောက်မှာ၊ ပြောပြစရာကိစ္စ၊ရှိနေတယ်၊ဟုတ်လား။ ငါက,လိုက်ဖက်တယ်လို့၊ ပြောတာ။နောက်တောင်ကျနေပြီကိုး"

ကျွန်တော်, အလျှင်အမြန်စကားလုရသည်။

"အောင်သိန်းဦး၊ ငါ့စကားမဆုံးသေးဘူး"

"အေး။ပြော"

"သက်ထားဆွေနဲ့ငါနဲ့က၊ ဘဝ,တူတွေ"

အောင်သိန်းဦးက၊ နားမရှင်းသေးပါပဲလျက်,

"သြော် . . ။အရင်ကတည်းက၊ သိခဲ့ကြတာလား"

"မဟုတ်ဖူး။အခုလုပ်နေတဲ့ဂျာနယ်မှာ၊မလုပ်ခင်။တခြားဂျာနယ်တစ်စောင်မှာ၊သက်ထားဆွေနဲ့ငါနဲ့။အတူတူအမှုထမ်းဖူးတယ်။အဲဒီမှာ၊ နှစ်ပတ်လောက်ပဲကြာတယ်။

ငါတို့နှစ်ယောက်စလုံး ၊ အလုပ်ထွက်ခဲ့ကြတာ။နောက်တော့မှ၊အခုလုပ်နေတဲ့၊ ဂျာနယ်တိုက်မှာ၊နှစ်ယောက်အတူတူ၊ ဝင်လျှောက်ခဲ့ကြရတာ။

ပထမ,ဂျာနယ်တိုက်က ၊ ဘာကြောင့်။နှစ်ယောက်စလုံးထွက်ခဲ့ကြသလဲဆိုတာ၊ မင်း,သိလိုက်ရတာနဲ့။မင်း, တော်တော် ဒေါသ,ဖြစ်သွားမယ်"

"မင်းတို့ကို၊အလုပ်ထုတ်လိုက်တာလား"ဟု ၊ အောင်သိန်းဦး၊ဂရုတစိုက်မေး၏။"ငါတို့ဘာသာထွက်လာကြတာ"ဟု၊ကျွန်တော်ဖြေလိုက်သည်။ပြီးမှ၊ ကျွန်တော်စကားဆက်၏။

"ယောက်ျားဝတ်နဲ့မိန်းမစိတ်ပေါက်နေတဲ့ပိုင်ရှင်ဝနာကြီးက၊ ငါ့ကို,ဟိုထိ,ဒီထိ လာထိတယ်။သူ့တူ အမှုးသမားတစ်ယောက်က၊ သက်ထားဆွေကို၊ ထိကပါး,ယိကပါးလုပ်တယ်။

နှစ်ပတ်အတွင်းမှာ၊ ငါနဲ့ သက်ထားဆွေနဲ့၊ နေစရာမရှိတော့ဘူး။သက်ထားဆွေကိစ္စ ။ တိုင်ဖို့တောဖို့ကျတော့။မိန်းမသားတစ်ယောက်ရဲ့၊အရှက်သိက္ခာကို၊ ထည့်တွက်ရတယ်။

ငါ့ကိစ္စကျပြန်တော့လည်း၊ ဘယ်မှာတိုင်ပြီး၊ ဘာပုဒ်မ, တပ်လို့။ ဘာသက်သေနဲ့၊ တရားဆွဲရ







www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိဘူး။ လက်သီးနဲ့ထိုးလိုက်ကြိတ်လိုက်ရင်လည်း၊ ယောက်ျားစစ်စစ်နဲ့ဖြစ်တဲ့၊ ပြဿနာမဟုတ်တော့။ငါ့မှာ၊ ဘေးကြပ်နံကြပ်"

အောင်သိန်းဦးက၊ ရယ်ချင်စိတ်ကိုထိန်းလျက်၊"တက်ခေါက်ကာ . . ,

"အဲဒီလိုတဏှာရူးတွေအကြောင်းကို၊လူသိရှင်ကြားဖြစ်အောင်လုပ်ရမှာကွ။ဒါမှ နောက်လူတွေ၊ အစော်ကားမခံရမှာ"

"ငါ,စဉ်းစားပါသေးတယ်။သက်ထားဆွေကို၊ငှဲ့လိုက်လို့ပါ။ ပြီးတော့၊ ရန်ကုန်မှာလာနေတဲ့ငါ့ရည်ရွယ်ချက်က၊တိုးတက်ကြွယ်ဝ,ဖို့ဆိုတော့။ဘာမှ၊မတိုးတက်ခင်၊ ဘယ်သူနဲ့မှ၊ ပြဿနာမတက်ချင်ဘူး။

အမေရိကန်သမတ လင်ကွန်းရဲ့စကားလိုပေါ့။ကိုက်တတ်တဲ့ခွေးကို၊လမ်းဖယ်ပေးလိုက်တာဟာ၊ အကိုက်ခံရတာထက်စာရင်၊ တော်ပါသေးတယ် . . တဲ့။ငါ, တမင်၊ လမ်းဖယ်ပေးလိုက်တာ"





"စိတ်ထိန်းနိုင်ရင်တော့၊ ကောင်းတာပေါ့ကွာ။အခုရော၊ မင်းတို့ အဆင်ပြေရဲ့လား"

"ပြေပါတယ် ။ သက်ထားဆွေနဲ့ ငါနဲ့က ။ တစ်ယောက် နဲ့ တစ်ယောက် ၊ လေးလေးစားစား ဆက်ဆံတာ။ဘဝ,တူတွေမို့၊ တွေးသိစာနာပြီး။ တစ်ဦးကိုတစ်ဦး၊ ရိုင်းပင်းကြတာပါ"

အောင်သိန်းဦးက . .

"မင်းတို့နှစ်ယောက်၊ လိုက်ဖက်တယ်ဆိုတဲ့၊ ငါ့စကားက,လည်း။ပေါ့ပေါ့တန်တန်နောက်နောက်ပြောင်ပြောင်ပြောတာမဟုတ်ပါဘူးကွ။ လေးလေးစားစားပြောတာပါ"

"အေးပါ။ ငါသဘောပေါက်ပါတယ်"ဟု၊ ကျွန်တော်ပြောရသည်။ ထိုစကားကြားမှ၊ အောင်သိန်းဦး ကျေနပ်သွားဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



၄။

"အောင်သိန်းဦးဆိုတာ၊ ငယ်သူငယ်ချင်း မဟုတ်ဖူးပေါ့"ဟု၊သက်ထားဆွေမေးပြော,ပြောသည်။ကျွန်တော်က . .

"တက္ကသိုလ်ရောက်တော့မှ၊သိတာ ။

ဒါပေမဲ့၊ တကယ့် . . ,ငယ်သူငယ်ချင်းလိုပါပဲ"

"အခု၊အဲ့ဒီ့သူငယ်ချင်းနဲ့အတူနေတာပေါ့။

ဟုတ်လား"

"အတူနေတာမဟုတ်ဖူး။သူ့ရဲ့ ပွဲရုံမှာ၊ ကပ်

နေတာ။အလုပ်လည်း၊ ကူလုပ်လိုက်တယ်။

အိပ်စရာနေရာလည်း၊ အစဉ်ပြေတယ်။

လုပ်ခ,လည်း၊ ရတယ်လေ၊

ရန်ကုန်မှာ၊အဲဒီလောက်အကူအညီကို၊ ဆွေ

မျိုးသားချင်းဆီက,တောင်၊ မရနိုင်ဘူး"

"ဒါဆို၊ ဝင်ငွေနှစ်ခုတောင်ရှိတာပေါ့"ဟု၊ သက်ထားဆွေ၊နောက်ပြောင်ဟန်ဖြင့်မေး၏။

ကျွန်တော်က,လည်း ၊ ဂုဏ်ယူဟန်တမင်ပြုကာ၊ "ဒါပေါ့"ဟု၊ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ့ အောင်သိန်းဦးက၊ နင့်ကို၊ မြန်မာဆန်တယ် တဲ့။ချီးကျူးတယ်. ပြီးတော့ . ."

"ပြီးတော့၊ ဘာဖြစ်လဲ"

"ပြီးတော့။နင်နဲ့ငါနဲ့ကို၊လိုက်ဘက်တယ်တဲ့"

သက်ထားဆွေက ၊ မျက်မှောင်လေးကြုတ်ကာ ,

"ဒါ,မြှောက်ထိုးပင့်ကော်စကားပဲ။ မြန်မာဆန်တယ်ဆိုတဲ့စကားက,တော့၊ ကျေးဇူးတင်စရာကောင်းတဲ့စကား။ငြင်းစရာမရှိဘူး။

ဟို,ဘောင်းဘီတိုတိုလေးနဲ့ကောင်မ, လေးက၊ မြန်မာမ,လေးလားဟင်လို့ ၊ မေးမြန်းရတော့မယ့်ခေတ်မှာ၊မြန်မာဆန်တယ်လို့၊ အချီးကျူးခံရတာ။မယ်စကြာဝဠာဘွဲ့ရတာထက်တောင်၊ ဂုဏ်ယူပါသေးတယ်။

နှစ်ယောက်လိုက်ဘက်တယ်ဆိုတဲ့ စကားက,တော့၊ သူငယ်ချင်းအချင်းချင်း၊ တစ်ခုခုမြှောက်ပေးလိုက်တဲ့စကားပဲ ။ ပြန်ပြောပြတဲ့သူကိုလည်း၊ သိပ်မသက်ာချင်ဘူး"





မဲ့ပြုံးလေးပြုံးကာ၊ သက်ထားဆွေ ပြောသည်။

ကျွန်တော်က . . ,

"ဘာသံသယမှ၊ မရှိပါနဲ့ဟာ။ ငါ . . ,ရိုးရိုးသားသား ပြန်ပြောပြရဲတွင်ပါ ။ အခုအချိန်မှာ ၊ ကောင်မ,လေး တစ်ယောက်ယောက်က၊ ငါ့ကို ၊ Propose လုပ်မယ်ဆိုရင်တောင်၊ငါက၊ စဉ်းစားပါရစေဦး၊ စောပါသေးတယ်လို့၊ ပြောရမယ့်အခြေအနေပါ"

"အမယ်။ကြီးကြီးကျယ်ကျယ်"

"ဟုတ်တယ်သက်ထားဆွေ။ငါ့အကြောင်းကို၊ နင်,သိပ်မသိသေးပါဘူး။ ငါ,ရန်ကုန်မှာ၊ လာအလုပ်,လုပ်နေတာ ၊ သာမန်လက်လုပ်လက်စားဘဝ,နဲ့ရပ်တည်ဖို့၊ မဟုတ်ဘူး။

ချမ်းသာကြွယ်ဝ,တဲ့အထိ၊ ငါ,ရည်ရွယ်ထားတာ။မချမ်းသာရင်၊ နေရာတကာမှာ၊ ရှုံးတယ်ဟ။ အဲဒါကြောင့် ၊ငါ့ရည်ရွယ်ချက်မပြည့်မချင်း၊ ဘယ်သူနဲ့မှ၊ ရန်မဖြစ်ဘူး ။ ဘယ်သူ့ကိုမှလည်း ၊ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



မပေးဘူး ။ ဘယ်သူ့ဒုက္ခကိုမှလည်း၊ ငါ့မယူဘူး။

သာမန် လက်လုပ်လက်စား ဘဝ,တွေကို၊ ချမ်းသာကြွယ်ဝ,တဲ့သူတွေက၊ တစ်ခုခုတော့၊ အနိုင်ယူတတ်ကြတယ်။ငါ, အနိုင်ခံခဲ့ရဖူးတယ်။အဲဒါကြောင့်၊ ငါ ချမ်းသာမှ၊ ဖြစ်မယ်"

"နင်,တစ်ခုခုကို၊နာကျင်ခဲ့တာလား"

"ဘယ်သူ့ကိုမှ၊ မနာကျင်ခဲ့ပါဘူး။ ငါ့ကိုယ်ငါပဲ၊ နာကျင်ခဲ့တာပါ"

"ငါ့ကိုပြောပြလို့၊ ရမလား"

"မရဘူး"

"ဘာဖြစ်လို့မရတာလဲ"

"ငါ . . .၊ စဉ်းစားဆုံးဖြတ်ထားတာ တစ်ခုရှိတယ်"

"ဘာလဲ"

"ငါ့ အကြောင်းကို၊ ဘယ်သူမှမသိစေရဘူးဆိုတဲ့၊ ဆုံးဖြတ်ချက်ပဲ။ သိချင်လို့ ၊ လာမေးတယ်ဆိုရင်လည်း၊ငါ,ပြောပြရတဲ့သူဟာ၊ငါ့ဘဝ,အတွက်၊





အရေးကြီးတဲ့သူပဲ၊ ဖြစ်ရမယ်။

သိချင်ရုံ၊ စပ်စုချင်ရုံမေးတဲ့သူတွေအတွက်၊ ဒီလိုပါပဲဗျာလို့၊ ပြောလိုက်ရုံပဲ ။ သေသေချာချာပြောပြစရာအကြောင်း မရှိဘူး"

"အဲဒီလိုလည်း ၊ ဘယ်ဟုတ်မလဲဟာ ။လူဆိုတာ၊ စပ်စုတတ်တဲ့သတ္တဝါပဲ။အဲဒီလိုစပ်စုတတ်လို့လည်း၊သတင်းစာတွေ,ဂျာနယ်တွေ,ဆက်သွယ်ရေးကရိယာတွေ၊ ရောင်းကောင်းနေတာပေါ့"

"စပ်စုရုံသိချင်တဲ့သူတွေမှာ၊ ထပ်တူခံစားခြင်းဆိုတာ၊ မရှိဘူး။အဲဒီလိုလူတွေကို၊ အိပ်သွန်ဖာမှောက်၊ ပြောပြစရာ၊ အကြောင်းမရှိဘူး"

"နင့်စကားအရဆိုရင်၊ ငါက, စပ်စုတဲ့သူဖြစ်နေပြီပေါ့၊ဟုတ်လား"

"နင်,ခံယူတဲ့အပေါ်မှာ၊ မူတည်တယ်လေ"ဟု၊ ကျွန်တော်ပြောလိုက်သည်။"ငါ,နားမရှင်းဘူး"ဟု၊ သက်ထားဆွေပြော၏။

"နင်,သိချင်ရုံသက်သက်မေးတာလား။ ထပ်တူခံစားလို့၊ နာစိတ်နဲ့မေးတာလား လို့၊ ကိုယ့်ကိုကိုယ်,မေးပေါ့"



www.burmeseclassic.com

"အမလေး။သိချင်ရုံမေးတာပါဆိုရင်၊ ငါက, စပ်စုတဲ့သူဖြစ်တော့မှာပဲ။စာနာစိတ်နဲ့မေးတာပါ ရှင်လို့ ၊ ပြောရအောင်က,လည်း ၊ ဘယ်လောက် အထိ စာနာပေးရမှန်း၊ ငါ,မသိဘူးဟဲ့"

ရိုးစင်းစွာပြောသည့် သူ့စကားကြောင့် ၊ ကျွန်တော်ပြုံးမိ သည်။ကျွန်တော်က . .

"ငါ့ခြေမ,တစ်ချောင်း၊ ခလုပ်တိုက်မိလို့၊ ခြေ သည်းကျွတ်ပြီး ၊ သွေးတွေအိုင်ထွက်နေတယ်ဆို ပါတော့။

ဟယ်။ ဘယ်လိုဖြစ်တာလဲဆိုတဲ့သတင်းမေး သူတွေအားလုံးကို၊ ငါ့ခြေထောက်ကြီးပြပြီးဘယ်လို ဖြစ်ပါတယ်ဆိုတာပြောပြသင့်သလား။ဆေးကုပေး မယ့်ဆရာဝန်ကိုပဲ၊ပြောပြသင့်သလား။နင်ပြော"

"ဒါက,တော့ဟာ။လူမှုရေးအရ၊မေးကြမြန်း ကြတာမျိုးတော့၊ရှိဦးမှာပေါ့"

ကျွန်တော်က ၊ စေတနာပြည့်လျှံနေသူ၏၊လေသံဖြင့်,

"အရေးတကြီးကိစ္စတိုင်းအတွက်၊ လူမှုရေး





ဆိုတာ၊ ဒုတိယနေရာမှာပဲရှိတယ် သက်ထားဆွေ။

အခု၊ ငါက . . ဘဝ,ကို၊ တည်ဆောက်နေတဲ့ အချိန်။အရေးအကြီးဆုံးအချိန်ပဲ။လူမှုရေးကို၊ ဒုတိယ နေရာမှာ၊ ထား,ထားရတဲ့အချိန်။

ဒီအချိန်မှာ၊ ငါ့အကြောင်းကို၊ အရေးမကြီး တဲ့ဘယ်သူ့ကိုမှ၊ ပြောပြဖို့၊ အစီအစဉ်မရှိဘူး"

"အရေးကြီးတဲ့သူ ဆိုတာ။ဘယ်လိုမျိုးလဲ။ အလုပ်အကိုင်ကူညီမယ့်သူကို၊ပြောတာလား။စီးပွါး ရေးအရ၊ အကူအညီပေးနိုင်မယ့်သူကို၊ ပြောတာ လား"

"မဟုတ်ဘူး။ငါ,ပြောပြသမျှ၊ ငါ,နာကျင်ခဲ့သ မျှကို၊ ငါနဲ့ထပ်တူ၊ ခံစား နာလည်ပေးမယ့်သူကို ပြောတာ"

"ထပ်တူခံစားနာလည်ပေးမယ့်သူဆိုတာ၊ ရှားပါးလွန်းတယ်နော် မင်းမျိုးနိုင်"

"အဲဒါကြောင့်၊ အရေးကြီးတဲ့သူလို့ ၊ ပြော တာပေါ့။ ထပ်တူ ခံစား နားလည်ပေးခြင်းဆိုတာ၊

www.burmeseclassic.com



သမီးရည်းစား၊ လင်မယားကြားမှာတောင်၊ ပေါပေါများများ၊ မရှိလောက်ဖူး"

"ငါနဲ့နှင်နဲ့က၊ တစ်ယောက်နဲ့တစ်ယောက်၊ ဖေးမ,ကူညီခဲ့ကြတဲ့သူတွေပါ မင်းမျိုးနိုင်။နှင်က၊ ငါ့ကို၊ ကူညီတာပိုများပါတယ်။

ငါက၊နှင့်ကို။ဘာမှပြန်မကူညီနိုင်ရင်တောင်၊ အားပေးစကားလေးတစ်ခွန်းလောက်တော့၊ပြောနိုင်မယ်ထင်လို့၊ နှင့်အကြောင်းကို၊ ငါ,မေးမိတာပါ။

ထပ်တူ ခံစား နားလည်ပေးနိုင်လောက်အောင်၊ ငါက,အရေးမကြီးဘူး လို့၊ နှင်,ယူဆ,ရင်။ နှင် . . ငါ့ကို၊ ဘာမှ၊ မပြောပြပါနဲ့"

မျက်နှာ တည်တည်တင်းတင်းလေးဖြင့်၊ သက်ထားဆွေပြော၏။ကျွန်တော်က၊သူ့ကို၊လေးနက်တည်ကြည်စွာကြည့်ပြီး . .

"ငါ,နှင့်ကိုချစ်တယ်သက်ထားဆွေ"

သက်ထားဆွေ၊ မျက်ခုံးလေးတွန့်ကွေးသွား၏။မမြင်ဟန်ပြုလျက်၊ ကျွန်တော်စကားဆက်လိုက်သည်။

"ဒါ . . ။သတ်မှတ်ချိန်ထက်စောပြီး၊ ပြောမိ



တာပါ။ငါ,သူဌေးမဖြစ်မချင်း၊ မပြောသေးဘူးလို့၊ ငါ,စဉ်းစားထားတာပါ။ဒါပေမယ့် . . ., ငါ့ဘဝ,ရဲ့၊ အရေးအကြီးဆုံးသူဟာ၊ နှင်ပဲ . . ဆိုတာ၊ သိစေချင်လို့ ၊ စောစောစီးစီး ပြောမိတာပါ။

ငါ . . ,ရည်းစားစကားပြောတာမဟုတ်ပါဘူး။ဘဝ, စကားပြောတာပါ။ခင်မင်မှုကို၊ အခွင့်အရေးယူပြီး၊ ပေါ့ပေါ့တန်တန်ပြောတဲ့စကားလို့လည်း၊ မထင်စေချင်ဘူး။စိတ်လည်းမဆိုးစေချင်ဘူး။နှင်နဲ့ငါ၊ သိကျွမ်းခဲ့တဲ့၊သုံးလ,လောက်အတွင်းမှာ၊ငါ့အကြောင်းကို၊ ငါ့ဘဝ,အတွက်၊အရေးကြီးတဲ့ သူကိုပြောမှာမို့၊ အရေးအကြီးဆုံးစကားကို၊ ငါ, ပြောလိုက်တာပါ။

ငါ့အကြောင်းကို၊ နှင်,နားထောင်ပြီးရင်၊နှင်, ကြိုက်သလိုတုံ့ပြန်ပါ။ ငါက,တော့။ ငါ,သူဌေးဖြစ်တာနဲ့၊နှင့်ကိုလက်ထပ်ချင်ပါတယ်"

သက်ထားဆွေက၊ ကျွန်တော့်ကို၊ စိမ်းနုခက်မာစွာကြည့်လျက်၊ ပျော့ပျောင်းသောစကားသံဖြင့် . .

www.burmeseclassic.com

www.burmeseclassic.com



"နင့်စကားပြောနည်းက၊ သုဝဏ္ဏသာမ ဇာတ်တော်ထဲက၊ စကားပြောနည်းမျိုးပဲ။သားရွှေအိုး ထမ်းလာတာ၊မြင်ချင်ပါတယ် ဆိုတာမျိုးလေ။

ကိုယ့်အကြောင်းလည်းပြောရမယ်။မပြော ခင်၊ကိုယ်ဖြစ်ချင်တာလည်း၊ပြောလိုက်ရသေးတယ်။ ပြီးတော့ ၊ စိတ်မဆိုးအောင်လည်း၊ ကြိုကာထား သေးတယ်။

နင်,အရမ်းနစ်နာနေပါဦးမယ် မင်းမျိုးနိုင် ရယ်"

"ငါ့,စကားဆိုလိုရင်းကို၊သဘောမပေါက်ဘဲ၊ နင်, စိတ်ဆိုး မှာ၊ ငါ,တကယ်ကြောက်တာပါ။ ပြောချင်တာက၊ တစ်ဘဝ,စာ။ ရည်းစားစကားပြောလို့၊ စိတ်ဆိုးတယ်ဆိုတဲ့၊ ပြစ်မှုနဲ့။မခေါ်မပြော တော့ရင်၊ ငါ,နောင်တ၊အကြီးအကျယ်ရသွားနိုင်တယ်"ဟု၊ မငုံ့မရဲ၊ ကျွန်တော်ပြောရသည်။ သက်ထားဆွေက . .

"နင့်စကားအားလုံးကို၊ အရာရာထောက် ထားပြီး၊ ငါ,အပြစ်မတင်ပါဘူး။နင့်ဘဝ,ရဲ့၊ အရေး အကြီးဆုံးသူအဖြစ်၊ငါ့ကိုသတ်မှတ်တဲ့အတွက်လည်း၊



ငါ,ကျေးဇူးတင်ပါတယ်။

ဒါပေမဲ့ ။သူဌေးဖြစ်တာနဲ့၊ လက်ထပ်ချင် ပါတယ်ဆိုတဲ့စကားကိုတော့၊ ငါ,ရယ်ချင်တယ် မင်းမျိုးနိုင်"

"ဘာဖြစ်လို့လဲဟင် ။ ငါ,စကားမှားသွားပြီ လား"

"သူဌေးဆိုတာကြီးကို၊ ဖုတ်သွင်းရထားစိုက် သလို၊ မက်မောတတ်တဲ့၊ မိန်းကလေးမျိုးက၊ ဒီ , စကားမျိုးကြားရင်တော့၊ မှားတယ်လို့၊ ဘယ်ပြော ပါ့မလဲ။

ငါ့အတွက်တော့၊ အဲဒါ၊ ရယ်စရာစကားပဲ။ ငါ ,သူဌေးသမီးလည်း ၊ မဟုတ်ဖူး ။ငါ,ကိုယ်တိုင် လည်း၊ သူဌေးမဟုတ်ဖူး။ဒါပေမဲ့ . . , .

ငါ့ရဲ့,ရှင်သန်မှုက ၊ သူဌေးတစ်ယောက်ကို ရမှ ၊ တိုးတက် မှာပါလားဆိုတဲ့ ၊ ညံ့ဖျင်းတဲ့ . . ၊ မိန်းကလေးမျိုးရဲ့၊ ရှင်သန်မှုမျိုးမဟုတ်ဖူး။

နိုင်ငံခြားရုပ်ရှင်ကားတစ်ကားကြည့်ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကားထဲမှာပြောတဲ့ ၊ အမေတစ်ယောက်ရဲ့ , စကား။ ငါ့ပြန်ပြောပြမယ် ။ နင်သေသေချာချာ နားထောင်ကြည့်။

တက္ကသိုလ်ရဲ့၊ ရည်ရွယ်ချက်က၊ သင့်တော်တဲ့၊ ခင်ပွန်းရှာဖို့ပဲလေ . . တဲ့။

ဒါ . . ။ကမ္ဘာတစ်ဝှန်းလုံးမှာရှိတဲ့၊တက္ကသိုလ်ကျောင်းသူ အားလုံးကို ၊ စော်ကားမိတဲ့စကားပဲ။ အပြင်မှာသာ၊ အဲဒီစကားကို၊ နားနဲ့ဆတ်ဆတ်ကြားရရင်၊ တက္ကသိုလ်ကျောင်းသူအားလုံးရဲ့ကိုယ်စား၊ ငါ့တရားစွဲပစ်လိုက်မယ်။

ငါ့တက္ကသိုလ်တက်ခဲ့တာ၊သူဌေးတစ်ယောက်ကို၊ ယူနိုင်ဖို့မဟုတ်သလို ၊ သင့်တော်တဲ့ခင်ပွန်းရှာဖို့လည်း၊ မဟုတ်ဖူး။ငါ့ဘဝ,ငါ၊ တည်ဆောက်ဖို့၊ ငါ့ကိုယ်ငါ အားကိုးဖို့၊ တက်ခဲ့တာ။

ဆင်းရဲချင်ဆင်းရဲမယ်။သူတစ်ပါးကို၊တွယ်တက်မှ၊ အမြင့်ကိုရောက်ခွင့်ရမယ့်၊ နွယ်ပင်မျိုး၊ လုံးဝ,မဖြစ်စေရဘူး။အဲဒါ၊ ငါ့ဘဝ,ငါ့မာနပဲ"





"ငါ့,စကားမှားသွားပါတယ်ဟာ။ငါ့,တောင်းပန်ပါတယ်။နင့်အပေါ်ထားတဲ့၊ ငါ့ဆန္ဒထုထည်ကို၊ နင်မသိမှာစိုးလို့၊ ငါ့,ပြောတတ်သလိုပြောလိုက်မိတာပါ။

မရေရာသေးတဲ့ ငါ့ဘဝ,မှာ၊မသေချာသေးတဲ့အနာဂတ်က,လွဲလို့၊ ဘာမှ မရှိသေးပါဘူး။အဲဒီအနာဂတ်မှာ၊ ငါ့ကြောင့်၊ နင်,စိတ်ရော ကိုယ်ရော၊ မဆင်းရဲစေချင်တဲ့ ဆန္ဒနဲ့၊ ပြောမိတဲ့စကားပါဟာ။ စိတ်မဆိုးပါနဲ့။ဒွေမယူပါနဲ့။နော် . . "

"ရန်သူတွေမှမဟုတ်တာ။စိတ်မဆိုးပါဘူး။ ခုနက၊ ပြောတော့ ။မိန်းကလေးက ၊ ကမ်းလှမ်းရင်တောင်၊ နင်က, ဖနောင့်နဲ့ပေါက်မယ့်လေသံမျိုး။ ရှေ့နောက်၊ စကားမညီဘူး"

"ငါက၊ ဘဝ,ရဲ့ အရေးတကြီးစကားတိုင်းကို၊ နင့်တစ်ယောက်တည်းပဲ ပြောချင်တာလေ။တခြား ဘယ်သူ့ကိုမှ၊ အရေးကြီးတဲ့သူလို့၊ငါ . . မသတ်မှတ်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို ၊ နင်, နည်းနည်းလောက်သိရင်၊ ငါ့စကားအမှားတိုင်းကို၊ နားလည်ခွင့်လွှတ်ပေးပါဟာ။ အရေးကြီးလို့၊ အချိန်စောပြီး၊ ပြောလိုက်ရတဲ့ စကားမျိုးပါ။အမှားကိုကြည့်ပြီးခွင့်မလွှတ်ချင်ရင်တောင်၊ အခြေအနေကိုနားလည်ပြီး၊ ခွင့်လွှတ်ပေးပါ။ နော်,သက်ထားဆွေ"

တိတ်ဆိတ်စွာ မျက်စောင်းတစ်ချက်ထိုးပြီး ၊ အပြစ်မှကင်းလွှတ်ခွင့်ကို၊သူ . . ပေးသည်။"နင်ပြောပြမယ့်၊ နင့်အကြောင်းတွေ၊ နောက်နေ့မှပဲ၊ နားထောင်တော့မယ်"ဟု၊ သူပြောသည် ။ လုံး၀, နားမထောင်ချင်တော့ဘူး . . ဟု၊ ငြင်းပယ်လိုက်ခြင်းမဟုတ်သောကြောင့်၊ ကျွန်တော် . . ,တော်တော်လေး၊ ရင်အေးရပါသည်။





၅။

ကျွန်တော့်အကြောင်းကို၊ သက်ထားဆွေအား ၊ ပြောပြနေချိန်တွင်၊ ကျွန်တော့်မှာ၊ ကိုယ်ပိုင်ဟူ၍၊ ကျောတစ်ခင်းစာမျှပင်၊ မရှိသေး။ထိုသို့ပြောပြနေချိန်၌၊သူနှင့်ကျွန်တော်၊ချစ်ကျွမ်းမဝင်သေး။

ဘ၀,တစ်ခွင်လုံးကိုပြောပြမိခြင်းအတွက်၊ သူ့ထံမှ၊ကရုဏာတစ်ခုခု၊ ရလိုခြင်း၊အလျှင်းမရှိခဲ့။ခြေဖျား,လက်ဖျား, စိတ်အဖျားတို့သည်၊ တစ်စုံတစ်ခု၏ ထိခတ်မှုကိုခံရသည့်အခါ ၊ အသည်းခိုက်အောင်နာကျင်ရသော်လည်း၊ "အား"ခနဲ၊ အော်မြည်ခွင့်မရသော၊ အခြေအနေမျိုးနှင့်၊တစ်ခါတစ်ရံ ကြုံရတတ်လေသည်။ ထိုအခါ၊ ဝေဒနာသက်သာလိုသက်သာငြား၊သစ်ခေါင်းကျယ်ကျယ်,ကွင်းပြင်လယ်တို့၌၊ အားပါးတရ၊ သွားရောက်အော်မြည်ရသည်မျိုး၊ ရှိတတ်ကြပေမည်။

ထို့အတူပင်။ကျွန်တော်မှာလည်း၊ ထောက်ထားသိုသိပ်ရသည့်၊ ဘ၀,အခြေအနေမျိုးရှိခဲ့ရသည့်အပြင်၊ဖွင့်ဟ,အော်မြည်ဖို့၊ နေရာ,ဌာန၊ ကင်းပ,ခဲ့ရသည်။ထိုအခါ၊ သက်ထားဆွေအား၊ ဘ၀,၏ မိတ်ဆွေကောင်း၊ အသည်းနှလုံး၏အလင်းရောင်ကောင်းအဖြစ်၊ အာရုံထားသတ်မှတ်ကာ၊ဒဏ်ရာအနာတရတို့၏အော်မြည်ခွန်းဟ,



www.burmeseclassic.com

www.burmeseclassic.com



ရာအဖြစ်၊ ရင်ခွင်မှ၊ ရဲရင့်စွာ၊အလိုအလျောက်သတ်မှတ်ဖြစ်လေသည်။ထို့ကြောင့်၊သူ့အား၊ အမှတ်ရသမျှ၊အကုန်အစင်ပြောပြဖြစ်လေသည်။အလေးထား တည်ကြည်စွာ၊ နားထောင်ပေးခဲ့ခြင်းအတွက်၊ ဒီဘဝ, ဒီတစ်သက်တာမက၊ ထာဝရ ကျေးဇူးတင်ခဲ့ရပါသည်။

လူချစ်အောင်တို့ မိသားစုနှင့်၊ ကျွန်တော်တို့မိသားစုသည်၊ အိမ်ခြံဝင်းတစ်ခုတည်းတွင်၊ နေထိုင်ခဲ့ကြသော၊ အိမ်နီးချင်းများဖြစ်ကြ၏။တစ်မြေတစ်ဝင်းထဲတွင်၊ အတူရှိခဲ့ကြသော်လည်း၊ သူတို့အိမ်က၊ ခန်းနားထည်ဝါသော၊ နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်ပြီး၊ ကျွန်တော်တို့အိမ်က,တော့၊ သာမန်ပျဉ်ထောင်အိမ်တစ်လုံးမျှသာဖြစ်သည်။

ထိုသို့ကွဲပြားခြားနားခြင်းသည်၊ ဘဝ,ကို၊ မည်သို့မျှ မထိခိုက်စေသော၊ ကိစ္စတစ်ခုအဖြစ်သာ၊ ငယ်စဉ်က၊ ကျွန်တော်, နှလုံးသွင်းဖြစ်သည်။ဆင်းရဲတွင်းထဲမှာ၊ ကျေကျေနပ်နပ် ဆင်းရဲနေခဲ့ခြင်းဖြစ်သည့်အတွက်၊ ချမ်းသာသူတစ်ချို့၏အဖိအစီးကို၊ ဖိစီးသည်ဟုပင်၊ မထင်မှတ်ဖြစ်ခဲ့။





သို့သော် . . ၊ လုံ့အစိုက်ခံရဖန်များလွန်းလာသောအခါကျမှ ၊ မြေနိမ့်နေလေသူဟု ၊ ကိုယ့်ကိုကိုယ် သတိအပ်မိချေသည်။ အထူးသဖြင့်၊ သူငယ်ချင်းအချင်းချင်း၊ ဒါ ,အနိုင်ကျင့်တာပဲ၊ ဒါ , အသုံးချတာပဲ၊ ဒါ ,လူလည်ကျတာပဲ . . ဟု၊လူချစ်အောင်အပေါ်တွင်၊ ကျွန်တော်, ရိုးစွပ်သတ်မှတ်ခဲ့ခြင်း၊ သိပ်မရှိခဲ့။

ကျွန်တော့်မိဘ,တွေကိုယ်တိုင်က၊ လူချစ်အောင်နဲ့ရန်မဖြစ်နဲ့နော်ဟု၊ ဆိုဆုံးမ,မှု ပြုထားခဲ့သည်ကိုပင်၊ လိမ္မာယဉ်ကျေးအောင်၊ အဆုံးအမ, ပေးခြင်းဟုသာ၊ ကျွန်တော်,တွေးမှတ်လိုက်နာခဲ့လေသည်။

လူ့လောက,၌၊ တချို့သောအဖြစ်သနစ်များသည်၊ မည်မျှပင်ခံစားခဲ့ရစေကာမူ၊ မတွေးတော,မဆင်ခြင်မိသေးသမျှ ကာလ,ပတ်လုံး၊ မိမိ,နစ်နာဆုံးရှုံးနေရသည်ကို၊ သတိမပြုမိတတ်ကြ။တချို့က၊ ကြံဆ,သောဉာဏ်ကြောင့်၊ မိမိနစ်နာခံစားရသည်ကို၊ စောလျင်စွာသိပြီး၊ တချို့ (ကျွန်တော့်ကဲ့သို့)သောသူများက,တော့၊ခံရသောဒဏ်ကြောင့်သာ၊.အခါနှောင်းမှ၊ သိမြင်ကြရသည်။ (တချို့များဆိုလျှင်၊မိမိနစ်နာနေသည်ကိုပင်၊သတိမမူမိဘဲ၊ကျေနပ်စွာ၊ ပျော်ပိုက်နေသူများလည်း၊ ရှိတတ်ပြန်သေး၏။)



www.burmeseclassic.com

www.burmeseclassic.com



မည်သူကဲဆိုးသလဲ၊ ကျွန်တော်, မဝေဖန်တတ်ပါ။ ဒါပေမဲ့, ကျွန်တော်ကံဆိုးခဲ့သည်ဟုတော့၊ ကိုယ့်ကိုကိုယ်,စမ်းစစ်ချင်ပါသည်။

ပိုးသားက၊ သွေးထွက်နေသော၊ ကျွန်တော့်နဖူးကို၊ လုံချည် အနားစ,ဖြင့် သုတ်ပေးရင်း . . "အရက်ပြန်နဲ့ပွတ်လိုက်ရင် ကောင်း မယ်"ဟု၊ ပြောသည်။ ကျွန်တော်က မျက်နှာပေါ်တွင် စီးကျနေ သော သွေးစများကို လက်ဖနောင့်ဖြင့်သုတ်ကာ "ရေအရင်ဆေး ချင်တယ်"ဟု၊ ပြောလိုက်၏။ လှချစ်အောင်က,"ငါ့ကြောင့်ဖြစ်တယ် လို့ အိမ်ကိုမပြောနဲ့နော်"ဟု၊ ဆို၏။ ကျွန်တော် ခေါင်းညိတ်မပြမိ။ "မင်းကြောင့် ဖြစ်တာပဲဟာ"ဟု၊ ပိုးသားကဝင်ပြောသည်။

"သုံးယောက်စလုံးအတူတူ သွားကြတာပဲ၊ အားလုံးအဆူခံရမှာစိုးလို့၊ ငါက ပြောတာ"

"ဒါဆို ဘယ်လိုပြောရမှာလဲ"ဟု၊ ကျွန်တော် လှချစ်အောင် ကို မေးလိုက်၏။

"ငါတို့သုံးယောက် . . လက်သီးထိုးတမ်း ကစားရင်းနဲ့ ထိသွားတယ်လို့ပြောပေါ့"





"လက်သီးထိုးတမ်းကစားရင်းနဲ့ ဒီလောက် အထိ ကွဲတယ်ဆိုတာ အဓိပ္ပါယ်ရှိပါ့မလား လှ ချစ်အောင်,ရာ . ."

ကျွန်တော်က သွေးတွေကိုသုတ်ရင်း ပြောလိုက်သည်။

"မင်းတို့နဲ့ငါ နှစ်ယောက်တစ်ယောက်ချကြ တာ၊ ငါက မင်းမျိုးနိုင်ကို ကိုင်ပေါက်လိုက်လို့ လမ်း ပေါ်က အုတ်ခဲနဲ့ထိပြီး နဖူးကွဲသွားတယ်ဆိုရင် ၊ လူကြီးတွေ ယုံပါတယ်ကွာ . ."

ပိုးသားက လှချစ်အောင်ကို စောင်းငန်းငန်းဖြင့် စွေလျက် ကြည့်ကာ . .

"နှစ်ယောက်တစ်ယောက်ချတယ်ဆိုကတည်း က၊ မင်းက အဆူခံရစရာအကြောင်းမရှိတော့ဘူး။ ဒီကြားထဲ၊မင်းက, ကိုင်ပေါက်လိုက်သေးတယ်ဆို တော့၊ ဒီဇာတ်လမ်းမှာ မင်းက မှင်းသားပေါ့။

နေရာရွေးတာ လည်း၊နည်းနည်းပါးပါးစဉ်း စားပါဦး လှချစ်အောင်ရယ် ။ မင်း,နစ်နာနေဦး မယ်။မိဘကို လိမ်ပြောရမှာချင်းအတူတူ၊မင်းက,



www.burmeseclassic.com

www.burmeseclassic.com



နေရာယူတတ်တယ်”

ကျွန်တော်က . . ,

“ကဲပါ . . ငါ့ဘာသာငါ မြောင်းထဲပြုတ်ကျ

တယ်လို့ ပြောလိုက်မယ်”

လှချစ်အောင်က . . ,“အေး . . ကောင်းတယ်”ဟု ပြော

သည်။ ပိုးသားက လှချစ်အောင်ကိုရော . . ကျွန်တော့်အဖြေစကား

ကိုပါ ဘဝင်ကျပုံမရ။

“နင်တို့ . . ၊ ကလေးမဟုတ်ကြတော့ဘူး။

ဘယ့်နှယ့်။ပြေးတမ်းလိုက်တမ်းကစားရတယ်လို့”

လှချစ်အောင်၏ အမေ ဒေါ်သီသီက ၊ ကျွန်တော်တို့သုံး

ယောက်စလုံးကို အပြစ်တင်လေသည်။

ကျွန်တော့်အမေက . .

“ဆေးရုံသွားမှဖြစ်မယ်ထင်တယ်။ခေါင်းက၊





ပေါက်သွားတာမဟုတ်ဖူး ။ ကွဲသွားတာဖြစ်မယ်။

သွေးက, တိတ်မှမတိတ်ဘဲ”

ဆေးရုံဟူသောစကားကို ကြားလိုက်သဖြင့် လှချစ်အောင်

မျက်လုံးဝိုင်းသွားသည်။ထို့ကြောင့် ကျွန်တော်က . .

“အရက်ပြန်နဲ့ သုတ်လိုက်ရင် ၊ ပျောက်ပါ

တယ်အမေရယ်။ကွဲတာမဟုတ်ပါဘူး ။ ပေါက်တာ

နေမှာပါ။ သွေးကျောပေါ်မို့လို့ သွေးပိုထွက်တာပါ။

အရက်ပြန်နဲ့ဆေးပြီး၊ ရေခဲအုံလိုက်ရင် သွေးတိတ်

ပါတယ်။လှချစ်အောင်ဆီမှာ၊ အနာထည့်တဲ့ဆေး

ရှိတယ် . . တဲ့”

လှချစ်အောင်က၊ ပိုးသားကို လက်တို့ကာ . .

“ရေခဲနဲ့, ဆေးနဲ့၊ သွားယူကြမယ် . . လာ။

ပိုးသား။ မင်းပါလိုက်ခဲ့”

ထိုစဉ်က၊ ကျွန်တော်တို့ တက္ကသိုလ်ဝင်တန်းဖြေထားခါစ,

အသက်အရွယ်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့၊ ရန်ဖြစ်လာကြတာမဟုတ်လား"ဟု၊ ကျွန်တော့် အစ်ကို၊ ကိုမင်းထင်က၊ မျက်နှာတည်ဖြင့်၊ တီးတိုးမေး၏။

ကျွန်တော်က၊ ဘေးဘီကိုကြည့်ပြီးမှ၊ မဝံ့မရဲဖြင့်၊ ခေါင်းညိတ်လိုက်ရသည်။

"အမေ့ကို၊ ပြန်မပြောနဲ့နော်"

"မပြောပါဘူး။ လှုချစ်အောင်နဲ့ပတ်သက်ရင်၊မင်း,ခံနေကျပဲဟာ။ဒါပေမဲ့၊ဘယ်လိုဖြစ်တာလဲ ဆိုတာ၊ ငါသိချင်လို့"

ကျွန်တော်၊ ဇာတ်စုံခင်းရလေတော့သည်။

"မြို့ပေါ်က၊ဆေးရုံဝင်းထဲမှာ၊ဆရာဝန်ကြီးရဲ့သမီး၊ရန်ကုန်က,နေအလည်လာတယ်။အဲဒါ , လှုချစ်အောင်က၊ သူကြိုက်လို့ . . တဲ့။ ပိုးသားနဲ့ ကျွန်တော့်ကို၊ အဖော်ခေါ်ပြီး၊ သွားရှိတ်ကြတာ။ တခြားကောင်တွေနဲ့ တွေ့ပြီး ၊ ငြိကြတာ။ ထိုးကြကြိတ်ကြရင်းနဲ့၊ ဟိုဘက်က၊ ခဲနဲ့ပေါက်ပြီး ထွက်ပြေးသွားတာ။ကျွန်တော့်ထိသွားတယ်"

"ဆယ်တန်းဖြေပြီးခါစ,အရွယ်၊ အဲဒီစိတ်မျိုး၊





မမွေးသင့်သေးဘူးလို့၊ လှုချစ်အောင်ကို၊ မင်းနဲ့ ပိုးသားနဲ့။မပြောကြဘူးလား။မတားကြဘူးလား"

"ပိုးသားနဲ့ ကျွန်တော်နဲ့က၊ ငယ်ငယ်လေးကတည်းက၊ လှုချစ်အောင်ရဲ့နောက်လိုက်ဖြစ်ခဲ့တာ၊ အစ်ကို သိသားပဲ"

ကျွန်တော့်အဖြေစကားကြောင့်၊ကျွန်တော့်အစ်ကိုကိုမင်းထင်၊ စိတ်မကောင်းဖြစ်သွားပုံရသည်။

"ကြီးဒေါ်သိနဲ့၊ ဦးလေး,ဦးချစ်မောင်တို့က၊ ကျွန်တော်တို့အပေါ်၊ သိပ်ခွဲခွဲခြားခြားမရှိပါဘူး ဒါပေမဲ့၊ အမေနဲ့အဖေက၊ လှုချစ်အောင်နဲ့ ကျွန်တော်နဲ့၊ တစ်ခုခုအငြင်းအခုံဖြစ်တာလောက် ကိုတောင်၊အရှုံးပေးခိုင်းတာ၊ဘာဖြစ်လို့လဲ အစ်ကို"

"မင်း,တကယ်မသိလို့ မေးတာလား"ဟု၊ ကိုမင်းထင်က၊ ကျွန်တော့်ကို၊ ပြန်မေး၏။ကျွန်တော်က . . ,

"ငယ်ငယ်တုန်းက ၊ အဖြစ်အပျက်တစ်ခုတော့၊ ကျွန်တော်မှတ်မိတယ်"

"ဘာအဖြစ်အပျက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူချစ်အောင်မှာ၊ သံပတ်ကားလေးတစ်စီး ရှိတယ်။ကျွန်တော့်မှာ၊ မရှိဘူး။ ဒါပေမဲ့ ,အမေက၊ ကျွန်တော့်ကို ၊ သံပတ်မပါတဲ့ ကားလေးတစ်စီး ဝယ်ပေးပါတယ်။

အဲဒီ့,သံပတ်မပါတဲ့ကားကိုမှ၊ လူချစ်အောင် က၊ လိုချင်တယ်ဆိုလို့၊ ကျွန်တော်ပေးလိုက်ရတယ် လေ။ အမေပေးခိုင်းလို့သာပေးရတာ။ကျွန်တော် လုံးဝ,မကျေနပ်ခဲ့ဘူး။

လူချစ်အောင်နဲ့ရန်မဖြစ်ပါနဲ့သားရယ် . . တဲ့။ အမေ,ကျွန်တော့်ကို၊ ပြောတယ်။ဘာဖြစ်လို့လဲဆို တာ၊ အဲဒီတုန်းက၊ ကျွန်တော်,ပြန်လည်းမမေးခဲ့ ဘူး။သိလည်းမသိခဲ့ဘူး။

ဒါပေမဲ့။ အလိုလိုသိလိုက်ရတာက,တော့။ လူချစ်အောင်ကို၊ အမြဲတမ်းအလျှော့ပေးခဲ့ရတယ် ဆိုတာပဲ။မိသားစုချင်း၊ အမှီအခို တစ်ခုခုရှိခဲ့ကြ လိမ့်မယ်လို့တော့။တဖြည်းဖြည်း၊ ခန့်မှန်းမိတယ်။ ဘာလဲတော့၊ ကျွန်တော်မသိဘူး"





အစ်ကို၊ ကိုမင်းထင်က,

"မြေပေါ်မှာ၊ အိမ်ဆောက်နေခွင့်၊ ပေးထား တယ်ကွာ ။ အဖေတို့အမေတို့က ၊ ကိုယ့်လယ်, ကိုယ့်ယာနဲ့ဆိုပေမယ့် ။ အချေးအငှားမကင်းဘူး။ ကြီးဒေါ်သိတို့ဆီက,ပဲ။ချေးရငှားရတာလေ။ကျေးဇူး မကင်းဘူးဆိုပါတော့။

လူချစ်အောင်မိဘ,တွေက၊ ကျေးဇူးရှင်တွေ ဆိုပြီး၊ ကျေးဇူးမတောင်းပေမဲ့။အမေတို့ကိုယ်တိုင် ကိုက၊ ကျေးဇူးသိတတ်တဲ့သဘောပေါ့ ။တစ်လုတ် စားဖူး, သူ့ကျေးဇူး ဆိုတာ ၊ မင်း ,ကြားဖူးတယ် မဟုတ်လား"

ကျွန်တော်,ခေါင်းညိတ်ပြလိုက်သည်။

"လွန်ခဲ့တဲ့ ၊ နှစ်ပေါင်းများစွာက ၊ တစ်စုံ တစ်ဦးဆီက၊ တစ်လုတ်တစ်ဆုတ်စားဖူးခဲ့ဘူးယ်ဆို ရင်တောင်၊အဲဒီ,တစ်လုတ်တစ်ဆုတ်ရဲ့၊ အဟာရ က၊ မင်း,ခန္ဓာကိုယ် အသွေးအသားထဲမှာ၊ အခု အချိန်အထိ ၊ ကျေးဇူးပြုနေတုန်းပဲ . . တဲ့။ အဲဒီ့



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးကို၊ ဘာနဲ့မှ၊ ချေဖျက်လို မရဘူး။

ကျေးဇူးကို၊ သိတတ်တဲ့အနေနဲ့။ကျေးဇူးပြု ဖူးသူရဲ့၊ မိသားစုနဲ့၊ ဘာပြဿနာမှ၊ မတက်စေချင် တဲ့သဘောနဲ့ ၊ လူချစ်အောင်ကို ၊ အလျှော့ပေး ဆက်ဆံစေချင်တာနေမှာပေါ့ကွာ"

"အမေတို့က၊ လူချစ်အောင်တို့မိသားစုအပေါ်၊ အမြဲတမ်း မှီခိုနေရတဲ့၊ သဘောလား"ကျွန်တော်၊ မေးမိသည်။အစ်ကို ကိုမင်းထင်က . . "အဲဒီလိုတော့၊ မဟုတ်ဖူးပေါ့။လိုတဲ့အခါ၊ အကူ အညီတောင်းရတာနေမှာပေါ့". . ဟု၊ ရှင်းပြ၏။နောက်ထပ်၊ ဘာ, ဆက်မေးရမှန်းမသိတော့သဖြင့်၊ကျွန်တော်,နှုတ်ဆိတ်နေလိုက်၏။





၆။

"ခေါင်းက၊ အနာပျောက်သွားပြီလား"ဟု၊ ပိုးသားမေး၏။ "ပျောက်သွားပါပြီ"ဟု၊ ကျွန်တော်ပြောသောအခါ၊ ပိုးသားက . . ,

"ငါလည်း၊ လူချစ်အောင်ရဲ့သူငယ်ချင်းပါပဲ။ ဒါပေမဲ့။ လူချစ်အောင်ကို၊ မင်းအလျှော့ပေးလွန်း တယ်လို့၊ ငါထင်တယ် ။ တစ်ခါမက,ဘူးလေကွာ။ ဘာကြောင့်၊ မင်းအဲဒီလောက် အလျှော့ပေးရတာ လဲ"

ကျွန်တော်က . .

"အလျှော့ပေးတာမဟုတ်ပါဘူးကွာ။သူငယ် ချင်းတွေပဲဟာ။သာတာယ်နာတယ်၊ ဘယ်ဟုတ်ပါ့ မလဲ"

ပိုးသားက . .

"မင်း,ခံနိုင်ပေမဲ့ ၊ ငါ,မခံနိုင်ဘူးကွ။ အဲဒါ ကြောင့်၊ မင်းခေါင်းပေါက်တဲ့ကိစ္စ။ ငါ . . ,အမှန် အတိုင်းပြောလိုက်ပြီ။သူ့ အမေကို"

"မင်းက၊ ပါးစပ်လည်း၊ မလုံဘူးပိုးသားရာ"ဟု၊ ကျွန်တော်,



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်လိုက်မိသည်။ပိုးသားက . .

"ငါ့ကို ၊ ပါးစပ်မလုံဘူးလို့တော့ ၊မပြောနဲ့ မင်းမျိုးနိုင်။ငါတို့က၊ တက္ကသိုလ်ဝင်တန်းဖြေထားတဲ့ကောင်တွေ။အောင်ရင်၊တက္ကသိုလ်ကျောင်းသားဖြစ်မယ့်ကောင်တွေ။

ကြီးကြီးကြယ်ကြယ်ပြောရရင် ၊နောင်တစ်ချိန်မှာ၊ ခေတ်ပညာတတ်ဆိုတဲ့ဂုဏ်ပုဒ်တွေနဲ့၊ဘဝ,ကို၊ဖြတ်သန်းမယ့်သူတွေ။

မတရားတာမြင်လျက်နဲ့ ။ မတရာမှန်းသိလျက်နဲ့။ထည်ဝါတဲ့ဘက်ကိုငဲ့ပြီး၊ ရေငုံနှုတ်ပိတ် ၊ နေတတ်တဲ့ ၊ အကျင့်မျိုး ။ သာရာနားတတ်တဲ့၊ စရိုက်မျိုး။ငါ့မှာမရှိချင်ဘူး။ အဲဒါကြောင့်၊ ငါ . . သွားပြောလိုက်တာ။လူချစ်အောင်အမေကို"

"မင်းပြောလိုက်တော့၊ ကြီးဒေါ်သီက၊ ဘာပြောလဲ"ဟု၊ ကျွန်တော်, မေးလိုက်သည်။ပိုးသားက . .

"ပြောတာပေါ့။မင်းမျိုးနိုင်က၊ ဘာဖြစ်လို့၊ လိမ်ရတာလဲ မသိဘူးတဲ့။လူချစ်အောင် အဆူခံရ





မှာစိုးလို့၊ လိမ်ပြောတာလို့၊ ငါ,ပြောလိုက်တယ်"

ကျွန်တော်က . . "ဘာထူးလို့လဲကွာ။ငါ,လိမ်တယ်ဆိုတာပဲ၊ အဖတ်တင်သွားတာပေါ့"ဟု၊ ပြောလိုက်၏။ပိုးသားက . . ,

"ဘာမှမထူးရင်တောင်၊ လူကြီးကို၊ အမှန်အတိုင်း ၊ အသိပေးလိုက်ရတဲ့ အတွက် ၊ တာဝန်ကျေတယ်လို့၊ ငါ့ကိုယ်ငါ၊ ယူဆ,တယ်။

ရပ်ထဲရွာထဲမှာ ၊ လူကြီးသူမ,တွေ ၊ အမှန်အတိုင်းမသိရလို့၊ အမှားမှားအယွင်းယွင်း၊ စီရင်မိတာတွေ၊ အများကြီးပဲလေ။

လူချစ်အောင်ကို၊ အရေးယူစေချင်လို့။ငါ, ချွန်တွန်းလုပ်တာမဟုတ်ဘူး။အမှန်ကိုသိစေချင်လို့၊ အသိပေးရုံသက်သက်ပဲ ။ အရေးယူတာမယူတာ။ သူတို့,အပိုင်း"

"လူချစ်အောင် စိတ်ဆိုးနေဦးမယ်"ဟု၊ ကျွန်တော် ပြောလိုက်သည်။"မဆိုးလောက်ပါဘူး"ဟု၊ ပိုးသား ပြော၏။မည်သို့ဆိုစေ။ပိုးသားကို၊ ကျွန်တော်,ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ကိုမင်းထင်နှင့်၊ အစ်မ,ခင်ခင်ဦးက၊ ကျွန်တော်, တက္ကသိုလ်ဆက်မတက်ချင်တော့ကြောင်း၊ ပြောမိသဖြင့်၊ ကျွန်နော့်ကို၊ စိတ်ဆိုးကြ၏။အစ်မ,ခင်ခင်ဦးက၊ မျက်ရည်ကျရုံသာမက၊ နှပ်ထွက်သည်အထိ ငိုလေ၏။

အစ်မ,ခင်ခင်ဦးက၊မောင်နှမ,သုံးယောက်ထဲတွင်၊ အကြီးဆုံး။စကားနည်း၏။ ဝမ်းနည်းလျှင်၊ နှပ်တရှုံ့ရှုံ့နှင့် ငိုရုံမှတစ်ပါး၊ စီကာစဉ်ကာ၊, စကားမဆိုတတ်။အစ်ကို ကိုမင်းထင်က,တော့၊ စကားကို၊ ချက်နှင့်လက်နှင့် ပြောပြတတ်သည်။မသိကျွမ်းသူများဆိုလျှင်၊ အစ်မ,က . . အငယ်၊ အစ်ကိုက . . အကြီးဟုပင်၊ ထင်တတ်ကြလေ၏။

"မင်း,စကားကို ၊ အမေနဲ့အဖေ ကြားရင်လည်း၊ စိတ်ကောင်းကြမှာမဟုတ်ဘူး။ပညာတတ်ဖြစ်စေချင်လို့၊ ကျောင်းထားတာ၊ မင်းက,လက်လုပ်လက်စားဘဝ,ပဲ၊ နေချင်တယ်ဆိုတော့ ၊ ဒါ . . , တစ်မိသားစုလုံးကို၊ စိတ်ဆင်းရဲအောင်လုပ်တာပဲကွ"

ကျွန်တော်က . . ,





"ရတဲ့အမှတ်က ၊ ရိုးရိုးမေဂျာလောက်ပဲ ၊ တက်လို့ရမှာ။ အဲဒါကြောင့်၊ မတက်ချင်တော့တာ။ အချိန်ကုန်တယ်။ငွေကုန်တယ်။ပြီးတော့၊ အစ်ကိုတို့ကို၊ ကျွန်တော်, အားနာတယ်"

ကိုမင်းထင်က၊အစ်မ,ဘက်သို့၊ တစ်ခက်ငဲ့ကြည့်၏။ပြီးမှ,

"ငါတို့ အကြီးနှစ်ယောက်က၊ အလယ်တန်းနဲ့တွင်၊ကျောင်းကိစ္စရပ်ခဲ့ကြရတာပါကွာ။ဒါပေမဲ့, တက္ကသိုလ်က၊ ဘာ မေဂျာဖြစ်ဖြစ်။သုံးလို့မရတဲ့ဘာသာတော့၊ မရှိတန်ကောင်းပါဘူး။

တန်ဘိုး မရှိတဲ့ ၊ ဘာသာရပ်တွေကို . . ၊ တက္ကသိုလ်ကျောင်းထဲတော့ ၊ သင်နေ့,အံ့နေမှာမဟုတ်ပါဘူးကွာ။ဆေးတက်ခွင့်ရမှ၊ အဆင့်မြင့်တယ်။စက်မှုတက်ခွင့်ရမှ၊ အသုံးတဲ့တယ် ဆိုတာမျိုးက, တော့၊ ဉာဏ်တုံးလွန်းတဲ့ ဂုဏ်တုဂုဏ်ပြိုင်သမားတွေရဲ့၊ အယူအဆ,တွေလို့၊ ငါ ထင်တယ်။

အသုံးမဝင်တဲ့ ပညာဆိုတာ၊ မရှိလောက်ဘူးလို့၊ ငါထင်ပါတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



အလယ်တန်းစာလောက်ပဲ တတ်ပြီး၊ ဟိုစာဖတ်, ဒီစာဖတ်နဲ့ ပြောတဲ့ ၊ ငါ့အသိဉာဏ်ထဲက, စကားပါကွာ။မင်း,ငါ့ထက်စာပိုတတ်ပါတယ်။မင်း,ပိုစဉ်းစားတတ်မှာပါ။

ပြီးတော့ . . , ငါတို့ကို၊ ဘာမှ အားနာစရာမလိုဘူး။ငါတို့တုန်းကမိသားစုလည်း၊အဆင်မပြေ။လမ်းပန်းဆက်သွယ်ရေးက,လည်း၊ သိပ်မကောင်းတော့၊ ရန်ကုန်ဆိုတာ ၊ တော်တော် အလှမ်းဝေးသလိုဖြစ်ခဲ့တာ။

အခု . . , ရန်ကုန်ကို၊ အိမ်ဦးနဲ့ကြမ်းပြင်၊သွားလို့ရပြီ။ မိသားစုဝင်ငွေက,လည်း၊မကြွယ်ဝ,ပေမဲ့။မင်း,ကျောင်းစရိတ်လောက်တော့ ၊ ဖူလုံပါတယ် ။ တို့မိသားစုထဲမှာ ၊ ခေတ်ပညာတတ် , တစ်ယောက်၊ရှိလာဖို့အတွက်၊ မင်းကို၊ တက္ကသိုလ်တက်ခိုင်းနေတာ မဟုတ်ဖူး။ငါတို့တုန်းက ၊ မရခဲ့တဲ့အခွင့်အရေး၊ မင်းကို၊ ပေးနေတာ။

တိုင်းပြည်တစ်ပြည်မှာ၊ဆရာဝန်တွေချည်းပဲ၊





ရှိနေလို့မရဘူး။အင်ဂျင်နီယာတွေချည်းပဲ ရှိနေလို့မရဘူး။ဓာတုဗေဒ ပညာရှင်တွေချည်းပဲ၊ရှိနေလို့မရဘူး။ရူပဗေဒ ပညာရှင်တွေချည်းပဲ ၊ ရှိနေလို့မရဘူး။စစ်ဗိုလ်တွေချည်းပဲ၊ ရှိနေလို့ မရဘူး။

စ,သဖြင့်ပေါ့ကွာ။က,ကြီးခ,ကွေး။တစ်,နှစ်,သုံး,လေး။ သင်ပေးရမယ့်သူတွေ။ရွှံ့ထဲဗွက်ထဲမှာ၊ စပါးစိုက်,ပြောင်းစိုက်။ နှမ်းစိုက်,ဝါစိုက်။ စိုက်ပျိုးပေးရမယ့်သူတွေလည်း၊ ရှိဖို့ , လိုတယ်ကွ။

ထမ်းတက်တဲ့သူရှိမှ ၊ ထမ်းလျက်ရမယ်။ ကြံ့စိုက်တဲ့သူရှိမှ၊ သကြားရမယ် ။ နေရာတကာ၊ အထည်ဝါဆုံးတွေချည်းပဲ၊ အသုံးတဲ့တာမဟုတ်ပါဘူးကွ။လူဆိုတာ၊ အထည်ဝါဆုံးကို၊ မက်မောနေတာထက်၊ ရောက်တဲ့နေရာမှာ၊ အ,ကုသိုလ် ကင်းကင်းနဲ့၊ အသုံးတဲ့အောင် နေတတ်ဖို့ပဲလိုတယ်။

ထည်ဝါတဲ့နေရာ၊ သာယာတဲ့အခြေအနေမှာ၊ ဇိမ်ကျကျ နေရတဲ့အခြေအနေမျိုးကို ၊ လူမပြောနဲ့။တိရစ္ဆာန်တောင်သဘောကျပါတယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



ငါက၊ ငါ့ညီကို၊ ထည်ဝါတဲ့ အခြေအနေမျိုးကို၊ ရအောင်လုပ်ဖို့၊ တိုက်တွန်းနေတာမဟုတ်ဖူး။ ရောက်တဲ့နေရာမှာ၊ ရတဲ့အခြေအနေကို အကောင်းဆုံး၊ အသုံးချဖို့၊ အခွင့်အရေးပေးနေတာ။မင်း . . ., ဟို အကြောင်းပြ၊ ဒီ အကြောင်းပြနဲ့။မငြင်းစမ်းပါနဲ့။ ဘာပညာဖြစ်ဖြစ် ၊ အရွယ်လွန်ရင်၊ သင်လို့ သိပ်မကောင်းတော့ဘူး"

အစ်မ, ခင်ခင်ဦးက၊ သူ့မျက်ခုံးတန်းတန်းကို၊ တွန့်လျက်၊ ကျွန်တော့်ကို၊ ကြည်းရင်း . .

"နှင်,ဘွဲ့ယူတဲ့နေ့ကျရင်၊ ငါက,ရန်ကုန်လိုက်ပြီး ၊ တက္ကသိုလ်ကျောင်းကြီးထဲမှာ။မောင်နှမ,သုံးယောက်၊ ဓာတ်ပုံတွဲရိုက်မှာလို့။ ရွာထဲမှာ၊ ငါက, ကြွားထားတာဟဲ့"

ပြောပြီး၊ ကျလာသည့်မျက်ရည်တွေကိုလက်ဖမိုးနှင့်၊ သုတ်လေသည်။ကျွန်တော်ရင်ထဲတွင်၊ နင့်သွားစေ၏။

များပြားသော၊အစ်ကို့စကားတွေက၊ကျွန်တော့်ဦးနှောက်ကို၊လှုပ်နိုးစေပြီး၊နည်းပါးသော၊အစ်မ,ဖြစ်သူ၏ စကားတစ်ခွန်းက၊





ကျွန်တော့် ရင်ထဲကို၊ လှုပ်ခတ်စေလေသည်။

လှချစ်အောင်က၊ ရန်ကုန်တက္ကသိုလ်တွင်၊ တက်ရောက်သည်။ပိုးသားက၊ကျွန်တော်တို့နယ်နှင့်နီးရာ၊ (. . . )တက္ကသိုလ်တွင်၊ တက်ရောက်သည်။ကျွန်တော်ကတော့၊ ထုံးစံအတိုင်း၊လှချစ်အောင်၏၊ အဖော်အလျော်အဖြစ်လိုက်ရပြီး၊သူနှင့်အတူ၊ ရန်ကုန်တက္ကသိုလ်မှာ၊ တက်ရသည်။

ပိုးသားနှင့်တခြားတက္ကသိုလ်မှာ၊ လိုက်တက်ပါက၊လှချစ်အောင်၊ တစ်ယောက်တည်းဖြစ်မည်။လှချစ်အောင်နှင့်၊ ရန်ကုန်လိုက်သွားရပါက,လည်း ၊ ပိုးသား တစ်ယောက်တည်းဖြစ်မည်ကို၊ မလိုလားသဖြင့်၊ အဝေးသင်တက္ကသိုလ်ပဲတက်မည်ဟု၊ ကျွန်တော် ပြင်ဆင်ပါသေးသည်။

ဒါပေမဲ့၊ အဖေအမေ,အစ်ကိုအစ်မ,တို့၏၊ တိုက်တွန်းချက်၊ လှချစ်အောင်မိဘ,များ၏ ၊ စီမံမှုတို့ဖြင့်၊ လှချစ်အောင်နှင့်အတူ၊ တောသူဌေးသား၏သူငယ်ချင်းအဖြစ်လည်းကောင်း၊ တောသူဌေးသား၏ နောက်လိုက်အဖြစ် လည်းကောင်း ၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တွင်၊ကျွန်တော်,တက်ရောက်ပညာသင်ကြားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးသားကိုပါ၊ ရန်ကုန်ခေါ်ဖို့၊ ကျွန်တော်နှင့်လူချစ်အောင် ကြိုးပန်းကြပါသေးသည် ။ စရိတ်စက မလောက်င,မှာ၊စိုးသဖြင့်၊ လက်လျှော့လိုက်ကြရ၏။ပိုးသားက,

"မင်းတို့နှစ်ယောက်စလုံး ၊ စိတ်မကောင်း ဖြစ်မနေနဲ့။ငါက၊ ရန်ကုန်မှာ၊ ဆွေမျိုးမရှိပေမဲ့ ၊ နယ်မှာပုံလို့။

နယ်က၊ ဆွေမျိုးတွေအိမ်မှာ၊ ကြော့ကြော့ လေးနေရင်း၊ ကျောင်းတက်ရမှာ။ငါ့အတွက်ဘာမှ၊ မပူနဲ့။မင်းတို့သာ၊ရန်ကုန်က ၊ တိုက်ခန်းဈေးကြီး ကြီးမှာ၊ ငှားနေရင်း၊ ကျောင်းတက်ရမှာဆိုတော့၊ အကုန်အကျများမယ်။ချွေတာကြ။

ကျောင်းပိတ်တာနဲ့၊ ရွာပြန်လာကြမယ့်ဟာ။ ဘာမှ ၊ စိတ်မကောင်းဖြစ်မနေနဲ့ ။ အပျော်ခရီး ထွက်ကြတာမှ၊ မဟုတ်ဘဲ"

အပျော်ခရီးထွက်ရသကဲ့သို့ ၊ လူချစ်အောင်ပျော်မြူးနေ သည်ကို၊ ကျွန်တော်မှ လွဲ၍၊ မည်သူမျှ မသိ။





၇။

အောင်သိန်းဦး အပါအဝင်၊ ခင်မင်ခါစ သူငယ်ချင်းများ က၊ လူချစ်အောင်နှင့်ကျွန်တော့်ကို၊ ညီအစ်ကိုအရင်း(သို့မဟုတ်) ဝမ်းကွဲ ညီအစ်ကိုအဖြစ်၊ ထင်မှတ်ကြသေးသည်။

တော်တော်လေးရင်းနှီးသောအခါကျမှ၊ ငယ်သူငယ်ချင်း တွေဟု၊ သိကြလေ၏။"မင်းမျိုးနိုင်လို၊ မဲမဲကြုတ်ကြုတ်နဲ့။ငါ့လို . . , ဖြူဖြူဖွေးဖွေးကို၊ မင်းတို့မို့ ညီအစ်ကိုလို့ထင်ရက်ကြတယ်ကွာ"ဟု၊ လူချစ်အောင်က၊ နောက်ပြောင်ကျီစယ်စကားဆိုလေ၏။ ကျီစယ် သည် ဟု၊ ကျွန်တော် မခံစားရ။

"မင်းမျိုးနိုင်က၊ အသားမမည်းပါဘူးကွာ။အသားညိုတာ ပါကွ"ဟု၊ ထိုစဉ်က၊ကျွန်တော့်ဘက်မှ၊အောင်သိန်းဦး ဝင်ပြောပေး သေးသည်။"အသားဖြူ ၊ အလကားလူ။အသားမည်း၊ ပတ္တမြားခဲကွ" ဟု၊ ကူပြောပေးခဲ့သော၊ အောင်သိန်းဦး၏၊ ကာရန်စကားလေးကို၊ ကျွန်တော်မှတ်မိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီထစ်ပါတ်။အိမ်မပြန်ချင်ဘူးကွာ"

"ပြန်ခဲ့ဖို့။မင်းအဖေ၊ ပြောထားတယ်လေ"

တစ်လ, တစ်ခါ။နှစ်လ,တစ်ခါလောက်၊လူချစ်အောင်ရော ကျွန်တော်ပါ၊ အိမ်ပြန်နေကျ။

မနေ့က၊ လူချစ်အောင်၏အဖေ ဦးလေးဦးချစ်မောင်က၊ သည်တစ်ပါတ်၊ မဖြစ်မနေပြန်ခဲ့ကြဖို့၊ ဖုန်းဆက်ထားသည်။ဒါကို၊ လူချစ်အောင်၊ လိုက်နာလိုဟန်၊ မရှိ။

"ငါ့,ကိစ္စရှိတယ်ကွ"

"ဘာကိစ္စလဲ"ဟု၊ ကျွန်တော်မေးလိုက်သည်။လူချစ်အောင်က၊ နှုတ်ဖြင့် မဖြေဘဲ၊ ဒီနေ့ထုတ် နေ့စဉ်သတင်းစာကို၊ ဖွင့်ပြ၏။

"ဘာသတင်းပါလို့လဲ"

နာရေးသတင်းပါသည့် စာမျက်နှာကို၊ လက်ညှိုးထိုးပြပြီး၊ နာရေးကြော်ငြာတစ်ခုကို၊ ဖတ်စေသည်။ကွယ်လွန်သူ၏အမည်မှာ၊ ဦးရဲနွယ်၊ အသက်(၅၄)နှစ်ဟု၊ သိရပြီး၊အမည်၏နံဘေးတွင်၊ သူ့ဇာတိမြို့ကို၊ ဖော်ပြထား၏။

"အဲဒီဦးရဲနွယ်ရဲ့,ရက်လည်က၊သန်ဘက်ခါကွ"ဟု၊လူချစ်အောင်၊ ပြော၏။"အဲဒါဘာဖြစ်လဲ"ဟု၊ ကျွန်တော်မေးလိုက်သည်။





"ဟို စတိုးဆိုင်က၊ ကောင်မ,လေးကို၊မင်း, သိလား"

ကျွန်တော်တို့ နေထိုင်ရာတိုက်ခန်း၏၊ လမ်းတစ်ဘက်ရှိ၊ စတိုးဆိုင်လေးကို၊ ညွှန်ပြရင်း၊ လူချစ်အောင် မေးသည်။"လူတော့ မြင်ဖူးတာပေါ့။ဒါပေမဲ့၊ ဘယ်သူဘယ်ဝါမှန်း မသိဘူး"ဟု၊ကျွန်တော် ပြောလိုက်သည်။လူချစ်အောင်က . . . ,

"ဒီ . . ဦးရဲနွယ်က၊ အဲဒီကောင်မ,လေးရဲ့ အဖေ။ကောင်မ,လေးနာမည်က ၊ နှန်ပွင့်ဖြူ တဲ့။ ငါက, မိဒွန် . . လို့၊ ခေါ်တယ်"

သူနှင့်တစ်ခုခုပတ်သက်နေပြီဆိုတာတော့၊သူ့စကား မဆုံးခင်မှာပင်၊ ကျွန်တော်,ခန့်မှန်းမိပေသည်။ဒါပေမဲ့ ၊ကျွန်တော်တ၊ နားမရှင်းဟန် တမင်ပြုကာ . .

"အဲဒီတော့ဘာဖြစ်လဲ"

"ငါနဲ့၊ မိဒွန်နဲ့က၊ ကြိုက်နေကြတာကွ"

"ဩော် . ."

နှုတ်လုံနိုင်စွမ်းသည်ဟု၊ ပြောရမလား။လျှို့ဝှက်နိုင်လွန်းသည် . . ဟု၊ အပြစ်တင်ရမလား၊ မကွဲပြားသဖြင့်၊ ဘာစကားမှ



www.burmeseclassic.com

www.burmeseclassic.com



မဆိုဘဲ၊ ကျွန်တော်နေလိုက်၏။

"အဲဒီ ဦးရဲနွယ်ရဲ့ရက်လည်ကို၊ငါ့သွားချင်လို့"

နည်းနည်းတော့၊ ကျွန်တော်၊ အံ့ဩသွားရသည်။

"ဒေးဒရဲ အထိ၊ မင်း့သွားမယ်။ဟုတ်လား"

"အေး။ဟုတ်တယ်"

"အဲဒီ မိသားစုနဲ့၊ မင်း့သိလို့လား"

"မိဒွန်က့လွဲပြီး၊ ဘယ်သူနဲ့မှ၊ ငါ့မသိဘူး"

"အဲဒါဆို၊ မင်း့ဘယ်လိုလုပ်သွားမှာလဲ။မိဒွန်ရဲ့၊ ရည်းစားအဖြစ်နဲ့၊ သွားရဲလို့လား"

လူချစ်အောင်၊ ခေါင်းခါ၏။ ပြီးမှ -

"သူ့ အဖေ၊ ဦးရဲနွယ်နဲ့။ ခင်တဲ့သူတွေအဖြစ်လာခဲ့ဖို့။မိဒွန်ကို၊ ငါ့ ဖုန်းနဲ့မှာပြီးပြီ"

"အဲဒီကောင်မ့လေးဆီကို၊ မင်း့ဖုန်းဆက်တာလား"

"ငါ့မဆက်ဖူး ။ သူဆက်တာ ။ သူက့လာစေချင်တယ်ပေါ့ကွာ။ ငါက့လည်း၊ အားပေးတဲ့အနေနဲ့။မျက်နှာသွားပြချင်တာပေါ့။





သူ့ရည်းစားအဖြစ်နဲ့တော့။သူလည်း၊မခေါ်ရဲဘူး။ငါလည်း၊ မသွားရဲဘူး"

ကျွန်တော်က . .

"အဲဒီတော့၊ ငါက့ဒေးဒရဲကို၊ အဖော်လိုက်ပေးရမှာလား"

"အဖော်လိုက်ပေးရုံတွင်မဟုတ်ဖူး။သေသွားတဲ့၊ ဦးရဲနွယ်နဲ့မင်းနဲ့ ၊ ရန်ကုန်မှာ ၊ သိဖူးတယ်။ သတင်းစာမှာ၊နာရေးကြော်ငြာတွေ့လို့။ ဒေးဒရဲအထိ၊ မင်း့လာတယ်။ငါက့မင်းနဲ့။ အဖော်လိုက်လာတယ်။အဲဒါမျိုး၊ မင်းကူညီစေချင်တာ"

ပိုးသားသာအနားမှာရှိပါက၊ လူချစ်အောင်ကို၊တော်တော်စွန့်စားတယ် . . ဟု၊ ပြောဆိုပေဦးမည်။ကျွန်တော်ကိုယ်တိုင်လည်း၊ဘဝင်မကျ။ထို့ကြောင့်၊ ကျွန်တော်က . .

"မင်းနဲ့သိတယ်ဆိုပြီး သွားရင်ရော ။ မရဘူးလားလူချစ်အောင်"

"ငါ့ကြောက်လို့"

"ငါက့ရော ။ မကြောက်ရတော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



မသိတာကို၊ အသိလုပ်ပြီးသွားရမှာလေ။သူများ ရပ်ရွာမှာ ။ ပြီးတော့ . . အဲဒီ ဇွန်ပွင့်ဖြူမှာ . . , ဦးကြီး,ဦးလေး။အစ်ကို,မောင်, ဆိုတာတွေ၊ ရှိနိုင်တယ်လေကွာ"

"ငါလည်း၊ အဲဒါကို၊ ကြောက်တာကွ"

"မင်း ,ကိုယ်တိုင်တောင်၊ ကြောက်တဲ့ကိစ္စ။ ငါ့ကို၊ ဦးဆောင်ခိုင်းတယ်ဆိုတော့။မင်း . . ,ငါ့ကို၊ ခေါင်းရှောင်းတာပဲ။

နယ်မြို့ဆိုတာက၊ မြို့ပြလိုမဟုတ်ဘူး။မျက်နှာစိမ်းရင်၊ စိမ်းမှန်းသိတယ်။တစ်ချက်မှားသွားတာနဲ့ ၊ ခေါင်းနဲ့ကိုယ် ၊ အိုးစားကွဲသွားလိမ့်မယ်။

မင်းကိုယ်တိုင်၊ လိမ်ပြီး။ငါက,အဖော်လိုက်ပေးရတယ်ဆိုရင်၊ တော်သေးတယ်။ မင်းကိစ္စကို၊ ငါက၊ ဦးဆောင်ပြီးလိမ်ပေးရမယ်ဆိုတာ ။ သိပ်,သဘာဝ,မကျဘူး"

"ငါက၊ မင်းကို၊ အကူညီတောင်းတာပါကွာ" လေပြေထိုးသံ။





"အဲဒီသွားတဲ့ကိစ္စတွင်မက,ဘူး။အိမ်ကို၊ ဒီအပါတ်၊ ဘာကြောင့်,ပြန်မလာကြတာလဲ . . ဆိုတဲ့ကိစ္စကိုလည်း၊ ငါက, ကူပြီးလိမ်ပေးရဦးမှာပဲလေ"

"အဲဒီကိစ္စ။ငါ့ဘာသာလိမ်ပါ့မယ်"ဟု၊ လှချစ်အောင်ပြောၪ။

"မင်း,ဘယ်လိုလိမ်လိမ်။ငါက,ကျွန်ဝယ်ရာ၊ အဆစ်ပါနေကျပါ"

"အဲဒါ,ဘာအဓိပ္ပါယ်လဲ"

"ဩော် . . ။မင်း,ဘာလုပ်လုပ်။ လုပ်သမျှထဲမှာ။ ငါ,အမြဲတမ်းပါနေရတယ်လို့ပြောတာ"

"ဒါက,တော့ကွာ။ ငါတို့က၊ သူငယ်ချင်းတွေပဲဟာ"

ကျွန်တော့်၊ ငြင်းဆန်လိုမှုကို၊ တစ်ဝက်မက၊ လျော့ပါးသွားလေသော . . စကား။

"နောက်တစ်ခု၊ ငါ,ပြောဦးမယ်။အခု,ဇွန်ပွင့်ဖြူနဲ့၊ မင်း,ကြိုက်နေတာ။မင်း,ရည်းစား၊ ရွှေရည်သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်သိမှာလဲ"

"မင်းမှာ ၊ ရည်းစား ရှိတယ်ဆိုတာကိုရော။ ဗွန်ပွင့်ဖြူ သိလား"

လူချစ်အောင်၊ ခေါင်းခါပြ၏။

"ဒေးဒရဲကာ၊ ဗွန်ပွင့်ဖြူရဲ့၊ အသိုင်းအဝိုင်းက၊ အ,သုဘ အိမ်ကိုညာပြီးလာတဲ့ကိစ္စ။မင်းမှာလည်း၊ တခြားရည်းစားရှိတဲ့ကိစ္စကို။သိသွား, ကြားသွားကြပါပြီ . . တဲ့။အဲဒီအိမ်ကို၊ရောက်ဖို့။ ဦးဆောင်ပြီး။ ကူလိမ်ပေးခဲ့တဲ့ . . ငါ။ဘာဖြစ်သွားမလဲ။မင်းရော။ ဘယ်လို ရင်ဆိုင်ဖြေရှင်းမလဲ"

"မိဗွန်က၊ ပြဿနာဖြစ်ရင်၊ သူ့ရည်းစားပါလို့ ။ သူဖွင့်ပြောမယ်တဲ့ ။ ရွှေရည့်ကိစ္စက,တော့၊ လောလောဆယ် မသိလောက်ပါဘူးကွာ။ သိသွားလည်း၊ နောက်ဖြစ် နောက်ရှင်းပေါ့။အရေးမကြီးပါဘူး။ မိဗွန်က ၊ မတွေ့တာကြာလို့ ၊ လာစေချင်တာပါ . . တဲ့။ ဘာမှ မဖြစ်စေရဘူး . . တဲ့"

"အဲဒီလောက်။ကတိပေး၊တာဝန်ယူထားပါ





လျက်နဲ့။ ငါ, ဦးဆောင်ဖို့။မင်း, ခိုင်းရက်တယ်နော်"

"ငါ,ကြောက်လို့ပါကွာ"ဟု၊ လူချစ်အောင် ဝန်ခံပြန်၏။ သူ့ကြောင့်၊ သူတစ်ပါးရပ်ရွာမှာ၊ ကျွန်တော်,သွားရောက်လိမ်ညာရပေလိမ့်ဦးမည်။

+

အောင်သိန်းဦးနှင့်၊ ဘိုဘိုနိုင်ကိုပါ၊ ကျွန်တော်, အကူအညီတောင်းရသည်။

ဗွန်ပွင့်ဖြူ၏အိမ်ကိုရောက်သည့်အခါ၊ "ကျွန်တော် . . , ဦးရဲနွယ်ရဲ့၊ မိတ်ဆွေပါ"ဟူသောမိတ်ဖွဲ့စကားတစ်ခွန်းမျှဖြင့်၊အဆင်ပြေပါသည်။အောင်သိန်းဦးနှင့်ဘိုဘိုနိုင်တို့၏ စကားအထောက်ပန့်တို့ကြောင့်၊ ပို၍အဆင်ပြေခဲ့သည်။အိုးနင်းခွက်နင်း သိပ်မဖြစ်ခဲ့။

"ကိုရဲနွယ်နဲ့၊ ခင်တာကြာပြီလား"

ဗွန်ပွင့်ဖြူ၏အမေက၊တရင်းတနှီး မေးသည်။

"သိပ်မကြာသေးပါဘူး ။ ပြီးခဲ့တဲ့ တစ်လ,လောက်က,မှ၊ ခင်တာပါ။အဲဒါ,သတင်းစာထဲမှာ၊ နာရေးကြော်ငြာတွေ့လိုက်တော့၊ တော်တော်အံ့ဩသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်တာကြာပြီ ဟု၊ဖြေလိုက်လျှင်၊ရှေးဟောင်းနှောင်းဖြစ် တွေ၊မေးနေမှာစိုးသဖြင့်၊ကျွန်တော်ပြီးစလွယ်ဖြေလိုက်မိခြင်းဖြစ်၏။

"ပြီးခဲ့တဲ့ ၊ တစ်လ,လောက်က ၊ ကိုရဲနွယ်၊
အိပ်ရာထဲ၊ လဲနေပြီလေ"

ကျွန်တော် . . , ရုတ်တရက်၊ ဘာပြန်ပြောရမည်မှန်းမသိ တော့။ဘိုဘိုနိုင်က . .

"ပြီးခဲ့တဲ့လ,က၊ ဇွန်လ,မဟုတ်လား"

ဇွန်ပွင့်ဖြူ၏ အမေက၊ "ဟုတ်တယ်"ဟု၊ ဖြေသည်။နံဘေး တွင်၊ တခြားဆွေမျိုးသားချင်းတွေလည်း၊ရှိနေကြ၏။ကျွန်တော်, ရေနွေးပူပူကိုသာ၊ မှုတ်သောက်နေမိတော့သည်။

ဘိုဘိုအောင်က . . ,

"မနှစ်က။ ဇွန်လ,လောက်မှာ၊စ,ခင်ကြတာ
လေ။ ကျွန်တော်တို့နဲ့တော့ ။မေးထူးခေါ်ပြောပဲ။
သူနဲ့တော့။ တော်တော်ခင်တယ်"

ကျွန်တော့်ကို၊ လက်ညှိုးညွှန်၍၊ ပြောသည်။ကျွန်တော်က၊ အပျော်လွန်က၊ စကားဝင်ဖြည့်လိုက်မိသည်။

"ဟုတ်တယ်။ လက်ဘက်ရည်ဆိုင်မှာ။ဘော





လုံးပွဲကြည့်ရင်းနဲ့၊ ခင်ကြတာလေ"

ဇွန်ပွင့်ဖြူ၏အမေက၊ အံ့သြခြင်းကြီးစွာဖြင့် . .

"ကိုရဲနွယ်က၊လက်ဘက်ရည်ဆိုင်ထိုင်တယ်။
ဟုတ်လား။ဘောလုံးပွဲကြည့်တယ်။ဟုတ်လား"

ကျွန်တော်၊ မရဲတရဲသာ၊ ခေါင်းညိတ်လိုက်ရသည်။လူချစ် အောင်ပါ၊ မျက်လုံးဝိုင်းသွားသည်ကို၊ ကျွန်တော်မြင်လိုက်၏။

"ဒီမှာဆိုရင် သူတူတွေ လက်ဘက်ရည်ဆိုင်
ထိုင်ရင်၊ ဘောလုံးပွဲကြည့်ရင် နားရင်းအုပ်နေကျ။
ဘယ့်နှယ့်ကြောင့် ရန်ကုန်မှာ သူက အဲဒါတွေသွား
လုပ်နေရတာတုံး။ ရန်ကုန်မှာနေတုန်း သူ့စည်း
ကမ်းကို သူဖျက်လိုက်တာများလား"

မိခင်ဖြစ်သူ စကားမဆုံးခင်၊ ဇွန်ပွင့်ဖြူက,

"အမေက,လည်း၊ အဖေက စိတ်ပါလက်ပါ
လက်ဘက်ရည် သောက်တယ် ။ စိတ်ပါ လက်ပါ
ဘောပွဲကြည့်တယ်တော့ ဘယ်ဟုတ်ပါ့မလဲ။
ရန်ကုန်ဆိုတာက၊ ကိုယ့်ရပ်ကိုယ့်ရွာမဟုတ်ဘူးလေ
အမေရယ်. . ။ လူမှုရေးအရ လက်ဘက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရတယ်။ လက်ဘက်ရည်ဆိုင်မှာ ၊ ဘောလုံးပွဲပြတယ်။အဲဒီမှာ သိကြခင်ကြတာပေါ့"

ထိုအခါ ဇွန်ပွင့်ဖြူ၏အမေက . . .,

"လက်ဘက်ရည်ဆိုင်ထိုင်တယ်ဆိုတာ လူမှုရေးလား"

"ဟုတ်တယ် . . ။ သမီးတို့ စတိုးဆိုင်ဖွင့်ထားတဲ့ရပ်ကွက်က၊ လူကြီးတွေ။ လက်ဘက်ရည်သိပ်ကြိုက်ကြတာ။ ဆိုင်ကိစ္စနဲ့ပြောစရာဆိုစရာရှိရင် အဖေက အဲဒီလူကြီးတွေနဲ့လက်ဘက်ရည်ဆိုင်၊ထိုင်တာပေါ့။တချို့ကဘီယာဆိုင်၊ ထိုင်တယ်"

ဇွန်ပွင့်ဖြူ၏အဖြေစကားကြောင့် အရာအားလုံး အဆင်ပြေသွားရသည်။

အပြန်ခရီးတွင်၊ ကျွန်တော့်၏စကားအမှားကို၊ အကြောင်းပြုကာ၊ ရယ်ပွဲဖွဲ့ကြ၏။ကျွန်တော်က၊ လူချစ်အောင်ဘက်လှည့်ကာ၊ မကျေမနပ်ဖြင့် . .





"အခု။လာလိုက်ရတာ၊မင်း . . ဘာအကျိုးထူးသွားလို့လဲကွ။ငါ့မှာ၊ ဘယ်အချိန်ထ,ပြေးရမလဲ၊ တွေးနေရတာ။တော်တော်ဒုက္ခကြီးတယ်"

လူချစ်အောင်က၊ ရယ်လျက်,

"မိဇွန်။ငါ့ကို၊ ပိုသဘောကျသွားတာပေါ့ကွ။ စွန့်စွန့်စားစားလာရဲတယ်လို့၊ ထင်သွားတာပေါ့။ ငါ့, အတွက်၊ အကျိုးရှိပါတယ်။မင်းတို့, အားလုံးကိုလည်း၊ ငါ,ကျေးဇူးတင်ပါတယ်ကွာ"

"ကိစ္စပြီးရင်၊ ရန်ကုန်ပြန်လာမှာပဲဟာ။မင်း, အပို သိပ်လုပ်တယ်"

လူချစ်အောင်က၊ ကျွန်တော့်ကိုသူငယ်နှပ်စား ကလေးငယ်တစ်ယောက်ကို၊ ကြည့်သလိုမျိုး ကြည့်ကာ၊ ပြုံးလျက်,

"မိန်းကလေးဆိုတာ။သူတို့ဖြစ်ချင်တာလေးကသေးသေးလေးဖြစ်ပါစေ ။ အဟန့်အတားတွေကြားထဲက၊ ဖြစ်အောင်လုပ်ပြလိုက်ရင်၊ တကယ်စွန့်စားတယ်လို့၊ ထင်တတ်ကြတာကွ။အဲဒါ,အညာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကိုလည်း၊ နည်းနည်းပါးပါး သင်ပေးပါကွာ" . . ဟု၊ ဘိုဘိုနိုင်က၊ အားပါးတရ ဝင်ပြောသည်။

လူချစ်အောင်က . .

"ဒါမျိုးက၊ သင်ပေးတိုင်းမရဘူးကွ။မွေးရာပါ ပညာလိုပဲ။ အလိုလိုနေရင်းကို၊ တတ်မြောက်နေတာ။ဝါသနာပါဖို့နဲ့၊ ရဲတင်းဖို့ပဲလိုတယ်"

ကျွန်တော်က . .

"မင်းက ၊ ဘယ်နေရာမှာ ရဲတင်းတာလဲ။ ဒုက္ခရောက်တော့မယ်ဆိုရင်၊ ရှေ့ဆုံးမှာ၊ မရှိတော့ဘူး"

"ချစ်သူရှေ့မှာ၊ ရဲတင်းတာပေါ့ကွ"ဟု ၊ လူချစ်အောင်က၊ ပေါ့တန်စွာဖြေ၏။ အောင်သိန်းဦးက၊ ဘာမျှဝင်မပြောဘဲ၊လူချစ်အောင်ကို၊ ငေးကြည့်နေသည်။"မင်းလို၊ ရဲတင်းတဲ့သူ။ဝါသနာပါတဲ့သူ။အညာသိတဲ့သူကိုမှ။ ယောကျ်ားကောင်းလို့၊ ထင်မြင်သွားတဲ့မိန်းကလေးတွေရဲ့၊ ဘဝတော့။တော်တော်ရင်လေးစရာပဲ"ဟု၊ ကျွန်တော်, လေသံမောဖြင့်၊ ပြောလိုက်မိသည်။

"လူလိမ်ဆိုတာ။ချီးမပါဘူးလေကွာ။အဲဒီချီး





ကို၊ မြင်အောင်မကြည့်တတ်တဲ့သူ၊ ခံပေါ့ ။ အခုခေတ်က၊ တစ်ယောက်နဲ့တစ်ယောက်။ညာနေကြတဲ့ခေတ်။

မမိအောင်ညာတတ်တဲ့သူ၊ အဆင်ပြေမှာပဲ။ အလိမ်အညာ မကျွမ်းတဲ့သူက,တော့။အိမ်ထဲက၊ အိမ်ပြင်၊ မထွက်တာ။ အကောင်းဆုံးပဲ"

လိုရာဆွဲပြောသည့်စကားဟု၊ ကျွန်တော်သိသည်။သို့သော်, ကျွန်တော်, စကားနိုင် မလုချင်တော့ပါ။

ထုံးစံအတိုင်း။နောက်တစ်ပတ် အိမ်ပြန်ကြသည့်အခါမှာတော့၊ယခင်တစ်ပတ်က၊အိမ်မပြန်ဖြစ်ခဲ့ကြခြင်းသည်၊ ကျွန်တော်နှင့် ကျွန်တော့်ရည်းစား၊ တွေ့ဆုံလိုသောကိစ္စကြောင့်ဟု၊ ခေါင်းစဉ်တပ်ပေးရန်သာ၊ လူချစ်အောင် တောင်းဆိုပြီး၊ထို တောင်းဆိုချက်အတိုင်းသာ၊ ကျွန်တော်ကလည်း၊ လိုက်လျောမိပြန်သည်။

ထုံးစံအတိုင်း ။ တကယ့်အဖြစ်မှန်ကိုတော့ ၊ ကျွန်တော့်အစ်ကို ကိုမင်းထင်နှင့်၊ ကျွန်တော့်သူငယ်ချင်း ပိုးသားတို့သာလျှင်၊



www.burmeseclassic.com

www.burmeseclassic.com



သိရှိကြပေသည်။အစ်ကိုက၊ တကယ့်အဖြစ်မှန်ကို၊ကိုယ့် မိသားစု သိရုံမျှသာ၊ တိုးတိုးတိတ်တိတ် ပြောပြလိုက်သည်။

ထုံးစံအတိုင်း။ နောက်,တစ်ပတ် နှစ်ပတ်အကြာမှာတော့၊ ဝိုးသားက၊ လူချစ်အောင်၏ အမေ,အဖေတို့ကို၊ တကယ်အဖြစ်မှန် အတိုင်း ၊ ပြောပြလိုက်လေတော့၏ ။ ထိုကိစ္စနှင့် ပတ်သက်ပြီး ၊ လူချစ်အောင်လည်း၊ အဆူအပြောမခံရ။ကျွန်တော့်ကိုလည်း၊ သူ့မိဘ,က၊ ခေါ်ယူ မေးမြန်းခြင်း၊ မရှိ။

ဘာမှ မဟုတ်သော ကိစ္စတစ်ခုအဖြစ်၊ မကြာခင်တွင်၊ ကွယ်ပျောက်သွားချေသည်။ကျွန်တော့်ရင်ထဲမှာတော့၊ ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့ရသည့်၊ စိတ်လှုပ်ရှားဖွယ်၊ ရုပ်ရှင်ဇာတ်လမ်း တစ်ခုအဖြစ်၊ မှတ်မိ စွဲထင်နေတော့သည်။

ပြုသူအသစ် ဖြစ်သူအဟောင်းဆိုသကဲ့သို့၊ အဟောင်းကို တွေးမိသမျှ ၊ တငွေ့ငွေ့ , တမြေ့မြေ့ ၊ လောင်မြိုက်ရပေသည်။ သူငယ်ချင်းဟူသည့်၊သံယောဇဉ်က,တော့၊ အစဉ်သဖြင့်, ခေါင်း ထောင်တည့်မတ်စွာ၊ မကြာမကြာသတိပေးနေတတ်သေး၏။





၈။ "နင်, ပြောပြတဲ့အထဲမှာ၊ နင်, ရန်ကုန်မှာ၊ အခြေလာချရ တဲ့ အကြောင်း၊ မပါသေးဘူးနော်"ဟု၊ သက်ထားဆွေ သတိပေး၏။

ကျွန်တော်က . .

"မလောနဲ့လေ။လူချစ်အောင်အကြောင်းကို၊ ပြည့်ပြည့်စုံစုံ ပြောမှ၊ ငါ့, ကိစ္စ၊ ပေါ်လွင်မှာဟ။ အဲဒါကြောင့်၊ သူ့စရိုက်ကို၊ အဓိက,ထားပြီး၊ ငါ,ပြော ပြနေတာပါ"

"မသိပါဘူး ။ ငါက ၊ နင့်သူငယ်ချင်း , လူချစ်အောင် အကြောင်းများ ၊ ပြောပြနေတာ လား . . လို့"

ကျွန်တော်က . .

"အဓိက, ဇာတ်လိုက်အကြောင်းကို ပြောဖို့ အဓိက,ဇာတ်ပို့ အကြောင်းကို၊ အရင် ပြောပြနေ တာပါ"

"အခုထိ၊ ဇာတ်လိုက်အားသာတဲ့ အခန်း၊ တစ်ခန်းမှ၊ မပါ သေးဘူး"ဟု၊ သက်ထားဆွေ ရယ်စရာပြော၏ ။ "ဇာတ်နာတယ် ဆိုတာ၊ အဲဒါမျိုးပေါ့ဟာ"ဟု၊ ကျွန်တော်, ပြန်နောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သက်ထားဆွေရယ်လေ၏။ပြီးမှ . .

"အခု။ အဲဒီ လူချစ်အောင်က၊ အိမ်ထောင်
ကျသွားပြီလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။သက်ထားဆွေက ,

"ခုနက,ပြောတဲ့၊ ငွန်ပွင့်ဖြူနဲ့၊ ယူလိုက်တာ
ပေါ့။ဟုတ်လား"

ကျွန်တော်, ခေါင်းခါပြလိုက်သည်။

"ဪ . .။ သူ့အရင်ရည်းစား၊ ရွှေရည်နဲ့
ယူဖြစ်လိုက်တာပေါ့"

ကျွန်တော်, ဦးခေါင်းကို၊ နှစ်ထပ်ကိန်းတင်၍၊ ခါပြလိုက်မိသည်။"ဘယ်လိုကြီးလဲဟ" ဟု၊ သက်ထားဆွေ စိတ်ရှုပ်စွာပြောသည်။"ဒီလိုပါပဲဟာ"ဟု၊ အဓိပ္ပါယ်ကင်းမဲ့စွာ၊ ကျွန်တော် စကားဖြည့်မိ၏။သက်ထားဆွေ နှာခေါင်းရှုံ့သည်။ အပြောအဆို၊ ညင်သာရလိမ့်မည်ဟု၊ ကျွန်တော် သတိချပ်၏။



(ဘာပဲဖြစ်ဖြစ်ပေါ့ ပယင်းရယ်။ကိုယ့် အကြောင်းတို့၊ ကိုယ့်ဘာသာ ပြောပြနေရတာဆိုပေမယ့်၊ နားထောင်နေတဲ့သူက၊ ကိုယ့်ဘဝရဲ့၊ အရေးအကြီးဆုံး ချစ်ရတဲ့သူလေ။

ပြောတဲ့စကားထဲမှာ၊ အလိမ်အညာပါသွားမှာကို ၊ သတိထားရသလို၊ မချွင်းမချန်ပြောပြလိုက်မိလို့၊ သူ့, တစ်မျိုးထင်သွားမှာ၊ သူ့, ငြိုငြင်သွားမှာကိုလည်း ၊ ကိုယ် . . , စိုးရိမ်နေမိပါသေးတယ်။

အဲဒါကြောင့်၊ အရိုးသားဆုံးစကားကို၊ အညင်သာဆုံးနဲ့၊ အမြင်သာဆုံးဖြစ်အောင်၊ ကြိုးစားပြီးပြောရမှာမို့ အခက်အခဲတွေ၊ ရှိနေရတာပေါ့။

ဘာဖြစ်လို့လဲ ဆိုတော့ ၊ ရှေ့ဆက်ပြောမယ့်၊အကြောင်းအရာထဲမှာ၊ ပယင်း ဆိုတဲ့၊ကောင်မ,လေးတစ်ယောက်အကြောင်းက၊ ပါဝင်လာတော့မှာလေ။

အဲဒီကောင်မ,လေးကိုလည်း၊ ချစ်မိခဲ့တာပဲမို့လား။အရင်က၊ ချစ်မိခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက် အကြောင်းကို၊ အခု , ချစ်နေမိတဲ့ မိန်းကလေးသိအောင်၊ ပြောပြရတဲ့၊ အခက်အခဲ။ပြီးတော့၊ အဲဒါကို၊ နားထောင်ပေးရတဲ့၊ မိန်းမသားတစ်ယောက်ရဲ့ , နှလုံးသားကို၊ မကျွမ်းမကျင် ခန့်မှန်းရတဲ့၊ စိုးရိမ်စိတ်နဲ့၊ ကိုယ် . .

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ရင်ထိတ်နေရမယ်ဆိုတာ၊ ကြုံဖူးတဲ့သူမှ ၊ သိမှာပါ။

ချစ်ခွင့်ပန်ထားတဲ့ ချစ်သူ့ရှေ့မှာ ၊ တခြား မိန်းကလေး တစ်ယောက်ကို၊ ချစ်ခွင့်ပန်ခဲ့ဖူးတဲ့ အကြောင်း၊ ဘယ်သူက၊ ဝံ့ဝံ့ ရဲရဲ ပြောထွက်မှာတဲ့လဲ။မပြောမပြီး,မတီးမမြည် . . ဆိုသလိုပါပဲ။ ပြောရမယ့်အခြေအနေမို့သာ၊ ပြောပြလိုက်ရတာ။ရင်ထဲမှာတော့၊ တထိတ်ထိတ်ပါပဲ။

မုသားကို၊ မုန်းလွန်းလို့၊ အမှန်အတိုင်းသာ ပြောပြလိုက်ရတာ။အမှန်ကိုပြောမိလို့၊ နစ်နာဆုံးရှုံးရတဲ့ အဖြစ်ဆိုးမျိုးတော့၊ ကိုယ်, မကြုံချင်ဖူးလေ။ပယင်း အကြောင်းကိုပြောလိုက်မိလို့၊သက်ထားဆွေကို၊ဆုံးရှုံးရမယ့်၊ အဖြစ်ဆိုးကို၊ ကိုယ်, တကယ် ကြောက်ရွံ့ခဲ့ရတာပါ။ဒါပေမဲ့လေ . . ။

အရိုးသားဆုံးပြောတဲ့ ၊ အမှန်စကားကို၊ အမှန်မြင်တတ်တဲ့ နှလုံးသားမျိုးက၊ နစ်နာဆုံးရှုံးရတဲ့အထိ၊ မရက်စက်လောက်ဖူး လို့တော့၊ ကိုယ် . . ,ကိုးစားယုံကြည်ခဲ့ပါတယ်။အဲဒီ အနည်းငယ် မျှသော၊ ယုံကြည်မှု တစ်ဆစ်,တစ်ပိုင်းနဲ့ပဲ၊ကိုယ့်ရဲ့, အချစ်သမိုင်း အစ,ကို၊ဖွင့်ပြော,တင်ပြလိုက်တာပါ) ။





"ငါ့မှာ။ ပြောစရာတွေ၊ အများကြီးရှိသေး တယ်။ဒါပေမဲ့၊ မပြောခင်။ ငါ,တစ်ခုလောက်၊ ကြို တောင်းပန်ချင်တယ်"

မျက်နှာငယ်လျက်ပြောသော၊ ကျွန်တော့် စကားကြောင့်၊ သက်ထားဆွေက၊ နှုတ်ခမ်းနှစ်လွှာဖိလျက်၊ ပါးလှပ်စွာ မဲ့ပြုံး ပြုံး၏။ ပြီးမှ . . ,

"ဘာလဲ ။ ဇာတ်နာတော့မှာမို့လား"

"ဇာတ်နာတယ်လို့ မဟုတ်ပါဘူး။အခု . . , ပြောမယ့် ဆိုမယ့် အထဲမှာ ။ တခြားမိန်းကလေး တစ်ယောက်အကြောင်း၊ ပါလာတော့မယ်။

ငါက, နင့်ကို၊ချစ်ခွင့်ပန်ထားတော့။တခြား မိန်းကလေး အကြောင်း၊ ပြောမိတာကို အကြောင်း ပြုပြီး၊ ငါ့ကို, ပစ်ပယ်လိုက်မှာ၊ စိုးရိမ်လို့ပါ"

သက်ထားဆွေက၊ "ဘယ်လောက်အထိ စိုးရိမ်တာလဲ"ဟု၊ မျက်နှာကို၊ တမင်တည်လျက်မေးလေသည်။ကျွန်တော်,ရုတ်တရက် မဖြေတတ်။သို့သော် ၊ ခံစားမှုပြင်းပြလာသောအခါ၊နှလုံးသားတွင် အလိုအလျောက် စကားပြောစက်တစ်လုံး၊ ရှိတတ်လေ၏။ဆို . .



www.burmeseclassic.com

www.burmeseclassic.com



စကားပြောစက်မှ၊ စကားတစ်ခွန်းထွက်ကျလာသည်။

"မြတ်နိုးသလောက် စိုးရိမ်တာပေါ့ဟ"

"ဘယ်အတိုင်းအတာ အထိ၊ စိုးရိမ်တာလဲ . . လို့၊ ငါမေးတာ"

"ချစ်ရသူနဲ့ ကွေကွင်းမှာ၊ ကြောက်တဲ့စိတ်ကို၊ ငါ, ဘာနဲ့ တိုင်းတာပြရမှာလဲ။

တစ်လ,စာလောက်ကြောက်တယ်။တစ်နှစ်စာလောက်ကြောက်တယ်။ တစ်သက်စာလောက်ကြောက်တယ်လို့၊ နှစ် . . လ . . ရက် သတ်မှတ်ပြီး၊ ပြောရမှာလား။

တစ်ဆယ်သား လောက် ၊ ကြောက်တယ်၊ တစ်ပိဿာလောက်ကြောက်တယ်၊ ပိဿာတစ်ရာလောက် ကြောက်တယ်လို့၊ ပြောရမှာလား။ ဒါမှမဟုတ်၊ ရှူးမတတ်ကြောက်တယ် လို့ ၊ ပြောရမှာလား။

သတ်မှတ်ချက်,တိုင်းတာချက် မရှိဘူးလေ။ ဘယ်လို၊ တိုင်းတာ သတ်မှတ်ပြရမှန်းလည်း၊ ငါ,





မသိဘူး"

"ဒီလောက်၊ လျှောက်လဲချက်ကောင်းနေပြီဆိုကတည်းက၊ အပြစ် တော်တော်ကြီးနေပြီနဲ့တူတယ်။ဒါမှမဟုတ်၊ အမှုက, တော်တော်ကြီးခဲ့ပုံပဲ"

"အမှုကြီးတာပဲဖြစ်မှာပါ။အပြစ်ကြီးတယ်လို့တော့၊ မသတ်မှတ်ပါနဲ့"

ကိုယ့်အပြစ်ကို၊ ကိုယ်သိ၍၊ အပြစ်ဒဏ် လျှော့ပေါ့စေလိုစွာ၊ ကျွန်တော်ပြောလိုက်၏။သက်ထားဆွေက . .

"အရပ်ထဲက ၊ အရပ်လူကြီး တစ်ယောက်၊ စကားပြောမကျွမ်းကျင်ဘဲ ၊ ဩဝါဒပေးသလိုဖြစ်နေပြီ။

မှားရင်သည်းခံပါ ။ စိတ်မရှိပါနဲ့။ စကားသိပ်မပြောတတ်လို့ပါ . . ဆိုတဲ့စကားခွန်းရေတာ၊ ပြောတဲ့အကြောင်းအရာထက် ၊ ပို များနေတယ်လေ။နင်လည်း၊တောင်းပန်စကား သိပ်များနေပြီမင်းမျိုးနိုင်။

ပြောချင်တဲ့ အကြောင်းကိုသာ ၊ ပြောပါ

www.burmeseclassic.com



တော့။စီရင်ချက်ဆိုတာ ၊ အမှုကို၊ ကြားနာပြီးမှ ၊ ချရတာလေ”

ပြုံးလျက်ပြောသည့်စကားမို့သာ ၊ ကျွန်တော်, စိတ်ပေါ့ရသည်။စီရင်ချက်အတွက်တော့၊ စိတ်လေးနေရပါသေး၏။



www.burmeseclassic.com

www.burmeseclassic.com





၄။

ပထမနှစ်တုန်းက၊ ငှားနေခဲ့သောတိုက်ခန်းကိုပင်၊ နောက်၊ တစ်နှစ်မှာ၊လှချစ်အောင်၏ ပူစာမှုကြောင့်၊သူ့ မိဘက၊ အပြီးအပိုင်၊ ဝယ်ပေးလိုက်သည်။မြင်းကို၊ ချိတပ်ပေးလိုက်တာပဲဟု၊ ပိုးသားပြော၏။ကျွန်တော်က,တော့၊ မည်သို့မျှ ၊ မှတ်ချက်မပေး။

လှချစ်အောင်နှင့်အတူတူ၊ ဤတိုက်ခန်းမှာ၊ ကျောင်းလာတက်နေရသဖြင့်၊ အလိုလိုသိမ်ငယ်နေမိသူဖြစ်၏။ကိုယ့်ကျောင်းစရိတ်နှင့်ကိုယ်၊ လာရောက်ပညာသင်ယူနေခြင်းဖြစ်ပါလျက်၊ ဘာကြောင့်, သိမ်ငယ်နေရတာလဲ ဟု၊ မေးစရာရှိပေမည်။

လှချစ်အောင်နှင့်ကျွန်တော်က၊ ငယ်သူငယ်ချင်း,အပေါင်းအသင်း,အပေါင်းအဖော်ဆိုသော်လည်း၊ ကျွန်တော့်မှာ၊ သူ့အဖော်လိုလို၊ သူ့နောက်လိုက်လိုလို ၊ သူ့လက်အောက်ငယ်သားလိုလိုဖြင့်၊ သွားလာယှဉ်တွဲနေရသည်မှာ၊တော်တော်,သိမ်ငယ်စရာကောင်းနေပေသည်။ဒါကို၊ အဖေ အမေလည်းမသိ။အစ်ကိုအစ်မ,လည်း၊ မသိ။

www.burmeseclassic.com



လှချစ်အောင်က၊ သူ့ရည်းစား ရွှေရည်၊ ကျွန်တော်တို့ ၊ တိုက်ခန်း သို့ ၊ အလည်လာလျှင် ၊ လမ်းထိပ်သို့ ၊ သူ ကိုယ်တိုင် ဘယ်တော့မှ၊ လိုက်မပို့။ ဤရပ်ကွက်ထဲတွင်၊ သူ့ ဆွေမျိုးနီးစပ်တွေ ရှိကြောင်း၊ သူတို့ မြင်တွေ့သွားကြလျှင်၊ မိဘကို ပြန်တိုင်မှာဖြစ်ကြောင်း၊ ပညာသင်ချိန်မှာ၊ ချစ်သူရည်းစားရှိနေပြီကို၊ အမိအဖ သိပါက၊ မလိုအပ်ဘဲ ကွေကွင်းသွားနိုင်ကြောင်း၊ ရွှေရည့်ကို၊ ယုတ္တိရှိစွာ ပြောပြထားပြီး၊ ရွှေရည်၏ အပြန်လမ်းကို၊ ကျွန်တော်က သာ၊ လိုက်ပို့ရမြဲဖြစ်သည်။

တကယ့်အဖြစ်မှန်ကတော့၊ရှင်းရှင်းလေးပါ။သူနှင့်ရွှေရည် တွဲလျှောက်သွားသည်ကို၊ ဇွန်ပွင့်ဖြူ တွေ့မြင်နိုင်သောကြောင့်၊ ဖြစ်၏။ကျွန်တော်မှာ၊ မကူညီပြန်လျှင်လည်း၊ သူငယ်ချင်းမပီသ ရာ ရောက်သည် ။ ကူညီနေရသည့် ၊ ကိစ္စတိုင်းနီးနီးကိုလည်း၊ ဘဝင် မကျလှ။

"မနေ့က၊ ကိုမင်းမျိုးနိုင်နဲ့တွဲသွားတဲ့ အမျိုး သမီးက၊ ဘယ်သူလဲ"

ဇွန်ပွင့်ဖြူ၏ အစစ်အမေး။"လှချစ်အောင်ရဲ့ရည်းစားလေး၊ နင့်တွေ့မှာစိုးလို့၊ ငါ လိုက်ပို့လိုက်ရတာ"ဟု၊ အမှန်အတိုင်းသာ၊





ကျွန်တော်ဖြေလိုက်ပါက၊ လှချစ်အောင်နှင့်ကျွန်တော်၊ ကမ္ဘာရန် ဖြစ်သွားမှာ၊ သေချာပါသည်။

"ငါ့, နှမ ဝမ်းကွဲ"

တချို့သော ကိစ္စများမြောင်တို့၌၊ စကားဝေါဟာရများစွာ ဖြင့်၊ မှန်မှန်ကန်ကန်ပြောဆိုနေသည့်တိုင်၊ လိုရာမရောက်။ကိစ္စမ ပြီး။မုသားစကားလေးတစ်ခွန်းမျှဖြင့်၊ (လိုရာမရောက်သည့်တိုင်) ကိစ္စပြီးသွားသည်များ၊ ရှိတတ်၏ ။ ထို့ကြောင့် ၊ လှချစ်အောင်၏ နှလုံးသားအရေးကိစ္စတိုင်းအတွက်၊ မုသားစကားတချို့ကို၊ ပိုင်နိုင်စွာ ကျွန်တော်, သုံးစွဲနေရသည်။

ကျွန်တော့်ဒုက္ခကို၊ ပိုးသားတစ်ယောက်တော့၊ ခန့်မှန်း တွက်ဆ, သိတတ်နိုင်ပေမည်။ကျန်သူများက,တော့၊ ပြောသလောက် လည်း၊ မသိ။ သိသလောက်လည်း၊ အတိုင်းအတာကို ၊ တွက်ဆ,၊ ခန့်မှန်းနိုင်ခြင်း၊ မရှိကြ။

"ငါ, မင်းကို၊ ပွင့်ပွင့်လင်းလင်း၊ ဝေဖန်မယ် လှချစ်အောင်"

"ဘာလဲ။ငါ,ပွေတာ ရှုတ်တာကို၊ ဝေဖန်မလို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းခါပြလိုက်သည်။ပြီးမှ . .

"လောက,မှာ . .။ ပွေတဲ့ရှုတ်တဲ့သူတွေ ၊ အများကြီးပါကွာ။ငါ,မကဲ့ရဲ့ပါဘူး။ကိုယ့်ဝါသနာနဲ့ ကိုယ်ပဲလေ။

ဒါပေမဲ့။ မင်းကိုဝေဖန်ချင်တာက၊ မင်းဟာ, ပွေတာ ရှုပ်တာ ထက် ၊ ကလိမ်ကကျစ် ကျနေ သလိုပဲ"

"ဘာဆိုင်လို့လဲ"

"ဒီလိုလေကွာ ။ မင်းက . . ,သက်ဆိုင်ရာ ရည်းစားတွေ အမြင်မှာရော ၊ မိသားစု အသိုင်း အဝိုင်း အမြင်မှာရော။တကယ့်လူရည်သန့်လေး တစ်ယောက်လိုပဲ၊ နေရဲတယ်။နေတတ်တယ်။

တစ်ခါတစ်ရံ၊ မင်း, ရည်းစားတစ်ယောက် ယောက်က၊ သူ့ကိစ္စနဲ့သူ၊ မင်းအိမ်ကို ဖုန်းဆက်ရင် တောင်၊ မိန်းကလေးတန်မဲ့၊ သူ့သားလူချစ်အောင် ကို၊ ပိုးပန်းနေတယ်လို့၊ မင်းအမေ, ထင်နေတယ်။

အမှန်ဆိုရင်၊ အဲဒါ ကျွန်တော့်ရည်းစားပါလို့၊





မင်း, ပြောသင့်တာပေါ့ ။ မင်းက, မပြောတော့၊ မိန်းကလေးတွေကပဲ၊ မင်းကို တစ်ဘက်သတ်ပိုးပန်း နေသလိုလိုဘာလိုလိုနဲ့ ၊ တခြားမိန်းကလေးတွေ ကိုပါ၊ ထိခိုက်တာပေါ့"

"အမှန်အတိုင်းပြောလိုက်ရင်၊ ငါ, ဆူခံထိ မှာပေါ့ကွ"

"မင်း, အဆူမခံရဖို့အတွက်၊တခြားမိန်းက လေးတွေ ၊ မိန်းမ, နောက်ပိုး [illegible]ဖြစ်[illegible]စေ ပေါ့ဟုတ်လား"

"ဒါက,တော့ကွာ။ ကိုယ်ပြဿနာ [illegible]ဖို့ ပိုအရေးကြီးတာပဲ"

"အဲဒါ ၊ တစ်ကိုယ်ကောင်းစိတ်ပဲ လူချစ် အောင်။ အဲဒါ၊ ကောင်းတဲ့စိတ်မဟုတ်ဖူး။

နောက်ပြီး၊ မင်းရည်းစားတွေ၊ ကိုယ်တိုင်က၊ မင်းကို၊ တကယ့် လူရည်သန့်လေးလို့ထင်နေတယ်။ အဲဒါ၊ ကလိန်ကျတာပဲ။လှည့်စားတာပဲ။လိမ်တာပဲ။

တကယ့် ယောက်ျားစိတ်ထားဆိုရင်၊ ငါ,ပွေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ရှုပ်တယ်။ မကျေနပ်ရင်၊ ငါ့ကို မကြိုက်နဲ့ဆိုပြီး၊ ပြတ်ပြတ်သားသား၊ အသိပေး ကြေညာရဲရတယ်ကွ။

လူရိုးလေးလို ဟန်ဆောင်နေထိုင်ပြီးမှ၊ ချစ်မေတ္တာကို၊ အရယူ။ သံယောဇဉ် ကျွံပြီးမှ၊ သိသွားကြားသွားလို့၊ ပြဿနာဖြစ်တော့ ။ မကျေနပ်ရင်ဖြတ်ပစ်လိုက်လေ ဆိုတာမျိုးက၊ အပိုင်ချီတာပဲ။ အပိုင်ကိုင်တာပဲ။ အနိုင်ကျင့်တာပဲ။ အဲဒါ , လိမ်ညာပြီး Raid လုပ်တာပဲ။ အဲဒါ, မုဒိန်းမှုပဲ"

ပြောဆိုနေရင်းမှ၊ ကျွန်တော့်စကားကြမ်းတမ်းသွားမှန်း၊ ကျွန်တော် သတိပြုမိသည်။ သို့သော် ကျွန်တော် လျှော့ပေါ့စရာမလို။ မြေဆိုးမြေကြမ်းကို ၊ သိပ်သိပ်သည်းသည်းဖြစ်စေဖို့ ၊ ဖိနပ်ကြမ်းကြမ်း၊ ကျောက်ကြမ်းကြမ်းဖြင့်သာ၊ ဖိသိပ်ချနင်း ဖို့လိုအပ်ပေ၏။

"မင်း . . , ငါ့ကို၊ မနာလိုဖြစ်နေတာလား မင်းမျိုးနိုင်"

ကျွန်တော် သူ့ကို၊ ပြုံး၍ကြည့်လိုက်ပြီး . .

"မင်း, ဘာဖြစ်လို့၊ အဲဒီလိုထင်ရတာလဲ"





စိတ်ဆိုးစွာ၊ ကျွန်တော် မေးလိုက်ခြင်းဖြစ်သည်။ မာန်, မဆိုးအောင် ကျွန်တော်ထိန်းရ၏။

လူချစ်အောင်က . . ,

"ငါ့ရုပ်ငါ့ရည် ငါ့အခြေအနေနဲ့ ငါ့ဘာသာ အေးအေးဆေးဆေး အဆင်ပြေနေတာကို မင်းက အပြစ်တင်နေတာဆိုတော့၊ ဒါ . . မနာလိုလို့ ပြောတာပဲ"

ကျွန်တော်က . . လေသံဟန်ပန်တို့ကို မမာထန်အောင် သတိချပ်လျက် . . ,

"လူချစ်အောင် . . ။ မင်းက, ရုပ်လည်းချော ပါတယ်။ သဘောလည်း ကောင်းပါတယ်။ ကြွယ်လည်း ကြွယ်ဝပါတယ်။

ခေတ်ကာလ၊ မိန်းကလေးများ အကြိုက် အရည်အချင်းတွေ၊ မင်းမှာ အများကြီးရှိပါတယ် ကွာ . . ။

မနော်လေးကောင်းဖို့၊ ငါက အကြံပေးတာပါ။ မနာလိုစရာ၊ ဘာအကြောင်းမှ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စကားအသုံး ပြေပြစ်စွာ ကျွန်တော် ပြောသော်လည်း လူချစ်အောင် သိပ်ကျေနပ်ပုံမရ။

"ငါ့မနော မကောင်းဘူးလို့ မင်းထင်တယ် ဆိုရင် ငါနဲ့မပေါင်းနဲ့ပေါ့ကွာ"

"သူငယ်ချင်းအချင်းချင်း လွှင့်ထွက်သွား အောင် နှင်ထုတ်မယ့် စကားမျိုး၊ မင်း၊ မပြောပါနဲ့ လူချစ်အောင်။

မင်းကို ပြောတဲ့ စကားလုံးတိုင်းကို၊ ငါ . . စေတနာနဲ့ပြောတာပါ။

နှင်ထုတ်ရင် ပြန်လာပါလို့ ခေါ်ရတာ၊ လွယ် ပေမဲ့၊ စွန့်ခွာသွားရင် ပြန်ပတ်သက်ဖို့ ခက်လိမ့် မယ်"

လူချစ်အောင်က . . .

"မင်း စကားကြီးစကားကျယ်တွေ ပြောမနေ ပါနဲ့ကွာ . . ။\မင်း ရည်းစားမထားဘူးလို့ ငါ့ကို ဆရာလုပ်နေတာ။ မင်းသာ ရည်းစားရှိရင် ငါ့ ထက်တောင်ဆိုးဦးမယ်"





ကျွန်တော် မည်သည့်ဝေါဟာရနှင့်မျှ စကားနိုင် မလုတော့။ ရည်းစားထားရုံဖြင့်၊ ကျွန်တော် သူ့ထက်ဆိုးစရာအကြောင်းမရှိ။

အနိုင်ယူရုံသက်သက် ကြုံရာစကားဖြင့်၊ ဝရုန်းသုန်းကား ပြောဆိုလေသည်ဟု၊ ကျွန်တော် မှတ်ပိုက်သည်။ ရန်သူများမဟုတ် ကြသဖြင့်၊ အနိုင်ရရုံသက်သက်၊ စကား စစ်မက် မပြုစကောင်း။



www.burmeseclassic.com

www.burmeseclassic.com



၁၀။

"ရွှေရည်နဲ့ရော၊ ငွှန်ပွင့်ဖြူနဲ့ရော၊ ပြတ်သွားပြီပေါ့" ဟု ပိုးသားက၊ မေးပြော ပြော၏ ။ လှချစ်အောင် ခေါင်းညိတ်သည်။

"ဘာဖြစ်လို့၊ ပြတ်ကုန်တာလဲ"

လှချစ်အောင်က . .

"မိငွှန်နဲ့ ပြတ်သွားတာက၊ ရွှေရည်နဲ့ကြိုက်နေတာ၊ သိသွားလို့။ ရွှေရည်က,ကျတော့၊ ငါ့ကို, ယူခိုင်းလို့၊ ငါ,ဖြတ်ပစ်လိုက်တာ"

"ချက်ချင်း ယူခိုင်းလို့လား"

"အင်း။ ဒီ . . final ပြီးရင်၊ ယူကြရအောင် ဆိုလို့။မယူချင်သေးတာနဲ့၊ ဖြတ်ပစ်လိုက်တာ"

"ဟာ။ လွယ်လှချည်လား"ဟု၊ ပိုးသားက၊ ယိသဲ့သဲ့ပြော၏။ ကျွန်တော်, ဘာမျှ ဝင်မပြောဖြစ်။

"လွယ်တယ် လို့တော့ မဟုတ်ဖူးပေါ့ကွာ ။ ကိုယ့်ဘာသာ လွယ်အောင်လုပ်ရတာပေါ့။အလုပ်မရှိသေးဘူးတို့။ အိမ်နဲ့ အဆင်မပြေသေးဘူးတို့၊ ပြောရ, ညည်းရ, လိမ်ရ, ညာရ တာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်၊ ရန်ကုန်မှာ ကျောင်းသွားတက်တာ၊ ပညာတွေ တော်တော် ပြည့်လာတာပဲ"

ကျွန်တော်က . .

"ငါ, မပါဘူး ပိုးသား။ ဒီကောင်၊ သူ့,နေချင်သလို နေ နေတဲ့ကိစ္စ၊ ငါနဲ့ ဘာမှမဆိုင်ဘူး"

ပိုးသားက . .

"အနားမှာ မင်း , ရှိနေလျက်နဲ့၊ ဒီကောင့် အပြုအမူတွေမှားယွင်းနေတာကို၊ မင်း, ကိုယ်တိုင်၊ မဟန့်တားရင်ပဲဖြစ်ဖြစ်၊ ဟန့်တားနိုင်မယ့်သူကို၊ မတိုင်ကြားရင်ပဲဖြစ်ဖြစ်။အဲဒီ့ အပြုအမူကို၊ မင်းပါ ရောပြီး၊ ကျူးလွန်နေတယ် . . လို့၊အဓိပ္ပါယ်သက်ရောက်တယ် မင်းမျိုးနိုင်။

အဲဒီလိုပဲ။ လောကမှာလည်း၊ မှားယွင်းတဲ့ အလေ့အထ, မှားယွင်းတဲ့ အပြုအမူ,မတရားတဲ့ အကျင့်စရိုက်ဆိုးတွေကို၊ တွေ့မြင်သိကြားနေပါလျက် ၊ မဟန့်တားဘူး ၊ ဟန့်တား နိုင်အောင် ၊





မဆောင်ရွက်ကြဘူးဆိုရင်၊ အဲဒီ့ မဆောင်ရွက်တဲ့သူ ၊ အားလုံးဟာ ။ ကိုယ်တိုင်ကျူးလွန်နေတာနဲ့ အတူတူပဲ။ အားပေး အားမြှောက် လုပ်နေတာနဲ့ အတူတူပဲ။

အဲဒါကြောင့်၊ ငါက,တော့၊ လူချစ်အောင်ရဲ့ မိဘ,ကို၊ တစ်ခွန်းတစ်ပါဒလောက်တော့၊ တိုင်ရတောရလိမ့်မယ်"

လူချစ်အောင်က . .

"အဲဒီ့ကိစ္စနဲ့ပတ်သက်ပြီး၊ ငါနဲ့မင်းမျိုးနိုင်၊ စကားများပြီးပြီနော် ပိုးသား။ မင်းနဲ့ပါ ၊ စကား ထပ်မများချင်ဘူး"

ပိုးသားက . .

"ငါ့ကိုမခြိမ်းခြောက်နဲ့ လူချစ်အောင်။ငါက, မင်းမျိုးနိုင်လို၊ အားမနာတတ်ဘူး။မင်း, စိတ်ဆိုးမှာကိုလည်း၊ မကြောက်ဘူး။

မကောင်းမှုကို၊ သားသမီးပြုမူနေတာဟာ၊ မိဘ, ပြုမူနေတာနဲ့အတူတူပဲ။ တပည့်လက်သား



www.burmeseclassic.com

www.burmeseclassic.com



ပြုမူနေတာဟာ ၊ ဆရာပြုမူနေတာနဲ့ အတူတူပဲ။ တိုင်းသူပြည်သားပြုမူနေတာဟာ၊ မင်းဇကေရာဇ် ပြုမူနေတာနဲ့အတူတူပဲ . . တဲ့။ အေး . . ။ ငါတို့ရဲ့၊ အပေါင်းအသင်း , သူငယ်ချင်း ပြုမူနေတာဟာ လည်း၊ ငါတို့ပြုမူနေတာနဲ့ အတူတူပဲ။

အဲဒါကြောင့်၊ မိဘ,ဆရာ၊ ပြည့်ရှင်ဘုရင်နဲ့ အပေါင်းအသင်းတွေ ၊ အားလုံးရဲ့ ။ ဂုဏ်အင်္ဂါ အတွက်၊ ငါကတော့, မင်းရဲ့စရိုက်ကို၊ ဟန့်တား ပြုပြင်ဖို့ကြိုးစားရမှာပဲ။ မင်း . . , ကြိုက်ကြိုက် မကြိုက်ကြိုက်"

လူချစ်အောင်က၊ မခို့တရို့ဖြင့် ၊ မမဲ့တမဲ့ ပြုမူကာ . . ၊ ပြုံးစစ,မျက်နှာထားဖြင့်, . .

"ငါက၊ မတရားပြုမူနေတယ်၊ မကောင်းမှု ပြုနေတယ်လို့၊ မင်း,ဆိုလိုချင်တာလား၊ ပိုးသား"

"မကောင်းလို့၊ ပြောနေတာပေါ့ကွ"

"မကောင်းမှု , ကောင်းမှုဆိုတာ ၊ ဘာလဲ။ မတရားမှုတရားမှုဆိုတာ၊ ဘာလဲ။ မင်း, သေသေ





ချာချာ၊ သိလို့လား"

လူချစ်အောင်၏ အမေးစကားကြောင့်၊ ပိုးသားမျက်နှာ၊ ပိုမို၍၊ တင်းမာသွား၏။ ထို, အချင်းအရာကို၊ လူချစ်အောင် ဂရု မစိုက်။သူ့ စကားကိုသာ၊ သူ,ဆက်၏။

"မကောင်းမှု,ကောင်းမှု၊ မတရားမှုတရားမှု ဆိုတာကို၊ မင်းတို့ ။ဖတ်ထားတဲ့စာတွေ၊ သင်ထား တဲ့၊ ပညာတွေ။ ကြားဖူးနားဝ,တွေနဲ့ပဲ၊ သတ်မှတ် နေကြတာ။ကိုယ်တိုင် သေသေချာချာ မသိပါဘူး။

သိတယ်ပဲထား။အဲဒီ အပြုအမူမျိုးတွေကို၊ ဘယ်လိုလူတန်းစားတွေ၊ပြုမူနေကြသလဲ။လူတိုင်း ပြုမူနေတာလား။ဒါမှ မဟုတ်၊ လူကုံထံတွေ . . ပြုမူနေတာလား။ ဆင်းရဲသားတွေ ၊ ပြုမူနေတာ လား။ ပညာတတ်တွေ၊ ပြုမူနေတာလား ။ ပညာ မဲ့တွေ၊ပြုမူနေတာလား။မင်းတို့, သေသေချာချာ မသိပါဘူး။

မကောင်းမှု, မတရားမှုဆိုတာကို၊ ပညာ တတ်တွေလည်း၊ ပြုမူနေမိတာပဲ ။ လူကုံထံတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း၊ ပြုံးမှုနေကြတာပဲ။ပညာမဲ့တွေ၊ဆင်းရဲသားတွေလည်း၊ ပြုံးမှုနေမိကြတာပဲ။ ဒါဆို၊ ကောင်းမှု၊ မကောင်းမှု၊ တရားမှု၊မတရားမှု ဆိုတာတွေကို၊ ကွဲကွဲပြားပြားသိဖို့။လူတိုင်းမှာ၊ လိုအပ်နေတယ် ဆိုတာ၊ မမေ့သင့်ဘူး။

သေချာတာက၊ မကောင်းမှုလို့၊ မင်း,သတ်မှတ်ထားတဲ့အရာကို၊ ငါ,တစ်ယောက်တည်း၊ ပြုံးမှုနေတာ၊ မဟုတ်ဘူးဆိုတာပဲ။

ငါ့ထက်၊ သိတဲ့တတ်တဲ့သူတွေလည်း၊ ပြုံးမှုနေနိုင်တယ်။ ငါ့လောက်, မသိမတတ်တဲ့သူတွေလည်း၊ ပြုံးမှုနေနိုင်တယ်။

လူ့လောက,'မှာ ရှိတဲ့ ၊ တချို့ တချို့သောလူတွေဟာ၊ အဲဒီ မကောင်းမှု, မတရားမှု ဆိုတာမျိုးတွေကို၊အခွင့်ရတိုင်း၊ သူ့နည်းသူ့ဟန်နဲ့၊ကျူးလွန်နေကြတယ်ဆိုတာ၊ မင်း,သိရင်၊ ငါ့ကို အပြစ်တင်နေမယ့်အစား၊ ဘာကြောင့်၊ ဒီလိုဖြစ်နေကြတာလဲဆိုတာ၊ လေ့လာသင့်တယ်။





တခြားကိစ္စတွေတော့၊ ငါ,မပြောတော့ဘူး။ ငါ့ကိစ္စပဲ၊ ငါ, ပြောပါ့မယ်။

ဒီနေ့ခေတ် မိန်းကလေးတွေကို ၊ မင်း . . , သေသေချာချာလေ့လာကြည့်။ အများစုကိုပြောတာနော် ။ အမိအဖ , ဆရာသမား , ဘာသာယဉ်ကျေးမှုကို၊ တန်ဘိုးထားတဲ့၊ မိန်းကလေးတွေကို၊ မဆိုလိုဘူး။

မျက်နှာပြင်ပေါ်မှာလည်း၊ အရောင်တင်။ ပါးပေါ်မှာလည်း၊ အရောင်တင်။မျက်ခုံး,မျက်လုံးပေါ်မှာလည်း ၊ အရောင်တင်။ နှုတ်ခမ်းပေါ်မှာလည်း၊ အရောင်တင်။ ဆံပင်ပေါ်မှာလည်း . . ၊ အရောင်တင်။ခြေသည်း, လက်သည်းပေါ်မှာလည်း၊ အရောင်တင်။ ကိုယ်ခန္ဓာရဲ့, တချို့နေရာတွေကိုလည်း၊ အရောင်တင်။မူလ,အရောင်၊ ဘာအရောင်လဲ . . ဆိုတာတောင်၊ ခန့်မှန်းရ ခက်နေပြီ။

အပြင်ပန်းတောင်၊ဒီလောက်,အရောင်တွေခြယ်ထားမှတော့၊ နှလုံးသားရဲ့အရောင်က,ရော၊

www.burmeseclassic.com



အစစ်အမှန်ဟုတ်ပါတော့မလား ။စိတ်ရဲ့အရောင်ကရောအစစ်အမှန်ဟုတ်ပါ့မလား . . လို့မင်းတို့တွေးဖူးရဲ့လား။

ငါ . . ချစ်ခဲ့ကြိုက်ခဲ့တဲ့၊ မိန်းကလေးတွေမှာ၊ အဲဒီ့ပုံစံမျိုးတွေ၊ ရှိနေကြတာပဲ။ အဲဒီလို ၊ မိန်းကလေးမျိုးတွေ အပေါ်၊ မလိမ်မညာပဲ၊ ချစ်နေကြိုက်နေဖို့ဆိုတာ၊ ငါ့ ဦးနှောက်ပျက်နေမှ၊ ဖြစ်မယ်"

"မင်းကိုယ့်ကိုကိုယ် ကာကွယ်ချင်တာနဲ့၊ တစ်လောကလုံးကို၊ မပုတ်ခတ်နဲ့ လူချစ်အောင်"ဟု၊ ပိုးသားက၊ စကားလုလျက်၊ ပြော၏။လူချစ်အောင်က၊ လက်ကာပြီး . .

"ငါ့လိုအပြုအမူကို၊ ငါ တစ်ယောက်တည်း၊ ပြုမူနေတာလား ပိုးသား"

ပိုးသား မဖြေ။

"မင်း ဘာသာမင်း ၊ ငါ့ကို တားချင်တား၊ မတားချင်နေ။ ငါ့မိဘကို၊ တိုင်ချင်တိုင်၊ မတိုင်ချင်နေ။ငါ့ ကြားဖူးထားတာ၊ တစ်ခုပြောပြမယ်။





တစ်ခါက . . . ၊ ငါ့လို , မွေ့တဲ့ ရှုပ်တဲ့သူတစ်ယောက်ကို၊ လူကြီးသူမ, တစ်ဦးက၊ အိုင်, တွေ့တိုင်း၊ ခြေမဆေးသင့်ဘူး လို့၊ ဆုံးမ,တယ် . . တဲ့။ အဲဒီ့ မွေ့ ရှုပ်က၊ အိုင်ထဲက၊ရေတွေကို . . ပဲ၊ ကျွန်တော်,ခြေဆေးတာပါ။ သောက်ရေအိုးထဲက၊ ရေတွေကို၊ခြေလည်း၊မဆေးပါဘူး၊ မရှိမသေလည်း၊ မလုပ်ပါဘူး . . လို့၊ ပြန်ပြောလိုက်တယ် တဲ့။

ငါလည်း, အိုင်ထဲက ရေကိုပဲ၊ ခြေဆေးတာပါကွာ။ မင်းတို့ ဘာမှ၊ ဝင်မပူပါနဲ့"

ပိုးသားက လူချစ်အောင်ကို၊ ဘာစကားမျှ ပြန်မပြောတော့။ ပြိုင်မပြောတော့ချေ . . ။

ကျွန်တော်က . .

"မင်းကို၊ စေတနာနဲ့ပြောတယ်ဆိုတာတော့၊ မင်း,သိတယ်မဟုတ်လား"

လူချစ်အောင်က . .

"သိတာပေါ့။သူငယ်ချင်း,အချင်းချင်း၊ အမှန်းခံပြီး၊ပြောနေတယ်ဆိုမှတော့၊အကျိုးလိုလား



www.burmeseclassic.com

www.burmeseclassic.com



သို့၊ ပြောတယ်ဆိုတာ၊ ငါ,မသိဘဲနေမလား။

ဒါပေမဲ့၊ မင်းတို့ကို၊ ငါ,သိစေချင်တာက။ငါ့လိုအပြုအမူမျိုးကို ၊ ငါ,တစ်ယောက်တည်း၊ ပြုမူနေတာမဟုတ်ဖူးဆိုတာဘဲ။

ငါ့ထက် အရှိန်အဝါကြီးမားတဲ့သူတွေလည်း၊ ပြုမူနေနိုင်တာပဲလေ။ငါ့ကျမှ၊ မင်းတို့က၊ အပြစ်တင်နေကြတော့၊ စေတနာနဲ့၊ ပြောမှန်းသိပေမဲ့၊ နီးစပ်ရာပဲ ၊ လှမ်းပုပ်နေသလို ဖြစ်နေတယ်လေကွာ။ငါ,အောက်တာပေါ့"

ကျွန်တော်က ..

"တစ်တောလုံး တစ်တောင်လုံး၊ဖွက်ပေါက်နေတာကို၊သန့်ပြန့်သွားအောင်၊တစ်ဦးတစ်ယောက်တည်းနဲ့တော့၊ ဘယ်,ဆောင်ရွက်နိုင်ပါ့မလဲ။အဲဒီလို၊ မဆောင်ရွက်နိုင်ကြပေမဲ့ ၊ ကိုယ့် နီးစပ်ရာ ၊ လက်တစ်ကမ်းလောက်ကိုပဲ၊ သန့်ရှင်းအောင်၊ လုပ်ကြရတယ်မဟုတ်လား။

အဲဒီလိုပဲပေါ့ကွာ။နီးစပ်သူချင်း၊ အကြံပေး





ကြရတာပေါ့။ သူငယ်ချင်းကောင်းဆိုတာ၊အကြံကောင်းပဲ၊ ပေးသင့်တယ်လေ။ မဟုတ်ဖူးလား"

လှချစ်အောင် ခေါင်းညိတ်သည် ။ "ဒါဆိုလည်း၊ ဆရာလုပ်တယ်လို့၊ မထင်နဲ့ပေါ့ကွာ"ဟု၊ ပြေလည်စွာ၊ ကျွန်တော် , ပြောလိုက်၏။လှချစ်အောင်က ..

"လူငယ်ဘဝ,အပျော်သာသာကိစ္စကို၊ စိုးရိမ်တကြီး ပြောနေတာ ၊ မင်းတို့, ပင်ပန်းတာပေါ့ ။ အချိန်တန်ရင်၊ ငါ့ဘာသာ ရပ်သွားမှာပါ။

ဘယ်လောက် လည်တဲ့ ဘီးဖြစ်ဖြစ်၊အရှိန်ကုန်ရင်၊ ရပ်သွားစမြဲပဲလေ။ သိပ်မစိုးရိမ်ကြပါနဲ့"

ကျွန်တော်, သက်ပြင်းချပြီး ..

"လူငယ်ဘဝ,မှာ၊လိမ်ရ, ညာရတာ၊မှားရင်း။ လူကြီးဘဝ, ရောက်တဲ့အခါ၊ အဲဒီ့ အလိမ်အညာစရိုက်တွေက၊ လိုက်ပြီး ဒုက္ခ ပေးနေနိုင်တယ်ကွ။

ခေါင်းဆောင်ဖြစ်ရင်၊လိမ်တတ်တဲ့၊ ခေါင်းဆောင်။ မိဘ,ဖြစ်ရင်၊ လိမ်တတ်တဲ့၊ မိဘ။စီးပွါးရေးသမားဖြစ်ရင်၊ လိမ်တတ်တဲ့၊ စီးပွါးရေးသမား



www.burmeseclassic.com

www.burmeseclassic.com



. . ဆိုတာမျိုးတွေ။ ဆက်ဖြစ်နေမှာစိုးလို့ပါ"

ကျွန်တော့်စကားကြောင့်၊ လှချစ်အောင်၊ ရယ်မောလေ၏။ ပြီးမှ . .

"လိမ်တတ်တဲ့လူကို၊ဘယ်သူမှ၊ခေါင်းဆောင် မတင်ဘူး။ ဘယ်မိဘ,မှ၊ သားသမီး ဒုက္ခရောက် အောင်၊ မလိမ်ဘူး။ဘယ်စီးပွါးရေးသမားမှ၊ သူ့, အပေါ်၊ ကောင်းတဲ့သူကို၊ မလိမ်ဘူး"

ပိုးသားတွင်မှက၊ ကျွန်တော်ပါ၊ ဘာစကားမျှ ၊ ပြိုင်မပြော ချင်တော့။ ပြန်မပြောလိုတော့ ။





၁၁။

မကောင်းမှုကို ၊ ပြုကျင့်လိုသူသည် ၊ ၄င်းပြုကျင့်ရခြင်း အတွက် ၊ အကြောင်းပြချက်ပေါင်း များစွာ ၊ ရှိနေတတ်သည်ဟု၊ ပိုးသားရော ကျွန်တော်ပါ၊ နားလည်ခဲ့ကြ၏။ ဖိုလှချစ်အောင်၏ , အနေအထိုင်နှင့်ပတ်သက်ပြီး၊ ကျွန်တော်ရော ပိုးသာပါ၊ ဘာမျှ ဝင်မစွက်ဖက်ဖြစ်ကြတော့ . . ဟု၊ ဆုံးဖြတ်ပြီးသည့်တိုင်၊ပိုးသားက, မနေတတ်မထိုင်တတ်ဖြင့် ၊ လှချစ်အောင်၏ မိခင်ကို၊ ရိပ်ဖမ်း သံဖမ်း ပြောမိသေး၏။

"အမရေလး၊ ပြောမနေနဲ့တော့။ ကျောင်းပိတ်ရက်တောင်၊ ဖုန်းက, တစ်ဂွမ်ဂွမ်နဲ့။ လှချစ်အောင်နဲ့ ပြောချင်လို့ပါဆိုတာခြည်းပဲ။ မိန်းကလေးတွေကိုက၊မနေတတ်မထိုင်တတ်တွေ"ဟု၊လှချစ်အောင် ၏၊ မိခင်က, ညည်းတွားသလိုလို၊ ဂုဏ်ယူသလိုလို၊ ပြောဆိုကြောင်း၊ ပိုးသားက၊ ကျွန်တော့်ကို၊ ပြန်ပြောသည်။ပိုးသားကိုသာ၊ ကျွန်တော် အပြစ်တင်ပြီး . .

"သူငယ်ချင်း အချင်းချင်း၊အမုန်းမပွါးချင်ရင်၊တစ်ယောက် မှာရှိတဲ့ ခြွင်းချက်ကို၊ တစ်ယောက်က၊ ခွင့်လွှတ်နိုင်မှ၊ ပေါင်းကြ သင်းကြတာ ကောင်းပါတယ်ကွာ"ဟု၊ စိတ်ပျက်စွာ၊ ကျွန်တော် .



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သည်။ ပိုးသားက . .

"မင်း အပေါ် ၊ တာဝန် ပိလိမ့်မယ်နော်။ ဘာမှမဖြစ်ရင်တော့၊ ဘာမှ ပြောမှာ မဟုတ်ဘူး။

မဟုတ်တာ၊ တစ်ခုခုဖြစ်မှ၊ အနီးကပ်ပေါင်းတဲ့သူကို၊ မပြောရကောင်းလား ဆိုတာမျိုး၊ လူကြီးတွေ၊ သိပ်ပြောတတ်တာ။

သားသမီး တိုးတက်အောင်မြင်ရင်သာ၊ သူတို့ အထိန်းအသိမ်း ကောင်းလို့၊ သူတို့ အပ့ံအပိုးကောင်းလို့ ဆိုတာမျိုးပြောပြီး၊ ဂုဏ်ယူချင်ကြတာ။

မကောင်းတာ တစ်ခုခုဖြစ်လို့က, တော့၊ သူတို့ သားသမီးကို၊ ဘေးက အပေါင်းအသင်း အားလုံးက,ပဲ၊ဝိုင်းပြီး ဖျက်စီးသလိုလို၊ထင်တတ်ကြတာ။ လူချစ်အောင် မိဘ,တွေက၊ အဲဒီလို မိဘ,မျိုးတွေ။ မင်း,သတိထား မင်းမျိုးနိုင်"

"အေးပါကွာ။ ကျောင်းပြီးရင်၊ ငါ,ဝင်ရှုကျွတ် ပါပြီ"





ကျောင်းပြီးသော အခါ၊ အမှန်တကယ် ၊ ကျွန်တော်, ဝင်ရှုမကျွတ်ခဲ့။

"မင်း . . , ကွန်ပျူတာသင်တန်းတက်ရင်၊ ငါလည်းတက်မယ်။ကွန်ပျူတာ သင်ချင်လို့တော့ မဟုတ်ဘူး။ရွာရောက်ရင်၊ အိမ် စီးပွါးရေး အလုပ်ကို၊ ငါ, ကူလုပ်ရတော့မှာ။ငါ,မလုပ်ချင်သေးဘူး"

"ငါက၊ တကယ်တတ်အောင်သင်မှာ။ခေတ်ကာလ, အခြေအနေအရ၊ သင်ထားမှ ဖြစ်မယ်။ မင်းလည်း၊ တတ်အောင်သင်ပေါ့"

"အပျော်သဘောပဲတက်မယ်။သင်ရ , မှတ်ရ၊ ကျက်ရ, ဖြေရတာတွေ။ စိတ်ကုန်နေပြီ"ဟု၊ လူချစ်အောင်ပြော၏။

ကျွန်တော့် ပထမ အစီအစဉ်က၊ ကိုယ့်စရိတ်နှင့်ကိုယ်၊ ရန်ကုန်မှာ၊ ဖြစ်သလိုနေပြီး၊ ကွန်ပျူတာသင်တန်းကို၊ ကျွမ်းကျင်သည်အထိ၊တက်ရောက်သင်ကြားရန်ဖြစ်သည်။ယခုမူ၊လူချစ်အောင်၏၊ ကျောင်းပိတ်ရက် အစီအစဉ်က၊ ကျွန်တော့်စိတ်ကို၊ အနှောင့်အယှက်ဖြစ်စေသည်။

တိတိကျကျ ပြတ်ပြတ်သားသား ၊ ပြောဆိုငြင်းဆယ်ဖို့ ,



www.burmeseclassic.com

www.burmeseclassic.com



တ္တပြန်တော့လည်း၊ သူက, ကျွန်တော့်ရန်သူမဟုတ်။ သူစိမ်းမဟုတ်။

ငါ, မင်းနဲ့အတူတူ မတက်ချင်ဘူးဟု၊ ပြောလိုက်ရုံဖြင့်၊ ကိစ္စပြီးနိုင်ပါလျက်၊ ကျွန်တော်မှာ၊ ပြောမထွက်။ မပြောရက်။ ဤသို့ဖြင့်၊ ရန်ကုန်မြို့တွင်၊ လူချစ်အောင်နှင့်ကျွန်တော် ၊ အတူရှိနေခဲ့ရပြန်လေသည်။

လူချစ်အောင်က၊ ကွန်ပျူတာသင်တန်းကို၊ အခြေခံမျှသာတက်သည်။ နောက်ပိုင်းတွင် ၊ သင်တန်းကို၊ မှန်မှန်မတက်တော့။ သူ့ဗီဇ, အတိုင်း၊ ကောင်မ,လေးတွေနှင့်သာ၊ အချိန်ဖြုန်းနေလေ၏။

ကျွန်တော်က,တော့၊ လက်လှမ်းမီသလောက်၊ အဆင့်ဆင့်လေ့လာသင်ကြားမည်ဟု၊ ဆုံးဖြတ်ထား၏။ သူ့ကိုလည်း၊ ဘာမျှမပြောလိုတော့ပေ။

သုံးဖို့စွဲဖို့ ငွေလိုလျှင် ၊ ရွာသို့ ၊ သူပြန်၏ ။ သူပြန်တိုင်း၊ သင်တန်းပျက်မည်စိုးသဖြင့်၊ ကျွန်တော်,လိုက်မပြန်ဖြစ်တော့။ သူ့





ဘာသာ၊ အဆင်ပြေသလို၊ အကြောင်းရှာ၍ပြန်လေသည်။ ကွန်ပျူတာ စာရင်းကိုင်သင်တန်း ဆက်တက်ဖို့ ကွန်ပျူတာ ဒီဇိုင်းသင်တန်းဆက်တက်ဖို့၊ အင်တာနက်သင်တန်းဆက်တက်ဖို့ . . စသည်ဖြင့်၊ အကြောင်းအမျိုးမျိုးပြကာ၊ သူ့အိမ်မှ၊ ငွေလိမ်တောင်းခဲ့သည်ချည်း။

အမှန်တကယ်က ၊ ဘာသင်တန်းမျှ ၊ သူ, ဆက်မတက်။ ကျွန်တော်လည်း၊ ငွေ လိုသည်များ၊ ရှိခဲ့လျှင်၊ ကျွန်တော့် အစ်ကိုကိုမင်းထင် ထံသို့၊ လူချစ်အောင်မှ၊ တစ်ဆင့်၊ စာရေး၍၊ မှာကြားသည်များ၊ ရှိသည်။

ကျွန်တော်, လူကြုံမှာသည့်အခါနှင့်၊ သူ,ပြန်သည့်အခါများ၊ ကြုံကြိုက်လေ့ရှိသောကြောင့်၊ သူ့ လိမ်လည်မှုကို၊ မည်သူမျှ၊ သံသယ မဖြစ်ကြ။

ကျွန်တော့်အစ်ကို ၊ ပို့ပေးလိုက်သည့်ငွေစက္ကူအထပ်ကို၊ အံဆွဲအတွင်းသို့၊ ကျွန်တော်ထည့်ရင်း . .

"မင်း, တော်တော်ထိနေပြီလား"

သူ,ဆော့ကစားနေသောဘောလုံးအားကစားကိုအကြောင်းပြုသည့်၊ အလောင်းအစားကိစ္စကို၊ ရည်ညွှန်း၍၊ ကျွန်တော်, မေးလိုက်သည်။ လူချစ်အောင်က . .



www.burmeseclassic.com

www.burmeseclassic.com



"သိန်းချီနေပြီ။ဒီတစ်ခါတော့၊လိမ်တောင်းရှံ နဲ့၊ မလောက်လို့၊ ခိုးတဲ့အဆင့်ပါလုပ်လာတယ်"

"ဟာ . .။မင်း . . , အဲဒီလောက်အထိ ၊ မဖြစ်သင့်ဘူးလေကွာ"

"လိမ်နည်းက၊ ကုန်သွားပြီကွ။အဲဒါကြောင့်၊ နောက်ဆုံးနည်းကို၊ သုံးရတော့တာ"

"လိမ်နည်းကုန်သွားပြီဆိုတာ ၊ ဘာကိုပြော တာလဲ"

"သင်တန်း တကယ်တက်တာ ၊ တစ်လ။ ဟိုဟာတက်မယ်, ဒီဟာတက်မယ်ဆိုပြီး၊ ငွေလိမ် တောင်းနေတာ၊နှစ်လ။ အခုလည်း၊ ဘယ်လိုလိမ် ရမှန်းမသိလို့၊ ဂျီမေးလ်းနဲ့၊ ဂျီတော့ခ် သင်တန်း တက်မယ်ဆိုပြီး၊ လိမ်တောင်းခဲ့တာ"

လူချစ်အောင် စကားမဆုံးမီ၊ ကျွန်တော် ရယ်လျက် . .

"မင်း, လိမ်နည်းက၊ ဟိုးတုန်းက၊ တက္ကသိုလ် ကျောင်းသားတချို့ လိမ်သလို၊လက်တွေ့ခန်းထဲမှာ၊ လောဂရစ်သမ် ကျကွဲသွားလို့၊ ပြန်ဝယ်ပေးရမယ်





ဆိုတာမျိုး ဖြစ်နေပြီ ။ ဂျီမေးလ်နဲ့၊ ဂျီတော့ခ်က၊ နာရီပိုင်းအတွင်း၊ သင်လို့ရတဲ့ကိစ္စ။ မင်း အိမ်က၊ သိရင်တော့၊ ဒုက္ခပဲ"

"သိတော့လည်း၊ ဝန်ခံလိုက်ရုံပေါ့ကွာ။မသိ ခင်၊ ဘယ်လို ဆက်လိမ်ရမယ်ဆိုတာ ၊ ကြံမရလို့၊ ခိုးလာခဲ့မိတာ။ နောက်တစ်ခါ ၊ ဘယ်လိုလိမ်ပြီး၊ ဘယ်လို ခိုးရမှန်း ၊ မသိလို့ ၊ နည်းနည်းညစ်နေ တယ်"

ကျွန်တော်က . .

"ဘယ်သူ၊ ဘယ်လိုလိမ်လိမ်။ကြာကြာလိမ် လို့ မရဘူး လူချစ်အောင်။ ဘယ်သူ၊ ဘယ်လောက် ခိုးခိုး ၊ ကြာကြာခိုးလို့ ၊ မရဘူး။တစ်ချိန်ချိန်မှာ ၊ မိမှာပဲ။

ပိုးသား ပြောသလို ပြောရရင်၊အားပေးအား မြှောက် စာရင်းထဲမှာ၊ငါ့ပါနေပြီ။ငါ, အနေခက် အောင်၊ မလုပ်ပါနဲ့လားကွာ။

ဒီ တိုက်ခန်းဝယ်တုန်းက၊တစ်ခေါက်သရက်



www.burmeseclassic.com

www.burmeseclassic.com



သီးလေ့နဲ့၊ ကြုံလို့လိုက်လာတဲ့ တစ်ခေါက်ပဲ။မင်း, အဖေ၊ဒီကိုလာတာ။ မင်းကို၊ ယုံလို့။ မင်း, ပညာကို၊ တကယ်လိုလိုလားလား၊သင်နေတယ်ထင်လို့၊ အခေါက်ခေါက်,အခါခါ၊ လာမကြည့်တာလေကွာ။

မိဘ,ရဲ့ ယုံကြည်မှုကို၊ အလွဲသုံးစား မလုပ်ကောင်းဘူး။ မင်း, လိမ်လို့၊ ခိုးလို့၊ မင်းမိဘ ၊ မွဲမသွားနိုင်ပါဘူး။ဒါပေမဲ့၊လိမ်နေကျလူဟာ၊အလိမ်ပေါ်မှာစိုးတိုင်း၊ အထပ်ထပ်လိမ်နေရတတ်တယ်။

ခိုးကျင့်ပါသွားရင်လည်း၊ အဲဒီလိုပဲ။ အထပ်ထပ်၊ ခိုးမိနေတတ်တယ်။ မင်းကို၊ ငါ, ဘာမှ၊ မပြောချင်ပေမဲ့။ ငါက၊ မင်းသူငယ်ချင်းလေကွာ။မျက်နှာလွှဲမနေချင်ဘူး။

ရည်းစားပွေတဲ့ကိစ္စ။ငါ,ဘာမှ၊မပြောတော့ပေမဲ့။ အလောင်းအစားကိစ္စကြောင့်၊ မိဘ,ကို၊ လိမ်ရတာ။မိဘ, ငွေကို၊ခိုးဖြစ်တာမျိုးကိုတော့၊နောက်မလုပ်စေချင်တော့ဘူး"

"အေးပါကွာ။ ငါ,လျှော့ပါ့မယ်။ပျင်းလည်း



ပျင်းလာပါပြီ။ နောက် . . နှစ်လ,လောက်နေပြီးရင်၊ ငါ, ပြန်ဖြစ်မယ်ထင်တယ်"

"ငါက၊ ဂရပ်ဖစ် ဒီဇိုင်း တက်ဦးမှာ"

"တက်ပေါ့။ ဟိုက,ဒီက၊ တက်မနေနဲ့။ ဒီ, အခန်းမှာနေရင်းပဲတက်။မင်းကို၊ ငါ, သော့ပေးခဲ့မယ်"

"မင်းသာ၊ ငါနဲ့ အတူတူ၊ စိတ်ပါလက်ပါ တက်ရင်၊ ဘယ်လောက် ကောင်းမလဲကွာ"ဟု၊ စိတ်မကောင်းစွာ၊ ကျွန်တော်ပြောသည်။ "ဝါသနာချင်းမှ၊ မတူတာ" ဟု ၊ လူချစ်အောင် ရယ်စရာပြော၏။ ကျွန်တော်, မရယ်မောဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



၁၂။

user name နေရာတွင် , payinn ဟူသော ၊ အမည်ကို၊ တွေ့သည် ။ ပယင်း ဆိုတာ၊ လူ့နာမည်မှ၊ ဟုတ်ပါ့မလား . . ဟု၊ ကျွန်တော်၊တွေးဖြစ်သေးသည်။လူ့နာမည်၊ ဟုတ်ဟုတ်၊မဟုတ်ဟုတ်၊ လိုရမယ်ရ ၊ ကျွန်တော်၊ မှတ်သားထားဖြစ်သည်။

ပြီးနောက် ကျွန်တော့် အသုံးပြုနာမည်နှင့် password နံပါတ်ကို ၊ အစားထိုးရိုက်ထည့်ပြီး ၊ ပယင်း ဟူသော အမည်ကို၊ ကျွန်တော် Invite (ဖိတ်ခေါ်)လိုက်သည်။

ယခု ၊ ကျွန်တော် ထိုင်နေသော ၊ Internet cafe တွင်၊ ပယင်းဆိုသော ၊ နာမည်ရှင်သည်၊ ကျွန်တော် အသုံးပြုနေသည့်၊ ကွန်ပျူတာကို ၊ ကျွန်တော့်ရှေ့မှ ၊ အရင် အသုံးပြုသွားခြင်းဖြစ်သည်။ထို့ကြောင့်၊ ကျွန်တော့်ဖိတ်ခေါ်ခြင်းကို၊ ချက်ချင်း တုံ့ပြန်စရာ အကြောင်း မရှိ။

နောက်တစ်နေ့၊ သင်တန်းပြီးချိန်တွင်၊ ကြုံရာ Internet cafe တွင်၊ ကျွန်တော် chatting ဝင်ထိုင်ဖြစ်သည်။

ကျွန်တော့်ဖိတ်ခေါ်ခြင်းကို ၊ ပယင်းဆိုသူက ၊ လက်ခံကြောင်း၊ တွေ့ရ၏။ကျွန်တော်ဝမ်းသာစွာ၊ နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"Hello Mingalaba"(ဟလို မင်္ဂလာပါ)

"မင်္ဂလာပါ"

သူက,လည်း ၊ ပြန်နှုတ်ဆက်သည်။ သူ့ အမည်၏ နံဘေးတွင်မြန်မာဆန်၍ ချောမောပြေပျစ်သော၊ မိန်းကလေးတစ်ယောက်၏၊ မျက်နှာအနီးကပ်၊ ဓာတ်ပုံ တစ်ပုံကို၊ တွေ့ရသည်။ကျွန်တော်က၊ နောက်ထပ်စာတစ်ကြောင်းကို၊ ရိုက်လိုက်၏။

" Kyae zu tin bar tal"(ကျေးဇူးတင်ပါတယ်)

ကျွန်တော် ရိုက်ပြီးသည့်အခါ၊ သူက . .

"မြန်မာစကားကို၊ အင်္ဂလိပ်စာလုံးနဲ့၊ အသံထွက်ရုံ၊ မရေးပါနဲ့။အင်္ဂလိပ်စာ စစ်စစ်နဲ့ရိုက်ချင်၊ ရိုက်ပါ။ဒါမှ မဟုတ်၊ မင်းမျိုးနိုင်ဆိုတာ၊ မြန်မာလူမျိုးဆိုရင်၊ မြန်မာလို ရိုက်ပါ"

ကျွန်တော် " ဟုတ်တဲ့"ဟု၊ မြန်မာလို ရိုက်လိုက်ပြီးနောက်၊ "တော်တော်များများ၊ ဒီလိုပဲ ရိုက်နေကြတာပါ။ဘာဖြစ်လို့လဲ"ဟု၊ မေးကြည့်လိုက်သည်။သူ့, ပြန်ဖြေ၏။

"မြန်မာစကားနဲ့မနီးစပ်တဲ့လူမျိုးကို၊ အဲဒီစာကြောင်းတွေနဲ့၊ သွားရေးပြရင်၊ ဘာ, ဘာသာ





စကားမှန်းမသိ၊ ဖြစ်သွားမှာပေါ့။

မြန်မာချင်းအချင်းချင်းတောင်၊ တချို့, သိပ်မဖတ်တတ်ဖူးလေ"

"ဪ"

"မင်းမျိုးနိုင်က၊ ဘာလို့, ဓာတ်ပုံ မတင်ထားတာလဲ"

"ကျွန်တော့် ရုပ်က၊ မိန်းကလေးတွေ ငေးကြည့်ရလောက်တဲ့ ရုပ်မျိုး မဟုတ်လို့ပါ"

"ကြွက်တွံ ရုပ် ခန် . . လို့ပဲ၊ ကြားဖူးပါတယ်။ ပူရိသ ရုပ် ခန် . . လို့၊ မကြားဖူးပါဘူး"

"ဗျာ"

"မိန်မ,တို့၏ ရုပ်အဆင်းသည်၊ ဥစ္စာမည်၏ . . တဲ့။ ယောက်ကျား များ၏ ရုပ်အဆင်းသည်၊ ဥစ္စာမည်၏ . . လို့၊ ဘယ်မှာမှ၊ မကြားဖူးဘူး"

"အားပေးစကားလို့၊ ယူဆ,ပြီး၊ ကျွန်တော် ကျေးဇူးတင်ပါတယ်"

"အားပေးတာမဟုတ်ဖူး ။ ယောက်ကျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့၊ အဓိက, အရည်အချင်းကိုမေ့ပြီး၊ မိတ်ကပ်တွေ၊ နှုတ်ခမ်းဆိုးဆေးတွေကို၊ စိတ်ဝင်စားသွားမှာစိုးလို့"

"ယောက်ကျား တစ်ယောက်ရဲ့ ၊ အဓိက, အရည်အချင်းက၊ ဘာလဲ"

"မင်းမျိုးနိုင်က၊ အခြောက်ကြီးလား"

"ဟာ။ဘာဖြစ်လို့၊ အဲဒီလို၊ စွပ်စွဲရတာလဲ"

"ယောက်ကျားလေးတစ်ယောက်ရဲ့၊ အဓိက, အရည်အချင်းကို၊ မိန်းကလေးတစ်ယောက်ဆီမှာ၊ လှမ်းမေးနေရပြီ ဆိုကတည်းက ၊ ဒါ့မသင်္ကာစရာပဲ။

ကိုယ့်ဘဝ,ရဲ့ ၊ အဓိက , ရှိသင့်တဲ့အရည်အချင်းကိုတောင်၊သူတစ်ပါးကို၊မေး မြန်းနေရတယ်ဆိုတာ၊ တော်တော်သနားစရာကောင်းတဲ့ ကိစ္စပဲ"

ကျွန်တော်, အနည်းငယ် ရှက်မိသည်။

"ကျွန်တော် တကယ် မသိလို့မေးတာပါဗျာ။ အဲဒီ့အတွက်၊ကျွန်တော့်ကို၊အထင်သေးချင်သေးပါ။မလှောင်ပါနဲ့။





ပယင်းပဲ ကူပြီးစဉ်းစားကြည့်ပါ။ကျွန်တော်ကျောင်းပြီးပါသွားပြီ ။ မပြည့်စုံသေးဖူးထင်လို့ ၊ ကွန်ပျူတာသင်တန်းတက်တယ်။

နောက်တစ်လ,လောက်နေရင် ၊ ဂရပ်ဖစ်တက်ဦးမယ်။ အဲဒါမှ၊ မပြည့်စုံသေးဘူးထင်ရင်၊ language တစ်ခုခုထပ်တက်ဦးမယ်။

ဘယ်အရည်အချင်းအတွက်၊ ဘာကို သင်ကြားရမှန်းမသိဘဲ၊ကောင်းနိုးရာရာ ရှာဖွေလေ့လာနေရတဲ့ ကျွန်တော်က၊ယောက်ကျားတစ်ယောက်ရဲ့၊ အဓိက, အရည်အချင်းဆိုတာကို၊ တကယ့်သိချင်စိတ်နဲ့၊ မေးမိတာပါဗျာ"

အတန်ကြာသည် အထိ၊ ဘာမျှ မတုံ့ပြန်။ကျွန်တော်က၊ "ဘာမှ၊ မပြောတော့ဘူးလား"ဟု၊ လှမ်းမေးလိုက်သည်။ "sorry" . . ဟု၊ သူရေး၏။ ပြီးနောက်, Sign out လုပ်သွားသည်။ငါးမိနစ်လောက်၊ ထိုင်စောင့်နေဖြစ်သေး၏ ။ ကမ္ဘာ့ဆက်သွယ်မှု ဧရိယာတစ်ဝှမ်း၊ ခြောက်ခမ်းရပ်တန့်သွားပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ"ဟု၊ လူချစ်အောင်မေး၏။ကျွန်တော်က၊ ပယင်း ဆိုသည့်ကောင်မ,လေးနှင့်၊ အွန်လိုင်းမှတစ်ဆင့်၊ ဆက်သွယ်မိကြောင်း၊ ထို့သို့, အဆက်အသွယ်ပြုရင်းမှ၊ နှုတ်ဆက်စကားမဆိုရဘဲ ၊ ဆက်သွယ်မှု ပြတ်တောက်သွားသဖြင့် ၊ စိတ်ထဲတွင် ၊ တစ်မျိုးကြီးခံစားရကြောင်း၊ လေးနက်စွာ ပြောပြသည် ။ လူချစ်-အောင်က၊ ကျွန်တော့်ကို၊ လှောင်၏။

"ပယင်းဆိုမှတော့၊အရက်သောက်တတ်တဲ့၊ အရက်သမားတစ်ယောက်ယောက်က၊ နာမည်ပြောင်မှည့်ထားတာ နေမှာပေါ့ ။ ပယင်းရောင် ဆိုတဲ့၊ ခေတ်ဟောင်း ရုပ်ရှင်ကားတစ်ကား ၊ ရှိဖူးတယ်လေ။အရက်သမား ဇာတ်ကား။

ပယင်းရောင် ဆိုတာ ၊ အရက်ပုလင်းရဲ့ , အရောင်ကိုတင်စားထားတာကွ။ငါ,ထင်တာတော့၊ ယမကာလုလင် တစ်ယောက်ယောက် ၊တင်ထားတာပဲဖြစ်မယ်"

မဟုတ်လောက်ပါဘူးဟု၊ ကျွန်တော် ငြင်းချင်သော်လည်း၊ ဟုတ်များဟုတ်နေလေမလားဟု၊ တွေမိပြန်သောကြောင့်၊ လူချစ်





-အောင်စကားကို၊ ကျွန်တော် မကန့် ကွက်မိ။

"သိပ် ,ကြွေမနေပါနဲ့ကွာ။ ဂျီတော့ခ် ပေါ်လာတာကိုက၊ မင်းတို့ လိုကောင်မျိုးတွေ၊ အလိမ်ခံရဖို့ များတယ်။

ပထမ, တစ်ယောက်ကို၊ ကိုကိုနေ၁် . . လို့၊ ရိုက်ပြီး။ဒုတိယ တစ်ယောက်ကို၊ မောင်, စောင့်နေတာကြာပြီလား . . လို့ ရိုက်။ပြီးတော့ . . တတိယ တစ်ယောက်ကို၊ ခဏ စောင့်နေ၁် ။ မိန်းကလေးသူငယ်ချင်း တွေနဲ့၊ ချက်လိုက်ဦးမယ် . . ဆိုပြီး၊ ယောက်ကျားလေးတွေကို၊ အရှုးလုပ်နေတဲ့၊ ကောင်မ,လေးတွေ၊ အများကြီးပဲ။

နောက်ပြီး။ယောက်ကျားလေးကၢမိန်းကလေး ပုံတင်ထားပြီး ၊ ယောက်ကျားလေး အချင်းချင်း ဦးနှောက်ဖျက်နေတဲ့သူတွေလည်း၊ အများကြီးပဲ။

မိန်းကလေး သုံးလေး ယောက်လောက်ကို၊ တပြိုင်တည်း၊ ချက်နေတဲ့၊ ငါ့လို, ကောင်တွေလည်း၊ အများကြီးပဲ။ မင်း,ရူးသွားလိမ့်မယ် မင်းမျိုးနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက၊ ဘာဘာညာညာ အတွက်၊ ချက်တာ မဟုတ်ပါဘူး ။ အင်တာနက်အသုံးပြုတာ၊ ကျွမ်းကျင်ဖို့ တွေ့တဲ့နာမည်နဲ့၊ ချက်ကြည့်တာပါ။ပယင်းကားနတ်မဆက်ပဲ၊ Out သွားလို့စိတ်မကောင်းဖြစ်တာ"

"လူမမြင်ရဘဲနဲ့၊မလွမ်းစမ်းပါနဲ့ကွာ။တော်ကြာ၊ အလွမ်းတွေမျက်စိလည်သွားပါဦးမယ်"

"လွမ်းတာမဟုတ်ပါဘူးဆို"ဟု၊ ပြောပြီး၊ကျွန်တော်က၊

"မင်းလည်း။ သင်တန်းတက်ပါလားကွာ။ ဘာလို့၊ အချိန်ဖြုန်းနေမှာလဲ။ဘာပဲပြောပြော၊အခု၊ အင်တာနက်ကိစ္စတွေ။ချက်တင် ဝင်တာတွေ။မင်း၊ ကြားဖူးနားဝ,ပဲ ရှိတယ် ။ သေသေချာချာ ၊ သင်မထားဘူး။

အိမ်က မေးတဲ့အခါ၊ မင်း,လိမ်နိုင်ပေမဲ့ ၊ တကယ်သိတဲ့သူက၊ မေးရင်။အိုးနင်းခွက်နင်းဖြစ်မယ်။နောက်လ,လောက်ဆို၊မင်းလည်းပြန်တော့မှာပဲဟာ၊ ဘာမှ၊ မတတ်ရင်တောင်၊ ဂျီ-မေးလ်ဖွင့်တာ၊





ဂျီ-တော့ခ် ဖွင့်တာ လောက်တော့ ၊ သင်သွားပါလား။လွယ်ပါတယ်။ ငါ,သင်ပေးပါ့မယ်"

"စိတ်မဝင်စားဘူး။ ငါ့ရည်းစားတွေထဲမှာ၊ အင်တာနက် အကြောင်း၊တစ်တွတ်တွတ်ပြောပြတဲ့သူ၊ နှစ်ယောက်လောက်ရှိတယ်။သင်စရာမလိုဘူး။ လွတ်လွတ်လပ်လပ်ပဲ၊ နေပါရစေကွာ"

ကျွန်တော်၊ ဘာမျှ မပြောတော့။ပယင်းနှင့်သာ၊ တစ်ခုခု ပြောချင်နေမိသည်။

ထိုညက၊ ကျွန်တော် . . နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်။ ဂျီ-တော့ခ်(Google Talk) တွင်၊ တင်ထားသည့်၊ ပယင်း၏ဓာတ်ပုံလေးကို၊ မကြာခဏ မြင်ယောင်နေမိ၏။ထို,စိတ်ခံစားမှုကိုတော့၊ လူချစ်အောင်ရှေ့တွင်၊ ကျွန်တော်၊ ရင်မဖွင့်ဖြစ်တော့။လှောင်ပြောင်နေမှာစိုးလေသည်။

"ဟဲ့ . . ပယင်း။ခဏ"

"ဘာလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



"နင်,ဘယ်တော့ပြန်မှာလဲ"

"သင်တန်းပြီးရင်ပြန်မှာပေါ့။ဘာဖြစ်လို့လဲ"

"ငါ, မနက်ဖြန်ပြန်မှာ။ဆရာ့ကိုတော့၊ ပြောပြီးပြီ"

"ဘာဖြစ်လို့ပြန်မှာလဲ။သင်တန်းမှ၊မပြီးသေးတာ"

"ဘ,ကြီးမြ ဆုံးသွားလို့တဲ့။ အိမ်က,ပြန်လာခိုင်းတာ။နင် . . ,ဘာမှာဦးမလဲ။ အိမ်ကို"

"မမှာတော့ပါဘူး။နင့်,အမေကိုသာပြောပေး။ သင်တန်းမပြီးသေးလို့၊ နေခဲ့ရတာလို့။နော်"

"အေးပါ။ကိစ္စမရှိပါဘူး။နင်,မှာစရာရှိ မှာရအောင်၊ ငါ,လာမေးတာ"

အထက်ပါ စကားများကို၊ ပြောနေသောကောင်မ,လေးနှစ်ယောက်သည်၊ ကျွန်တော် တက်နေသည့်၊ သင်တန်းမှ၊ ကောင်မ,လေးများ ဖြစ်ကြ၏။

ပယင်း ဆိုသောကောင်မ,လေးကို၊ ကျွန်တော်, ငေးကြည့်နေမိသည်။သူနှင့်သူ့သူငယ်ချင်း၊ လမ်းခွဲသွားသည့်အခါ၊ ကျွန်တော်





သူ့နောက်,ခပ်လှမ်းလှမ်းမှ၊ လိုက်ပါနေမိ၏။သူ,သတိထားမိပုံ၊ မရ။

( ကိုယ်, အဲဒီတုန်းက၊ ဘယ်လောက်၊ရင်တွေခုန်နေမယ်ဆိုတာ၊ တွေးကြည့်စမ်းပါ ပယင်းရယ်။အင်တာနက်ပေါ်မှာ၊တွေ့တဲ့ ပယင်း များလား . . ဆိုတဲ့၊ မျှော်လင့်ရင်မောမှု၊ ဟုတ်ပါတယ်ဆိုရင်တောင်၊ အနားကို၊ ဘယ်လိုကပ်ရမှန်းမသိတဲ့၊ ထိတ်လန့်မှု၊ ပြီးတော့, အံ့ဩလောက်အောင်၊ ပျော်နေမိတဲ့၊ ကြည်နူးမှု၊ အဲဒါတွေ၊ အားလုံး၊ စုပေါင်းတည်ဖွဲ့သွားရတဲ့၊ ကိုယ့်ရဲ့,ရင်ခုန်ပျော်မောခြင်းဟာ၊ တစ်သက်တစ်ခါပ်ါပဲ ပယင်းရယ်)

Cyber cafe (အများခေါ်- အင်တာနက်ကဖီး) တစ်ခုအတွင်းသို့၊ ပယင်း ဝင်ရောက်သွားသည်။ကျွန်တော်ပါ လိုက်ဝင်မည်ပြုပြီးမှ၊ အခြား ဆိုင်တစ်ဆိုင်ရှိရာသို့၊ အပြေးလှမ်းခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျီ-တော့ခ် ကို၊ ဖွင့်ဖွင့်ချင်း ၊ စာတစ်စောင် ရောက်နေသည်ဟု၊ သိရ၏။

စာပို့သူ၏ ဂျီ-မေးလ် လိပ်စာမှာ . .

payinn@gmail.com ဟု၊ တွေ့ရ၏။ကျွန်တော်, စိတ်လှုပ်ရှားစွာ၊ ဖတ်လိုက်သည်။

တို့ ,ကိုယ်တိုင်လည်း ၊ ကျောင်းပြီးသွားပြီ။ ဘာဆက်လုပ်ရမှန်း မသိလို့ ကွန်ပျူတာ သင်တန်းတက်နေတာပါ။မင်းမျိုးနိုင်ပြောသလိုပဲ၊ ယောက်ျားတစ်ယောက်ရဲ့၊ အဓိက, အရည် အချင်းဆိုတာ၊ ဘာလဲ ..လို့ ၊ မင်းမျိုးနိုင် မသိသေးသလို၊ တို့ ကိုယ်တိုင်လည်း၊ မင်းမျိုးနိုင်ကိုနောက်ပြောင်ပြီးတော့မှ ၊ မိန်းကလေး တစ်ယောက်ရဲ့ ၊ အဓိက, အရည်အချင်းက,ရော ၊ ဘာလဲ .. ဆိုတာ၊ မသိသေးမှန်း၊ ကိုယ့်ကိုကိုယ် တွေးမိတယ်။

မသိတဲ့ သူ့ အချင်းချင်း၊ လှောင်ပြောင်မိတာ၊ မှားသွားမှန်းသိလို့ ၊ဒီစာကို ၊ရေးလိုက်တာပါ ။ စိတ်လည်း၊ မကောင်းဘူး။ စိတ်မဆိုးပါနဲ့လို့လည်း၊





တောင်းပန်ပါတယ်။

တို့က၊ “.......”တက္ကသိုလ်က ၊ကျောင်းပြီးတာပါ။အိမ်အလုပ်ပဲ ကူလုပ်ရမယ်မှန်းသိပေမယ့်၊ အမြင်ကျယ်မလားထင်ပြီး၊ ရန်ကုန်မှာ၊ ကွန်ပျူတာသင်တန်းလာတက်တာပါ။မိဘ,အထောက်အပံ့သာမရှိရင်၊ ကိုယ်ပိုင်အရည် အချင်းဆိုတာ ၊ဘာမှန်းမသိတဲ့၊ အခြေအနေပါ။

ဒါကို၊ သတိမမူမိဘဲ၊ ယောက်ျားတစ်ယောက်ရဲ့၊ အဓိက,အရည်အချင်းက၊ ဘာလဲ ..လို့၊ မစာမနာ၊ လှောင်ပြောင်ခဲ့မိတာ၊ တို့ ,တော်တော်မှားပါတယ်။ ခွင့်လွှတ်ပါနော် ။ ဒါလေးများ ၊ ရေးကြီးခွန်းကျယ်တောင်းပန်နေရသလားလို့၊ တချို့,ထင်ကောင်း၊ ထင်နိုင်ပါတယ်။

ဒါပေမဲ့ , မင်းမျိုးနိုင် တော်တော်ခံစားသွားရတယ်ဆိုတာ၊ တို့သိတယ်လေ။ နောက်ပြီး ..., ဒီနေ့,တာလ,မှာ ၊ အတန်းပညာလေး မတောက်တခေါက်, သင်၊ လှလှပပ ပြင်နိုင်ဆင်နိုင်, လှနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဝ,နိုင်ရင်ပဲ၊ မိန်းမ, တစ်ယောက်ရဲ့၊ အဓိက,အရည် အချင်း၊ ပြည့်စုံနေပြီလို့ ထင်နေတတ်တဲ့၊ တချို့, မိန်းကလေးမျိုးတွေရှိနေနိုင်တယ်လေ။

တို့ကို ၊ အဲဒီလိုမိန်းကလေးမျိုးတွေနဲ့ရောပြီး မြင်သွားမှာ စိုးလို့ ၊ နိုင်ငံတစ်ဝှမ်းလုံးမှာ ရှိတဲ့ ၊ ကိုယ်ပိုင် အရည်အချင်းနဲ့ ရပ်တည်ဖို့ ကြိုးပမ်း နေကြတဲ့ ၊ မိန်းမသား အားလုံးရဲ့ကိုယ်စား၊ တို့ ဒီစာကိုရေးတာပါ။ပြောမှားဆိုမှား၊ အားလုံးကို၊ ခွင့်လွှတ်ပါ ။ ။

**တောင်းပန်လျက် –**

**ပယင်း**

စာကို၊ စိတ်ဝင်တစားဖတ်နေစဉ်၊ စာတန်းတစ်ခု၊ တက်လာ၏။ ပယင်း၏ စာတန်းဟု၊ သိသည်။

"မေးလ်ထဲမှာ ၊ စာပို့ထားတယ် ၊ ဖတ်ပြီး ပြီလား"

ကျွန်တော် ကမန်းကတန်း အကြောင်းပြန်လိုက်သည်။





"ပြီးပြီ။ အခုပဲ"

"စိတ်ဆိုးနေလား"

"မဆိုးဘူး။ မနေ့ကလိုင်းချ,သွားလို့၊ စိတ် မကောင်း ဖြစ်နေတာ"

"ဒီက,လည်း၊ စိတ်မကောင်းဖြစ်ပြီး၊ လိုင်း ချ,လိုက်မိတာ"

"သတိရနေမိတယ်။ညက"

"မှတ်ဉာဏ်ရှိရင်၊ သတိဆိုတာ၊ ရတတ်တာ ပဲ"

"နောက်ပြန်ပြီလား"

"စိတ်ထိခိုက်လောက်အောင်၊ နောက်မိလို့ လား"

"ကြိုက်ကာတဲ့သဘောပါ"

"တော်တော်ကြောက်တတ်တယ်နော်"

"တစ်ခါမှ ၊ မပိုင်ဆိုင်ဖူးတဲ့ အရာတစ်ခု ၊ ကျပျောက်သွားမှာစိုးတာပါ"

"လူရိုးလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အပွေးမြင်ရင်၊ အပင်သိမှာပါ"

"ဘာ . . ။ပွေးပေါက်နေတယ်။ဟုတ်လား"

"နောက်ပြန်ပြီလား"

"မနောက်တော့ဘူး။ အတည်မေးမယ်"

"မေးပါ"

"တို့ လိပ်စာ၊ ဘယ်က, ရတာလဲ"

"ပယင်း သုံးသွားတဲ့စက်မှာ ၊ ထိုင်မိတာ ။ နာမည်ကျန်ခဲ့တာတွေ့လို့၊ ရမ်းပြီးဆက်သွယ်ကြည့်တာ။နာမည်လေးက၊ ထူးဆန်းလို့ပါ"

"တကယ်ပြောတာလား"

"မရှိမဲ့,ရှိမဲ့ အရည်အချင်းလေး ပြောပြပါဆိုရင်၊ မလိမ်တတ်တာ။ ကျွန်တော့် အရည်အချင်းပါ"

"အလဲ့"

"အလဲ့ ဆိုတာ၊ ဘယ်သူ့နာမည်လဲ"

"နာမည်မဟုတ်ဖူး ။ တယ်ဟုတ်ပါလားလို့၊ ချီးကျူးတာ"





"ခုနက ၊ ပယင်း အနားမှာ ကျွန်တော် ၊ ရှိတယ်"

"ဟော့။ဒါဆို၊ လိုင်းပေါ်မှာသိတာမဟုတ်နိုင်ဘူး။အပြင်မှာ၊ကတည်းက၊သိနေတာမဟုတ်လား"

"ပယင်းရဲ့သူငယ်ချင်းကောင်မ,လေးက၊ သူ့ ဘကြီး ဆုံးတဲ့အကြောင်း ပြောဖို့ ၊ ပယင်းရဲ့ နာမည်ကို ၊ လှမ်းခေါ်လိုက်လို့ ၊ ပယင်းကို ၊ ကျွန်တော်, မြင်ဖူးလိုက်တာပါဗျာ။ ကျွန်တော် ၊ မလိမ်ပါဘူး ။ နာမည်ကိုလည်း ၊ လိုင်းပေါ်မှာ ၊ တွေ့တာပါ။လူကိုလည်း၊ အခုမှ၊ မြင်ဖူးတာပါ"

"ဒုက္ခပဲ"

"ဘာဖြစ်လို့လဲဗျာ"

"တို့။ ဘယ်သူနဲ့မှ၊ အပြင်မှာ၊ မခင်ချင်ဘူး။ တို့ကို၊ သိနေပြီဆိုတော့။အပြင်မှာ၊ လာမခေါ်ပါနဲ့လား"

"ဘာကြောင့်များလဲဗျာ"

"Chatting ထိုင်တာ၊ အင်တာနက်အသုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုတာ၊ ကျွမ်းကျင်ချင်လို့ ထိုင်တာလေ။ ဟိုလူနဲ့ ခင်လိုက် ၊ ဒီလူနဲ့ ခင်လိုက် ၊ ရှုပ်ရှုပ်ယှက်ယှက် လုပ်ဖို့မှ၊ မဟုတ်တာ"

"ကျွန်တော်က,လည်း၊ ရှုပ်ရှုပ်ယှက်ယှက် လုပ်ဖို့၊ ဆက်သွယ်တာမဟုတ်ဖူးလေ"

"ဒါဆို။ပြီးရော"

"ကျွန်တော်လည်း . . တစ်ခုပြောထားချင် တယ်"

"ပြော"

"ပယင်းကို၊ ပယင်းကိုယ်တိုင်၊ခွင့်မပြုချင်း၊ ဘယ်တော့မှ၊ ကျွန်တော် . . ,လာ ,မနှုတ်ဆက်ဘူး"

"အလဲ့"

"မနောက်နဲ့"

"ချိုကျူးတာလေ"

"ကျွန်တော်က, လည်း ၊ နည်းပညာ အရ တိုးတက်ချင်လို့ လေ့ကျင့်တဲ့သဘောပါ"

"ရိုးသားတယ်ပေါ့"





"လူကို၊ မမြင်ဖူးခင်အထိ၊ ရိုးသားပါတယ်"

"ဟိုက်။ ဒါ,ဘာစကားလဲ"

"ကျွန်တော်။ မလိမ်တတ်ဘူးလေ။ ဒါပေမဲ့။ ကတိမဖျက်ဘူး"

"ဘာကတိလဲ"

"ပယင်းကို၊ (လုံး၀) လာ , မနှုတ်ဆက်ဘူး ဆိုတဲ့ကတိ"

"တွေ့သမျှကောင်လေးတွေကို၊ မင်းမျိုးနိုင် လားဟင် . . လို့၊ လိုက်မေးရတော့မယ်ထင်ပါရဲ့"

"တွေ့ချင်တယ်ဆိုရင်တော့၊ ဒီလိုပဲ၊ စွန့်စား ရမှာပေါ့"

"ကျွန်မ, ကြိုးစားပါ့မယ် မောင်ကြီးရယ်"

"ဟားဟား၊ မနောက်နဲ့"

"အမှန်အတိုင်းပြော။တို့ကို၊ အရင်ကတည်း က၊ သိနေတာ မဟုတ်ဘူးလား"

"အမှန်အတိုင်း ပြောမယ် ။ မဟုတ်ဘူး ။ နာမည်တွေ့လို့၊ ဆက်သွယ်မိတာ။ လူကိုတော်၊



www.burmeseclassic.com

www.burmeseclassic.com



ခုနကမှ ၊ မြင်ဖူးတာ ။ ဒါတောင် ၊ ပယင်းရဲ့ ၊ သူငယ်ချင်းက၊ နာမည်ခေါ်လိုက်လို့၊ သိရတာ"

"တို့၊ အနားမှာ၊ မင်းမျိုးနိုင်က၊ ဘာလို့၊ရှိနေရတာလဲ"

"ကျွန်တော်က၊ အဲဒီမှာ၊ သင်တန်းတက်နေတာပဲ"

"ဟားဟား။မယုံဘူး"

"ယုံယုံ၊မယုံယုံ။ ကျွန်တော်၊မလိမ်တတ်ဖူး။ လိမ်တတ်ရင်တောင်၊ မလိမ်ဘူး"

"ဒါဆို။နေရပ်လိပ်စာပြော"

" (. . )မြို့။(. . . )ရွာ"

"ဟာဟ။ အဲဒါတို့နေတဲ့မြို့။မင်းမျိုးနိုင်ပြောတဲ့ရွာက၊ တို့မြို့စွန်က . . ရွာ။

မလိမ်နဲ့။ အရင်ကတည်းက၊ တို့ကို ၊ သိနေပြီးသား ၊ မဟုတ်လား ။ အမှန်အတိုင်းပြောရင်၊ လူချင်း၊ တွေ့ခွင့်ပေးမယ်"

"တွေ့ခွင့်မပေးရင်နေ ။ လိုချင်တဲ့၊ အခွင့်



အရေးကို၊ မမှန်တာပြောပြီး၊ ဘယ်တော့မှ၊ မယူဘူး"

"ပြတ်သားလှချည်လား"

"ယောက်ကျားကောင်း တစ်ယောက် . . ဖြစ်ချင်လို့ပါ"

"ယုံချင်စရာတောင်၊ ကောင်းနေပြီ"

"ယုံယုံမယုံယုံ။ ခင်ဗျားယုံအောင်၊ အရေးအကြီးဆုံး၊ စကားတစ်ခွန်းပြောမယ်"

"ပြောစေ"

"ကျွန်တော် . . ပယင်းကို၊ ချစ်တယ်"

"ဟဲ့။ပလုပ်တုပ်"

"မလှောင်ပါနဲ့"

" Chatting ထိုင်တာ ၊ ရည်းစား စကားပြောဖို့လား"

"ရင်ထဲက . . ၊ အလိုလို ထွက်ကျလာတဲ့ စကားကို၊ ရည်းစားစကားလို့၊ မသုံးနှုန်းပါနဲ့"

"ဘယ်လို။သုံးနှုန်းရမှာလဲ။အမိန့်ရှိပါ"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်မေတ္တာ စကား"

"မေးတာဖြေဦးလေ"

"ဘာဖြေရမှာလဲ"

"Chatting ထိုင်တာ၊ အဲဒီ့ စကားတွေ၊ ပြောဖို့လား"

"ကမ္ဘာတစ်ဝှမ်းလုံးမှာ ရှိတဲ့၊ လူသားအချင်းချင်း၊ ဓလေ့စရိုက်,ယဉ်ကျေးမှု, နိုင်ငံရေး, လူမှုရေး အသိအမြင်တွေ . . ဖလှယ်ဖို့ပေါ့။

ဒါပေမဲ့။ပယင်းနဲ့ပြောနေရင်းက၊ ဖြစ်လာတဲ့၊ စိတ်ခံစားချက်ကိုတော့၊ ကျွန်တော်, ဘာသာမပြန်တတ်ဘူး"

"ကိုယ်တိုင် ၊ Translation မလုပ်နိုင်တဲ့၊ ဘာသာ စကား တစ်ခွန်းကို ၊ သူတစ်ပါးကို . . , မပြောသင့်ဘူး"

"စာနာ ခံစားနိုင်စွမ်းရှိမယ်ဆိုရင်၊ တစ်ဦးနဲ့တစ်ဦးကြားမှာ ဘာသာစကားမလိုပါဘူး"

"အလဲ့။တယ်စာတဲ့ဆိုပါလား"





"ဗျာ"

"တယ်ဆိုတဲ့စာပါလားလို့ပြောတာ"

"ဪ"

"အရေးအကြီးဆုံးစကားပြောတယ် ဆိုတဲ့လူကို၊ အရေးအကြီးဆုံး၊ မေးခွန်းမေးမယ်"

"မေး"

"အချစ်ဆိုတာဘာလဲ"

" ?????? "

"ဟော့။ဖြေနော်။မဖြေနိုင်ရင်၊ စာမေးပွဲကျမယ်"

"ကျွန်တော် ၊ တစ်ခါမှ၊ မချစ်ဖူးဘူး"

"မောင်လေးအဖြေမှားတယ်"

"ဖြေတာမဟုတ်ဘူး။ညည်တွားမိတာပါ"

"ညည်းတွားတာ ၊ မဲဆောင်ရွက်နိုင်သူတွေရဲ့, အပြုအမူ"

"ကျွန်တော်၊ ချက်ချင်း၊ မဖြေနိုင်ဘူး"

"ချစ်တယ်လို့၊ ပြောပြောပြီး၊ အချစ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်း မသိတဲ့ ၊ လူတွေထဲမှာ ၊ သင်မပါစေနဲ့ မိတ်ဆွေ။"

"ပယင်းရော . . သိလို့လား"

"အမှတ် ပေးရမည့်သူကို ၊ မေးခွန်း ,ပြန် မထုတ်ပါနှင့်။"

"ဟုတ်"

"မည်သူနှင့်မျှ၊ တိုင်ပင်ခွင့်မရှိ။မည်သည့် အဆိုအမိန့်ကိုမျှ၊ မှီငြမ်းခွင့်၊ မရှိ။ သင်၏, အဖြေ သည် ၊ အတွေး အခေါ်ပါ၍ ၊ ခံစားမှု ၊ ပြည့်ဝ, ရမည်။သူများနှင့်တိုင်ပင်ခဲ့သော် ၊ သူတစ်ပါး၏ အချစ်သာဖြစ်သည်။"

"ဘာကြောင့်လဲ"ဟု ၊ ကျွန်တော်, မေးလိုက်သည်။သူ,ရိုက် နှိပ်နေသည့်၊ စာကြောင်းများကို၊ အချိန်တော်တော်ကြာကြာလေး၊ စောင့်မျှော်လိုက်ရ၏။

"တစ်ယောက်ယောက်က၊ ဒီလိုဖြေ,ဒီလိုဖြေ ဆိုပြီး၊ အကြံပေးတယ်ဆိုပါတော့။အဲဒီအကြံပေး စကားကြောင့်၊ သဘောကျ , လက်ခံမိတယ်ဆိုပါ





တော့။

အဲဒီလက်ခံမှုဟာ၊ မင်းမျိုးနိုင်ကိုလက်ခံတာ မျိုး၊ မဟုတ်တော့ဘူး။ အကြံပေးတဲ့သူကို၊ လက်ခံ တာမျိုး၊ သက်ရောက်သွားတယ်။

တချို့ ရှိပါတယ် ။ ကိုယ် . . ,နှစ်သက်တဲ့ မိန်းကလေးကို၊ သူများသင်ပေးတဲ့စကားနဲ့ ။ချစ် စကားပြောကြတာလေ။အဲဒါ . . ,ကိုယ်မွေးချင်တဲ့ ပန်းကို၊ သူတစ်ပါးနှာခေါင်းငှားပြီး၊ မွှေးတာမျိုးပဲ" ထိုစကားကို၊ ကျွန်တော်, မခံချင်။

"ဒါဆို၊ ပြောတတ်ဆိုတတ်တဲ့၊ ကောင်တွေ က၊ ကိုယ်တိုင်ပြော။ကိုယ်တိုင်ရ။ကိုယ်တိုင်မွှေး။

မပြောတတ် မဆိုတတ်တဲ့ ကောင်တွေက၊ နုံနုံအအ,နဲ့။ကိုယ်နှစ်သက်တဲ့၊ ကိုယ့်ချစ်သူနဲ့ဝေးပေါ့။ ဟုတ်လား။

မိန်းကလေးတွေက၊အပြောကောင်း,သဘော ကောင်းကျတော့၊ ရွေးချယ်တတ်ပြီး။မနောကောင်း တဲ့သူကိုကျတော့၊ အပြောမကောင်းရင်၊ မရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြတော့ဘူးပေါ့။ဟုတ်လား။

မရ,ခင်ဖျာလိုလိပ်,ထိပ်ပေါ်တင်။ရပြီးရင်၊ ဖျာလိုခင်းပြီး၊ နင်းတယ်၊ ဘာ . . ညာ . . ဆိုတာ။ အဲပြောကောင်းတဲ့ကောင်တွေရဲ့၊ စကားရေယာဉ် ကျောမှာ၊ အိပ်မက်တွေနဲ့မျောပြီး၊ ဒုက္ခရောက်ကြတာ။အဲဒါ, ကျွမ်းကျွမ်းကျင်ကျင်ဟန်ဆောင်တတ်ကြသူတွေရဲ့ ၊ ပြောမှု ဆိုမှု လောက်ပဲ၊ ကြည့်ပြီး၊ ဆုံးဖြတ်ကြလို့၊ ဖြစ်တာ။

ကျွန်တော်က,တော့၊ ပြောတတ်သလောက် သေသေချာချာ စဉ်းစားတွေးခေါ်ပြီး ပြောမယ်။ ချစ်တဲ့အချစ်ကို၊မမြင်တတ်ဘဲ။ပြောတဲ့စကားလုံးကို၊ မကြိုက်လို့၊ မတုံ့ပြန်ပါဘူးဆိုရင်လည်း . . . ၊ နှစ်ယောက်ရဲ့၊ ကံတရားပေါ့ဗျာ။"

"အချစ်ဆိုတာ၊ ဘာမှန်းမသိသေးတဲ့သူရဲ့၊ သုံးသပ်ချက်တွေက၊ လက်ဖျားခါလောက်တယ်။

မောင်လေး အမှတ်တရလက်ဆောင်ကို၊ ရပါစေ . . လို့။မမဆုတောင်းပါတယ်ကွယ်"





ကျွန်တော် ဘာမျှ ပြန့်မရေးပြခင်၊ သူ့စာတန်းထပ်တက်လာသည်။

"Connection တွေကျနေတယ်။နှုတ်ဆက်ပြီနော်။ အကောင်းဆုံးဖြေဆိုနိုင်ပါစေ"

ကျွန်တော်၊ ဘာမျှ ဆက်ရိုက်၍ မရတော့ချေ။ဆက်သွယ်မှုစွမ်းအား ကျဆင်းသွားသည်။လိုင်းပေါ်တွင်၊ သူရှိနေသေး၏။သူ့အမည် နံဘေးတွင်၊ အစိမ်းရောင်လေးရှိနေ၏။ အနီရောင်၊ မဟုတ်သေး။



www.burmeseclassic.com

www.burmeseclassic.com



၁၃။

"မိန်းကလေးတွေနဲ့ ၊ တရင်းတနှီး မခင်မင်ဖူးလို့ မင်း၊ စိတ်ကစားတာနေမှာပါကွာ"ဟု၊လှူချစ်အောင် ကျွန်တော့်ကို၊ဝေဖန်၏။ကျွန်တော်က . .

"အသက်ပဲ နှစ်ဆယ့်လေးနှစ်။စိတ်ကစားရမယ့်အရွယ်လားကွ ။မမြင်ဘူးခင်အထိတော့ ၊ ဘာမှ၊ မဖြစ်ပါဘူး။ လူကို ၊ မြင်ဖူးလိုက်တော့မှ၊ ချစ်စကားပြောမိတာ"

"မမြင်ဘူး,မူးမြစ်ထင် ဆိုတာ၊ အဲဒါပေါ့ကွ"

"မင်း,တော်တော်နှိမ်တဲ့ကောင်ပဲ"

"နှိမ်တာမဟုတ်ပါဘူး။ဖြစ်တတ်တဲ့သဘောကို၊ ပြောပြတာပါ။ဒါနဲ့ , မင်းကို၊အဲဒီ , ပယင်းက၊ပြန်ကြိုက်ရောတဲ့လား"

"အဖြေမရသေးဘူး"

လှူချစ်အောင်က၊ မဲ့ပြုံးပြုံးလျက် . .

"မင်းကို၊ ဟိုက၊ မြင်မှ မမြင်ဘူးတာ၊လူ့, မမြင်ဘူးဘဲ၊ချစ်ဖို့ကြိုက်ဖို့ဆိုတာ။ဘယ်ဖြစ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ၊ ဘာလဲ" ဆိုတဲ့၊မေးခွန်းကို ၊ ဖြေနိုင်ရင်၊ ပြန်ချစ်လိမ့်မယ်"ဟု၊ ကျွန်တော်၊ လူချစ်အောင်ကို၊ ပြောမပြဖြစ်။ ပြောပြမိလျှင်လည်း၊"မဖြစ်နိုင်ဘူး"ဟု၊ သူ . . ဝေဖန်ပေဦးမည်။

ထို့အပြင်၊ ပယင်းက၊ မည်သူနှင့်မျှ၊ မတိုင်ပင်ရ . . ဟု၊ စည်းကမ်းထုတ်ထားသဖြင့်၊ တိုင်ပင်သလိုဖြစ်မှာ၊ စိုးသောကြောင့်၊ လူချစ်အောင်ကို၊ ပြောမပြခြင်း၊ ဖြစ်သည်။

သို့သော်၊ကျွန်တော်ကိုယ်တိုင် သိဖို့တော့၊တကယ်လိုအပ်ပေသည်။ထို့ကြောင့်၊ လူချစ်အောင်မှ တစ်ဆင့်၊ ဥပါယ်တမျဉ်ဖြင့်၊ လေ့လာဆန်းစစ်ဖို့ ၊ ကျွန်တော်၊ကြိုးပမ်းမိ၏။

"မင်း . . , မိန်းကလေးတွေကို ၊ ဘာဖြစ်လို့ ချစ်တာလဲ"

"ချစ်ချင်လို့ချစ်တာပေါ့"

ကျွန်တော် သိချင်သော၊ အဖြေမဟုတ်။ထို့ကြောင့်၊ ဆက်မေးဖြစ်သည်။

"သူတို့ဆီက၊ ဘာလိုချင်လို့ချစ်တာလဲ"

"အကုန်"

"ဘာ"





လူချစ်အောင်က၊ ရယ်လျက် . .

"သိချင်းရှိတယ်လေကွာ။အကုန်ရရင်ရ၊ မရရင်၊ ဘာမှ မလိုချင်ဘူးဆိုတာ။မင်း,ကြားဖူးတယ် မဟုတ်လား"

"ဘာအဓိပ္ပါယ်လဲ"

"ဩော် . . ။ချစ်သူနဲ့ ၊ စကားပြောနေခွင့်ရော။သူ့ကို၊ မွှေးမွှေးပေးခွင့်ရော။ သူနဲ့ ဆုံဆည်းခွင့်ရော။ သူ့ရဲ့၊ အရာအားလုံးပေါ့ကွာ"

"အဲဒီထဲက၊ တစ်ခုမှ၊ ရပိုင်ခွင့်မရှိဘူးဆိုရင်ရော။ မင်း, မချစ်တော့ဘူးလား"

"no"

"ဘာမှ၊ မရဘဲ၊ ချစ်နေတဲ့သူရော၊ မရှိနိုင်ဘူးလား"

"ရှိချင်ရှိမှာပေါ့။ငါက,တော့၊ မိန်းကလေးရော၊ ယောက်ကျားလေးရော၊ တစ်ယောက်ဆီက တစ်ယောက်၊ တစ်ခုခုလိုချင်လို့၊ ချစ်နေကြတယ်လို့ပဲ၊ သတ်မှတ်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ တစ်ခုမှ မရှိဘဲ၊ ဘယ်သူမှ ၊ မချစ်
ဘူး"

အချစ်၏အဓိပ္ပါယ်ကို၊ လှချစ်အောင်၏ခံယူချက်ကြီးဖြင့်၊ မည်သို့မျှ၊ ဖော်ညွှန်း၍၊ ရမည်မဟုတ်။

"ဘာလဲ။ ပယင်းက၊ ဘာဖြစ်လို့ချစ်တာလဲ
မေးရင်၊ ဖြေနိုင်အောင်လို့၊ ငါ့ကို၊ မေးနေတာလား"

"မင်း , စကားအတိုင်းသာ ၊ ဖြေလိုက်ရင်၊
ပယင်း တွင်မဟုတ်ဘူး ။ မြန်မာပြည်မှာ . . ရှိတဲ့
မိန်းကလေးအားလုံး၊ ငါ့ကို၊ ဖနှောင့်နဲ့ဝိုင်းပေါက်
ကြမှာ၊ သေချာတယ်"

လှချစ်အောင်က . .

"မှန်တာပြောရင်၊ နာတတ်ကြတယ်ကွ"

"ကိုယ့်ဘက်က၊ မှန်တယ်ဆိုပေမယ့်၊ အများအတွက်၊ အကျိုးမဲ့နေတာမျိုးလည်း၊ ဖြစ်တတ်တယ်လေ"ဟု၊ ကျွန်တော်၊ ပြန်ပြောဖြစ်သည်။"လူဆိုတာ၊ ကိုယ့်အမှန်တရားနဲ့ကိုယ်၊ ရပ်တည်နေကြရတာကွ"ဟု၊ လှချစ်အောင်၊ ပြန်ပြောသည်။

ကျွန်တော်, သူ့ကို၊ စကားနိုင် မလုချင်တော့သဖြင့် . .





"ဘာပဲဖြစ်ဖြစ်ကွာ။ပယင်းရဲ့၊ရုပ်လက္ခဏာ
လေးကိုတော့။မင်း, လိုက်ကြည့်စေချင်တယ်"

"ဘာလဲ။ မင်း, မိတ်ဆက်ပေးမှာလား"

"မိတ်ဆက် ပေးဖို့၊ နေနေသာသာ။ငါတောင်,
မသိမသာ၊ ကြည့်ရမှာ"

"အဝေးက၊ ကြည့်ရမှာပေါ့"

"ဒါပေါ့"

"အဲဒါပဲကောင်းပါတယ်။ တော်ကြာ၊ ငါနဲ့
မိတ်ဆက်ပေးလိုက်လို့၊ ငါ့ကို ခိုက်သွားရင်၊ မင်း,
ကြွေသွားဦးမယ်"

မနောက်ပြောင်သင့်သော . . စကား။

"မိန်းကလေးတိုင်း၊ မင်းကို ကြိုက်လိမ့်မယ်
လို့၊ မင်း, ထင်နေတာလား လှချစ်အောင်"

"သူတို့က၊ ဘာနဲ့ထုထားတာမို့လို့လဲ"

"မင်းက,ရော၊ ဘာနဲ့ ထုထားတာမို့လဲ"

"ငါက၊ အညာသိတယ်ကွ"

လှချစ်အောင်က၊ဂုဏ်ယူစွာပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အညာကိုင်တယ်ဆိုတာ ။ လူယုတ်တွေရဲ့ အလုပ်"ဟု၊ စိတ်ထဲမှသာ၊ ကျွန်တော်, သတ်မှတ်ဖြစ်သည်။ ပယင်း ကို၊ ပြမည့် အစီအစဉ်ကိုပင်၊ ကျွန်တော်, ဖျက်ပစ်လိုက်ချင်တော့၏။

"သူလိုကိုယ်လို၊ ရုပ်ရည်ပါပဲကွာ"

ပယင်းကို၊ သတ်မှတ်သည့်၊ လူချစ်အောင်၏ ထင်မြင်ချက် စကားကြောင့်၊ ကျွန်တော်, ရင်ပေါ့ရသည်။ထို့သို့ မသတ်မှတ်ဘဲ၊ အရမ်းလှတယ်ဟု၊ သူ သတ်မှတ်လိုက်လျှင်၊ ကျွန်တော် ရင်ထိတ် နေရပေဦးမည်။

"မင်း,စကားသွားပြောလေ"

ကျွန်တော် ခေါင်းခါလျက်,

"သူ, ခွင့်မပြုပဲ၊ လာမနှုတ်ဆက်ဘူးလို့၊ ငါ, ပြောထားတယ်"

"သင်တန်းတက်နေတာ ၊ တစ်ခန်းတည်း။ လူကိုလည်း၊ မြင်ဖူးနေပြီ။အဲဒါကို၊မင်းက,လျှို့ဝှက်





ဆန်းကြယ်လုပ်နေသေးတယ်။လူချင်းတွေပြီး၊ ငါ, မင်းမျိုးနိုင်ပဲ လို့၊ ပြောလိုက်။ ပြီးနေပြီ"

"မျက်နှာချင်းဆိုင်ကြီး၊ ငါ,မပြောရဲသေးဘူး ကွ"

"ကြောက်တတ်ရင် ၊ မိန်းမလှလေးတွေနဲ့၊ လွဲတာတတ်တယ် . . တဲ့"

"မင်း, ပြောသလိုဆိုရင် ၊ သတ်ရဲဖြတ်ရဲ, လက်ရဲဇက်ရဲလုပ်ဝံ့တဲ့၊ဓါးပြတွေ,လူဆိုးလူမိုက်တွေ အကုန်လုံး၊ မယ်စကြာဝဠာတွေနဲ့ပဲ၊ ညားကုန်မှာ ပေါ့"

လူချစ်အောင်က . .

"မင်းအကြောက်လွန်နေလို့၊ ပြောတာကွ"

ကျွန်တော်က . .

"ဘယ် ,ယောက်ကျားလေးဖြစ်ဖြစ်၊ ဘယ်, မိန်းကလေးကိုမှ၊ မကြောက်ဘူးကွ။ ကိုယ့်ကြောင့်, ကိုယ်ချစ်တဲ့မိန်းကလေး ၊ စိတ်အနှောက်အယှက် ဖြစ်မှာကိုပဲကြောက်ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ငြိုငြင်မှာ၊ သူ့စိတ်အနှောက်ဖြစ်မှာ စိုးပြီး၊ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေလို့က,တော့။ဘာမှ၊ဂရုမစိုက်တဲ့ကောင်နဲ့တွေ့ရင်၊ ပါသွားလိမ့်မယ်။ကြည့်နေ"ဟု၊ လှချစ်အောင်က၊ အားမလို့,အားမရ၊ ပြောသည်။ပြီးနောက်၊ တစ်ဖက် ကားလမ်းသို့၊ လက်ညှိုးထိုးကာ,

"ဟိုမှာ၊ ကားလမ်းကူးသွားပြီ။မင်း,ဘာသာ ဆက်လိုက်ချင်လိုက်၊ မလိုက်ချင်နေ။ငါ,ပြန်မယ်"

"ငါ,ဆက်မလိုက်ပါဘူး။ သူ, အင်တာနက် သွားတာဖြစ်လိမ့်မယ်။ငါက, တခြားနေရာကနေ၊ သူ့ကို၊ Chat မှာ"

"သူနဲ့၊ တစ်ဆိုင်တည်းမှာ၊ ဝင်ထိုင်ပြီး၊ ငါ, မင်းရဲ့၊ နောက်တည့်တည့်မှာလို့၊ အသိပေးလိုက်ရင်၊ ပြီးနေတဲ့ကိစ္စ။ မင်း, တော်တော် အရစ်ရှည်တယ်"

"သူနဲ့တစ်မြို့ထည်းမို့ ၊ အရင်ကတည်းက၊ သိနေတယ်လို့၊ သူက,ထင်နေတာကွ။ မဟုတ်တဲ့ အကြောင်းကို၊အဝေးက,နေ၊သေသေချာချာ ရှင်းပြပြီးမှ၊ အနားကို၊ သွားချင်တယ်။Chattingထိုင်ရင်၊





မင်း,လိုက်ခဲ့ပါလား"

လှချစ်အောင် လက်ခါ၏။

"မျက်နှာချင်းဆိုင်တွေ့နေတဲ့၊သားကောင်ကို၊ ဝါးတစ်ရိုက်စာလောက်နောက်ဆုတ်ပြီးမှ ၊ ပစ်ဖို့ ကြိုးစားတာ၊ မင်း, တစ်ယောက်တည်းပဲ၊ ရှိတယ်။

မင်းဘာသာ၊ တစ်ယောက်တည်း၊ သွားချက် တော့။ငါ, မလိုက်တော့ဘူး။ချက်တာလည်း၊သတိ ကောင်းကောင်းနဲ့ချက် ။ ချက်လွန်းအားကြီးပြီး ၊ တူးသွားဦးမယ်"

ကျွန်တော့် ကျောကုန်းကို၊ ဖြန်းကနဲ နေအောင်ရိုက်ပြီး ထွက်ခွာသွားတော့သည်။ကျွန်တော်, လက်သီးပြလျက်သာ၊ ကျန်ရစ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အမည်နှင့်နံပါတ်ကို၊ ရိုက်နှိပ်ပြီးသည် အထိ၊ ဆက်သွယ်မှုလိုင်းအတွင်းသို့၊ ကျွန်တော်၊ မဝင်ရောက်ဖြစ်သေး။

စာမေးပွဲဖြေဆိုဖို့ ၊ စာဖြေခန်းအတွင်းသို့၊ ဝင်ရောက်ရတော့မည့်၊ ကျောင်းသားငယ်တစ်ဦး၊ စာမကျေညက်သေးသဖြင့်၊ စာဖြေခန်းအနီး၌၊ ထပ်မံကျက်မှတ်နေရသကဲ့သို့၊ ဖြေပြောရမည့်၊ အချစ်၏စကားစဉ်ကို၊ အထပ်ထပ်စဉ်းစားနေရသည်။

တစ်ဦးထံမှ တစ်ဦး ၊ နှစ်သက်ဖွယ်ရာများကို၊ တပ်မက်လိုချင်သဖြင့်၊အချစ်၏ကျေးကျွန်ပမာ၊ရရာခံယူ၊လိုရာစေခိုင်းလျက်၊ ထွက်သက်နောက်ဆုံးအထိ၊အချစ်၏ဝန်ပိသွားသူများလည်း၊ ရှိနိုင်ပေလိမ့်မည်။

ထို့အပြင်၊ တစ်ဦးထံမှ တစ်ဦး၊ မည်သို့မျှ မမျှော်ကိုးဘဲ၊ အကျိုးလိုလားစိတ် တစ်စိတ်တည်းဖြင့်သာ၊ နှစ်ကိုယ်တူကြည်ဖြူလျက်၊မေတ္တာသက်သက်ဖြင့်၊အချစ်ကို၊ခင်းကျင်းပြသ,သွားသူများလည်း၊ ရှိနိုင်ပြန်သေးသည်။

မည်သို့ဆိုစေ ။ လိုချင်မှုသည် ၊ ရာဂ။ ပေးဆပ်မှုသည်၊ မေတ္တာ။ (ပန်းကိုမြတ်နိုးသူသည်၊ ပန်းရနံ့အား၊ မွှေးကြူရရုံတစ်ခုတည်းအတွက် ၊ မက်မောမိသည် မဟုတ် ။ မွှေးကြူမိသည့်တိုင်၊





တင့်တယ်ရာ အရပ်၌၊ခန့်ထည်စွာ၊နေရာပေးဖြစ်ပြန်သေးသည်။)

လူချစ်အောင် ပြောသကဲ့သို့၊ တစ်ခုခုလိုချင်စိတ်နှင့်၊ ချစ်ကြသည်ခြည်း၊ မဖြစ်နိုင်။ ပေးဆပ်လိုခြင်းသက်သက်ဖြင့်၊ချစ်ကြသည်လည်း၊ ရှိနိုင်သည်။လိုချင်မှုသည်၊ လောဘ။ပေးဆပ်ခြင်းသည်၊ မေတ္တာ။

ထိုအခါ ၊ အချစ်ဟူသော ၊ ဝေါဟာရ ၏ စကားအတိမ်အနက်သည်၊လိုချင်မှုခြည်းလည်း၊မဟုတ်နိုင်။ပေးစပ်ခြင်းသက်သက်လည်း၊ မဖြစ်နိုင်ဟု၊ ကျွန်တော်၊ နှိုင်းနှိုင်းဆဆ စဉ်းစားဖြစ်၏ ။ ချစ်သူကို၊ မွှေးကြူရုံမျှ မက၊ မတို့မထိ ဆူးမငြိအောင်၊ ချစ်ခင်မြတ်နိုးနေသည်များလည်း၊ ရှိနိုင်သည်၊ ရှိအပ်သည် ဟု၊ တွက်ဆ,ခန့်မှန်းမိပြန်သည်။

ပေးဆပ်လိုသော၊ မေတ္တာစိတ်နှင့်၊ မွှေးမြလိုသော တပ်မက်စိတ်တို့၊ ရောယှက်နှီးနွှယ်မိသည့်အလေ့အထ,ကိုပင်၊ အချစ်စိတ်ဟု၊ သတ်မှတ်လိုက်လျှင်၊ သင့်လျော်ပါ့မလား၊ မဝံ့မရဲ စဉ်းစားရင်း၊ ဆက်သွယ်မှုလိုင်းအတွင်းသို့၊ ဝင်ရောက်သည့် ခလုပ်ကို၊ ရဲဝံ့စွာ၊ ကျွန်တော်နှိပ်လိုက်သည်။(ပယင်း၏အလင်းရောင်၊စိမ်းလဲ့နေသည်ကို၊ မြင်ရ၏။)



www.burmeseclassic.com

www.burmeseclassic.com



"ဟေး။ရောက်ပြီလား"

ပယင်း၊ လှမ်းနှုတ်ဆက်သည်။ကျွန်တော် ပြန်နှုတ်ဆက်လိုက်၏။

"ဟုတ်ကဲ့၊ ရောက်ပါပြီ။ ခုနက, တွေ့လိုက်သေးတယ်"

"မေးထားတာ၊ ဖြေနိုင်ပြီလား"

"အဆင်သင့်ပဲ"

"အရေးကြီးတဲ့ မေးခွန်းမို့ သေသေချာချာ စဉ်းစားဖြေပါ . . လို့ အကြံပေးပါတယ်။အောင်မြင်ပါစေ"

ကျွန်တော် ၊ အောက်ပါစာကြောင်းများကို၊ ရင်ခုန်စွာ၊ ရိုက်နှိပ်လိုက်သည်။

"အချစ်ဆိုတာ ၊ လိုချင်တပ်မက်မှု ပါဝင်နေတဲ့အတွက် ၊ မေတ္တာတရားလောက်လည်း . . ၊ မမြင့်မြတ်ဘူး။မြတ်နိုးမှု, ယုယမှု,တန်ဘိုးထားမှုတွေ၊ ပါဝင်နေပြန်တဲ့အတွက်၊ တပ်မက်လွန်းတဲ့၊ ရာဂ လောက်လည်း၊မညစ်ညမ်းဘူး။အဲဒါကြောင့်,





အချစ်ဆိုတာ . . ၊ မြင့်မြတ်ဖြူစင်ခြင်းနဲ့၊ တပ်မက်ညစ်ညမ်းခြင်း ကြားမှာ၊ ဖြစ်ပေါ်လေ့ရှိတဲ့၊ ထူးဆန်းတဲ့ စိတ်တစ်မျိုး"

ဝါကျဆုံးသည်နှင့်၊ ကျွန်တော် ဘာမှ မစဉ်းစားတော့ဘဲ၊ အရဲစွန့်ကာ၊ Enter ခလုပ်ကို၊ နှိပ်ချလိုက်လေသည်။

ပယင်း၏ စာတန်းတက်လာ၏။

"တိုတိုနှင့် လိုရင်းဖြေပါ"

"ဘာကြောင့်လဲ"ဟု၊ ကျွန်တော် မမေးဖြစ်တော့ဘဲ၊ ရေးပြီးသား စာကြောင်းများအနက်မှ၊ အောက်ဆုံး စာပိုဒ်ကိုသာ၊ စဉ်းစားရွေးခြယ် ရေးလိုက်သည်။

"အချစ်ဆိုတာ . .
မြင့်မြတ် ဖြူစင်ခြင်း နဲ့ ၊ တပ်မက်ညစ်ညမ်းခြင်း ကြားထဲမှာ၊ ဖြစ်ပေါ်လေ့ရှိတဲ့ ၊ ထူးဆန်းတဲ့စိတ်တစ်မျိုး"

"ဒီအဖြေ၊ ဘယ်လိုရတာလဲ"

"စာမေးပွဲအောင်, မအောင်၊ ကြေညာပေးပါ။နောက်ထပ်မေးခွန်း မမေးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ပိုင်၊ အဖြေဟုတ်မဟုတ်၊ ပြန်စစ်ဆေးတာပါ ။ အောင်မှတ်နား ကပ်နေတဲ့ အဖြေမို့ ၊ အအောင်ပေးဖို့ သင့်မသင့် ၊ ဆုံးဖြတ်ဖို့အတွက် မေးတာပါ။မဖြေမနေရ မေးခွန်း။ဖြေပါ"

"ဘယ်လိုဖြေရမှာလဲ"

"ရိုးရိုးသားသားဖြေ"

"ရည်းစားများတဲ့သူငယ်ချင်းတစ်ယောက်ကို၊ ဘာကြောင့် ချစ်သလဲ မေးကြည့်ပြီး၊ သူ့အဖြေကို၊ သဘောမကျလို့။ကိုယ်ဘာသာ၊ စဉ်းစားပြီး၊ ဖြေတာပါ"

"အဲဒီ သူငယ်ချင်းနဲ့၊ တိုင်ပင်သေးလား"

"မတိုင်ပင်ဘူး"

"တကယ်မတိုင်ပင်ဘူးလား"

"မလိမ်တတ်ဘူး"

"နက်ဖြန်အောင်စာရင်းကြေညာမယ်"

"ဟာ ။အဲဒီလိုမလုပ်နဲ့လေ။ အခုချက်ချင်း သိချင်တာ"





"လူမမြင်ဖူးဘဲ၊အဖြေပေးရမှာလေ။မှားလို့ မဖြစ်ဘူး။ မင်းမျိုးနိုင်ရဲ့၊ အိမ်လိပ်စာ ပြော"

ကျွန်တော့်လိပ်စာကို၊ ကျွန်တော်ရေးပြလိုက်သည်။ပြီးမှ၊ အမေးစကားတစ်ခွန်းကို၊ မေးလိုက်၏။

"ဘာဖြစ်လို့၊ လိပ်စာမေးတာလဲ"

"သင်တန်း ပြီးရင် ၊အိမ် ပြန်တော့မှာလေ။ အဲဒါကြောင့်၊ လိုရမယ်ရ မေးထားတာ"

"သင်တန်း နောက်ဆုံးနေ့ ၊ လာတွေ့မယ် နော်"

"ခွင့်မပြုဘူး"

"မိဘ, မျက်ကွယ်မှာ။ ဘယ်ယောက်ကျားလေးနဲ့မှ၊မတွေ့ဘူး။မြို့ရောက်မှ၊တွေ့ကြမယ်လေ"

"ပယင်းရဲ့လိပ်စာကို၊ကျွန်တော်မှ၊မသိတာ"

"မြို့က၊ (. . )စားသောက်ဆိုင်ကို၊သိလား"

"ဖြတ်သွား ဖြတ်လာတော့၊ တွေ့ဖူးတယ်"

"အဲဒါ . . တို့, မိသားစုဆိုင်ပဲ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတာလဲ"

"စားသောက်ဆိုင်ဖွင့်ထားလို့၊ ပယင်းဆိုတဲ့ နာမည်ကို၊မိဘ,တွေ၊မှည့်ပေးတာလား။တွေးမိလို့ ပါ"

"တို့ကိုမွေးတဲ့နေက၊ စ,ပြီးအဖေအရက်ဖြတ် လိုက်တဲ့၊ အထိန်းအမှတ်နဲ့ပေးတာ . . တဲ့"

"ကျွန်တော်။ အခုလာတွေ့ပါရစေ"

"နောက်ဆုံးတွေ့ဆုံခြင်းလို့ ၊ သဘောထား မယ်ဆိုရင်၊ လာခဲ့လေ"

"ဗျာ"

"ဟုတ်တယ်လေ။ တားထားတဲ့ကြားထဲက၊ အနားလာတယ်ဆိုရင်၊အဲဒါ,နောက်ဆုံးတွေ့ဆုံခြင်း ပဲ"

"ဘာဖြစ်လို့လဲဗျာ"

"ရန်ကုန်မှာ ၊ အဖေ့ အသိ အကျွမ်းတွေ အများကြီးပဲ။သင်တန်းလေး တစ်ခါ လာတက်ပါ တယ်။ ဟိုမြင်ဒီမြင်လည်း၊ အမြင် မခံနိုင်ဘူး။





ဟိုထင်ဒီထင်လည်း၊ အထင် မခံနိုင်ဘူး။

မြို့ရောက်ရင်၊ မိဘ,နဲ့ မိတ်ဆက်ပေးမယ်။ ဘယ်ပန်းခြံမှာမှ၊ စကားသွားပြောစရာမလိုဘူး။ မြို့လည်ခေါင်မှာ၊ဖွင့်ထားတဲ့၊အိမ်က, စားသောက် ဆိုင် စားပွဲမှာ၊ စကားပြောလို့ရတယ်"

"အောင်စာရင်းက၊ဘယ်နေ့ကြေညာမှာလဲ"

"မေးလ် ထဲမှာ၊ ရေးထားခဲ့မယ်လေ"

"ကျွန်တော်က၊ ဂရပ်ဖစ် ဆက်တက်ဦးမှာ။ ဆိုင်ဖုန်းနံပါတ် ပေးခဲ့ပါလား"

"မပေးဘူး။ ကိုယ်ဘာသာ စုံစမ်းပြီးတော့ လည်း၊ ဆက်ဖို့ မကြိုးပမ်းနဲ့။ ခွင့်မပြုဘူး"

"စည်းကမ်းချက်တွေကလည်း ၊ များလိုက် တာ"

"စည်းကမ်းသည်၊ လူ့တန်ဘိုး"

"ဒါဆို။ ပယင်းပြန်သွားပြီး၊ ကျွန်တော်က၊ ဘယ်လို ဆက်သွယ်ရမှာလဲ"

"အပြန်။ အိမ်ကို၊ ဝင်လာခဲ့ပေါ့။ မိဘ,နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးမယ်"

"ဘယ်လို မိတ်ဆက်ပေးမှာလဲ"

"ဂျီ-မေးလ်ထဲမှာ၊ ရေးခဲ့မယ့် အဖြေအတိုင်းပေါ့"

"ကျွန်တော်၊ တစ်ခုလောက်ကြိုပြောထားချင်တယ်"

"ပြော"

"မိဘ,တွေနဲ့၊ မိတ်ဆက်ပေးရင်၊ ကြိုသိထားရအောင်လို့ပါ။ကျွန်တော်က၊ ဆင်းရဲတယ်နော်"

"တော်တော်အရှက်နည်းတဲ့ စကားပဲ။ ပေးထားတဲ့ အမှတ်ထဲက,တောင် ၊ ပြန်နှုတ်ပစ်လိုက်ချင်တယ်"

"ဗျာ"

" ယောက်ကျား ဖြစ်ပြီး ၊ မိန်းကလေး . တစ်ယောက်ရှေ့မှာ၊ ကျွန်တော် ဆင်းရဲတယ်လို့ ပြောရတာ၊ မရှက်ဘူးလား။

တချို့ ယောက်ကျားလေးတွေ၊ အဲဒီ





အတိုင်းပဲ။ တို့က, ဆင်းရဲတယ် . . ဆင်းရဲတယ် ဆိုပြီး၊ မှန်းလိုက်ရင်၊ သူဌေးသမီးတွေခြည်းပဲ။ အဲဒါ, ထဘီနားရိပ် ခိုချင်တဲ့လေသံတွေ။ပိုင်းလုံးလေသံတွေ။

တချို့ မိန်းကလေးတွေလည်း၊ ဒီအတိုင်းပဲ။ ချစ်ဖို့, ကြိုက်ဖို့ပဲ။ချစ်စရာရှိ ချစ်လိုက်။ကြိုက်စရာရှိ ကြိုက်လိုက်ပေါ့။ ဘယ်လောက်ချမ်းသာသလဲဆိုတာ၊ ထည့်တွက်နေကြတယ်။အဲဒါ, သာတာတွေ. ရင်းတခြားလှမ်းမယ့်၊ စိတ်ထားမျိုးတွေ။

မြင်ရကြားရတာ၊ အသည်းယားတယ်။ ရွံတယ်။မင်းမျိုးနိုင်က၊ ဆင်းရဲတယ်လို့၊ ဘာကြောင့်၊ ပြောရတာလဲ။ ရှင်းပြပါဦး"

"ဘယ်မိဘ,က၊ သူတို့သားသမီးကို၊ဆင်းရဲသားတစ်ယောက်နဲ့၊ ကြည်ဖြူနိုင်သလဲ"

"ကိုယ့်ဒူးကိုယ်ချွန်ဖို့ သင်ကြားထားတဲ့၊ မိဘ,တိုင်းက၊ သူတို့သားသမီးတိုင်းကို၊ စာရိတ္တမဆင်းရဲတဲ့သူနဲ့။ ကြည်ဖြူနိုင်ကြတယ်"

www.burmeseclassic.com



"ကျွန်တော့်ကို၊ အကြောင်းပြုပြီး၊ ပယင်းကို၊ မိဘ,အသိုင်းအဝိုင်းက၊ ငြိုငြင်မှာ စိုးလို့၊ အခြေ အနေမှန်ကို၊ကျွန်တော် ပြောမိတာပါ။ထဘီနားရိပ် ဆိုတဲ့၊ စာကြောင်းကို ၊ မြင်ရရုံနဲ့တွင် ၊ အသည်း ဆပ်ဆပ်ခါအောင်၊ ကျွန်တော်၊ နာတတ်,ရှက်တတ် ပါတယ် . . ပယင်း"

"တို့ ,အပေါ်တော့၊ မနာနဲ့လေ။တို့က . . , စေတနာနဲ့၊ ပြောတာ။ထမီအနားခိုချင်တဲ့၊ ပိုင်းလုံး တွေနဲ့၊ စကားလုံး တူသွားမှာ၊ စိုးလို့"

"ကျွန်တော်,သဘောပေါက်ပါတယ်။ကျေးဇူး လည်း၊ တင်ပါတယ်။ လူ ,မမြင်ဖူးဘဲနဲ့ ၊စေတနာ ထားအကြံပေး၊ လက်ခံ ၊ စကားပြောပေးတာ တွေ ကိုလည်း၊ အရမ်းကျေးဇူးတင်ပါတယ်"

"အန္တရာယ် မရှိဘူးထင်လို့။ လက်ခံတာပေါ့။ အခုဆိုရင်၊တချို့ Chatting ထိုင်ကြတာ၊တောလိုက် ထွက်နေသလိုပဲ။ ဘယ်သူ, ခိုင်သလဲ ၊ ဘယ်သူ , အကျိုးရှိမလဲ၊ဘယ်သူ သာသလဲ . . ဆိုတဲ့၊ လေသံ





တွေနဲ့လေ။

မိန်းကလေးက၊ ယောက်ကျားလေးနာမည်, ယောက်ကျားလေးဓာတ်ပုံတင်ပြီး၊ ယောက်ကျား လေးက,လည်း၊ မိန်းကလေးနာမည်,မိန်းကလေး ဓာတ်ပုံ တင်ပြီး၊ နောက်ကြပြောင်ကြတယ်။

တချို့က ၊ အပျော်နောက်တာ ။ တချို့က သူတစ်ပါး ထိခိုက်အောင်နောက်တာ။ တချို့က ၊ မိန်းကလေးယောင်ဆောင်ပြီး၊ မိန်းမသားတွေရဲ့၊ ကိုယ်တွင်းကိစ္စတွေကိုနှုက်နှိုက်ချွတ်ချွတ်မေးပြီး၊ မိခင်ချင်း,နှမ,ချင်း၊မစာမနာ၊ကျားချောင်း,ချောင်း ကြတာ။ တချို့, မိန်းကလေးတွေက၊ ယောက်ကျား လေးယောင်ဆောင်ပြီး၊ မိန်းမသားအချင်းချင်း ၊ စိတ် ဒုက္ခပေးကြတာ။ ယောက်ကျားသားတွေရဲ့၊ အလေ့အထ, စကားလုံးတွေ၊အသုံးပြုပြီး၊မိန်းမချင်း မစာမနာ၊ လုပ်ကြံကြတာ။ အစုံပါပဲ။

ဒီအထဲက၊ လူရွေးပြီး။လေးလေးနက်နက် စကားပြောရတာ၊ ဘယ်လောက်ခက်မလဲ။တယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်, အန္တရာယ် ကြီးမလဲ။ စဉ်းစားကြည့်"

"အဲဒီလောက်တောင်ပဲလား"

"ဩော်။ ကောင်လေးက၊ လာရှိုးနေပြန်ပြီ"

"ကျွန်တော့်ကိုရော၊ ယုံရဲ့လား"

"အောင် စာရင်းမထုတ်ပြန်သေးဘူးလေ။ ထုတ်ပြန်လိုက်မိလို့၊ နောက်ပြန်ဆုတ်ချင်ရင်လည်း၊ ဆောရီး . . လို့။ ပြောလိုက်ရုံပဲ။ ကွန်ပျူတာထဲမှာ၊ စကားကျွံတာ၊ ဘာမှ မဖြစ်ဘူး။ Delete လုပ်ချလိုက်ရုံပဲ"

"ဟာ . . . ။ အဲဒီ လိုတော့ ၊ မလုပ်ပါနဲ့ ။ ကျွန်တော်, ဘယ်သူနဲ့မှ၊ မရင်းနှီးဖူးဘူး။ကျွန်တော်, အလေးအနက်ပြောဆိုနေတာနော်"

"သိပါတယ်နောက်တာပါ"

"ဂရပ်ဖစ် တက်ပြီးရင်၊ ကျွန်တော်, တကယ်လာခဲ့မှာနော်"

"မေးလ်ထဲက ၊ အဖြေအပေါ်မှာ၊ မူတည်တယ်လေ"





"ဒုက္ခပါပဲ"

"ဒုက္ခက၊ ပျားရည်လိုချိုတယ်လို့၊ ရှင်တို့ပဲပြောကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



၁၄။

"ငါ့ဘာသာ၊ အေးအေးဆေးဆေးပြန်ပါရစေကွာ။တကယ်ဆို၊ ငါ့မပြန်ချင်သေးဘူး။ ဒီက၊ ရည်းစားတွေကို၊ ခြေရာဖျောက်ချင်လို့၊ ပြန်ရတာ။မင်းက၊ မြွေပူရာ၊ ကင်းမှောက် မလုပ်စမ်းပါနဲ့"

ဟု၊ လူချစ်အောင် ပြော၏။

ကျွန်တော်က . .

"အဲဒီ စားသောက်ဆိုင်မှာ၊ သူ . . ရှိ,မရှိ ဝင်ကြည့်ပေးရုံပါကွာ။ကြုံမှပါ"

"ဖြစ်သွားဖြစ်လာတော့ ကြုံ မှာပေါ့ကွ။ ဒါပေမဲ့ ၊ တကူးတက ဆင်းကြည့်မှ ၊ သိမှာပေါ့။ နေပါဦး၊ မင်းနဲ့၊ အဲဒီပယင်းနဲ့က၊ သမီးရည်းစား ဖြစ်နေပြီလား"

"အင်း"

"ဘာသက်သေပြနိုင်လဲ"

"ငါ့, ဂျီမေးလ် ထဲမှာ ၊ သူ . . စာရေးပြီး၊ အဖြေပေးသွားတာကွ"

"သူက၊ ဘယ်သွားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်သွားပြီ"ဟု၊ ကျွန်တော်ပြောသည်။"မင်းကို၊ အရှုးလုပ်သွားတာဖြစ်မယ်နော၊ မင်းမျိုးနိုင်"ဟု၊ လှချစ်အောင်ပြောသည်။ ကျွန်တော်က . .

"ငါ့ , မေးလ်ထဲမှာ၊ သူ့ရေးခဲ့တာလေးကို၊
မင်း,လိုက်ဖတ်ကြည့်ပါလားကွာ"

"ငါ, ကားနောက်ကျမယ်ကွ"

"ခဏလေးပါကွာ"

"ဒါဆိုလည်း၊ မြန်မြန်လုပ်"ဟု၊ ပြောပြီး၊ လှချစ်အောင်၊ အထုပ်ပြင်၏။

"ဘယ်သူ . . လာမေးမေး။နိုင်ငံခြားသွား
တယ်လို့ပြောပေးနော်"

သူက,လည်း၊ သူမှာစရာရှိတာကို၊ တတွတ်တွတ်မှာလေသည်။ကျွန်တော်က,လည်း၊ ခေါင်းကိုသာ၊ တွင်တွင်ညိတ်၏။

မနေ့ကမှ၊ ပယင်းရေးထားခဲ့သော၊ စာလေးကို၊ အလျှင်အမြန် ဖွင့်ပြချင်နေ၏။လှချစ်အောင်၊ ထင်မြင်ချက် ပေးသကဲ့သို့၊ ကျွန်တော်ကို၊ အရှုးလုပ်သွားမှာလည်း၊ စိုးရိမ်နေမိပြန်သေးသည်။





... မင်းမျိုးနိုင် စာမေးပွဲ အောင်တယ် သိလား။ ချစ်တယ် ။

သိပ်ချစ်တယ် လို့တော့ ၊ မရေးခဲ့ဘူးနော်။ လူချင်းမှ ၊ မတွေ့ဘူးသေးတာ ။ လူချင်းဆုံတဲ့အခါ၊ သဘောမကျတာတွေ့လို့ ၊လမ်းခွဲစကား ပြောရင်လည်း၊ စိတ်မနာတတ်တဲ့၊ သူငယ်ချင်းတွေအဖြစ်၊ ဆက်ရှိနေမှာပါ။

သင်တန်းမှာ ၊မင်းမျိုးနိုင်ဆိုတာ ရှိ မရှိ၊ စုံစမ်းကြည့်သေးတယ်။ဓာတ်ပုံတွေ ဘာတွေတော့၊ ကြည့်ခွင့်မရပါဘူး။နေရပ်လိပ်စာတော့၊ သိခွင့်ရတယ်လေ။လူလိမ်တစ်ယောက်၊ မဟုတ်တာတော့၊ သေချာသွားတာပေါ့။

(သတ်မှတ်ထားတဲ့၊ စည်းကမ်းလေး တွေကိုတော့၊ အထူးလိုက်နာပါနော်)။

ရိုးသမ်းပြီး ချစ်တယ်လို့တော့ ၊ မထင်နဲ့နော်။ဘာပဲဖြစ်ဖြစ်၊ မျှော်နေမယ် သိလား။

ချစ်တဲ့ – ပယင်း



www.burmeseclassic.com

www.burmeseclassic.com



စာကို ၊ သေသေချာချာဖတ်ပြီးသည်နှင့်၊ လှချစ်အောင်က၊

"ပေါ့ပျက်ပျက်နဲ့ ။ မင်းအပေါ် လေးလေးနက်နက်ရှိပုံမရဘူး"

"ဘာဖြစ်လို့လဲ"

"စာဖတ်ကြည့်ရုံနဲ့၊ ငါ့သိတာပေါ့ကွ"

"ဘာပဲဖြစ်ဖြစ်ကွာ ။ မင်း ၊ အဲဒီဆိုင်ကို ၊ ဝင်ဖြစ်အောင်ဝင်လိုက်ပါ။ရှိတယ်ဆိုတာသေချာတာနဲ့၊ ငါ့ဆီကို၊ ဖုန်းဆက်ပေါ့"

"သတ်မှတ်ထားတဲ့စည်းကမ်းဆိုတာ၊ ဘာကိုပြောတာလဲ"

"ဩော် . . ။မြို့ကို၊ မရောက်သေးဘဲ၊ သူ့ဆီကို၊ ဖုန်းမဆက်ရဘူး . . တဲ့။ရန်ကုန်မှာ၊ ရှိတုန်းက,လည်း၊ မြို့ကို၊ ပြန်မရောက်မချင်း၊ လာ . . မနှုတ်ဆက်ရဘူး . . တဲ့"

" ငါသာဆိုရင်၊အဲဒီလောက်၊ စည်းကမ်းများနေရင်၊ လုံးဝ, မပတ်သက်တော့ဘူး"

"ဒါက,တော့ကွာ။ငါက၊ အရမ်းချစ်မိနေပြီကိုး"





"ဘာမဟုတ်တဲ့ မိန်းမ,တစ်ယောက်ကို၊ မင်း,အသည်းအသန်ဖြစ်နေတာ၊မကောင်းဘူးနော် . . မင်းမျိုးနိုင်"

"မင်း,ကြိုက်သလို ကဲ့ရဲ့ပါကွာ။ငါ ခံပါ့မယ်။ ဘာမဟုတ်တဲ့မိန်းမ,လို့တော့၊သူ့ကို ၊ မပြောပါနဲ့"

"ဘာမှ၊ မပြောတော့ဘူးကွာ။ငါ,သွားတော့မယ်"

"အေး . . . သွားသွား ။ နည်းနည်းတော့၊ စုံစမ်းပေးနော် လှချစ်အောင်။ငါက၊ ဒီမှာ၊ သုံးလ, လောက်ကြာဦးမှာ"

"ကြာ ကြာ။ မင်းဘာသာ၊ ကြိုက်သလောက်ကြာ။ ပယင်း ဆိုတာ၊ မြို့မှာ၊ မရှိနိုင်ဘူး။ အေး, ရှိတယ်ဆိုလည်း၊ မင်းရောက်တဲ့အချိန် ။ ဟိုက ၊ အိမ်ထောင်ကျနေလောက်ပြီ"

"မြန်မြန်သွားပါတော့လှချစ်အောင်ရယ်။ ကြာရင်၊ မင်းစကားတွေနဲ့တွင်၊ ငါ . . လဲ , သေတော့မယ်။ အဲဒီမှာ၊ ရှိတယ်ဆိုတဲ့ သတင်းလေး၊

www.burmeseclassic.com



ကြားရရုံနဲ့ ငါ,ကျေနပ်ပါပြီ။မင်းသာ၊ မြန်မြန်လေး စုံစမ်းပြီး၊ သတင်းမြန်မြန်ပို့ပေးစမ်းပါ"

ရှေးခေတ်ဟောင်းက၊ ချစ်သူများ၊ ကျေးစေတမန်စေလွှတ် သကဲ့သို့၊ လူချစ်အောင်ကို၊ ချစ်ခြင်း၏ သံတမံအဖြစ်၊ ကျွန်တော်, အလျှင်အမြန် စေလွှတ်ချင်မိသည်။သူ့ထံမှ၊ ကြားရမည့်၊ တစ်ဆင့်ခံ သတင်းစကားတစ်ခွန်းသည်ပင်လျှင်၊ ကျွန်တော်အတွက်၊အနာဂတ် စာချွန်လွှာ။နှလုံးသား၏ မျှော်လင့်တေး။

+

လူချစ်အောင် ပြန်သွားပြီး ၊ တစ်လ,လောက်ကြာသည့် အထိ၊ မည်သည့်သတင်းစကားမျှ၊ ကျွန်တော် မကြားရ။

လူချစ်အောင် ထင်မြင်ချက်ပေးခဲ့သလို၊ "ပယင်း" . . ဆို သော မိန်းကလေး ၊ ထိုမြို့မှာ၊ မရှိလေရောသလား။ သို့မဟုတ်၊ ရှိခဲ့လျှင်လည်း၊ ကျွန်တော့်အတွက် ၊ စိတ်ထိခိုက်စရာ သတင်းစကား တစ်ခုခုကို ၊ ပေးပို့ရမည်မို့ ၊ လူချစ်အောင် အကြောင်းမကြားဘဲ၊ နေလေသလား။

တစ်လ,အတွင်း၊လူချစ်အောင်ထံ၊ကျွန်တော် အကြိမ်ကြိမ် ဆက်၏။ သူနှင့်မတွေ့ ။ တမင် ရှောင်ဖယ်လေသည်ဟု ၊ စိတ်မှ





အလိုလိုသိသည်။ သတင်းဆိုးတစ်ခုခုကို၊ မပြောလို၍၊ ရှောင်ဖယ် နေခြင်းဖြစ်ကြောင်း၊ သေချာသလောက်ရှိပေမည်။

စိတ်နှလုံး ပူပင်လာ၏။ အတွေးများထွေပွားလာသည်။ စိတ်၏ စိုးရိမ်သောက, အရည်အတွက်သည်၊ ဦးခေါင်းအတွင်းရှိ ဦးနှောက် အခန်းငယ်များ၏ အရည်အတွက်ထက်၊ ပိုမိုများပြား နေပြီ ဖြစ်ကြောင်း၊ ကိုယ့်ကိုကိုယ် သိသာစွာ၊ သိလာရ၏။

သင်ကြားလက်စ သင်တန်းကိုပင်၊ရပ်တန့်လိုက်ချင်သည်။ စိတ်ဖြေရာ၊ ရှာမရသည့် အဆုံး၊ ချစ်သောသူ၏ တုံ့ပြန်ချစ်စကား စာကြောင်းလေးများရှိရာ၊ ကွန်ပျူတာ မျက်နှာပြင်ရှေ့တွင်သာ၊ သွားရောက်၍၊ အလွမ်းဖြေနေမိသည်။

တုံ့ပြန်ပို့ဆောင်သည့်၊ စာကြောင်းများ၊ ရိုက်နှိပ်ရာ နေရာ ၌၊ ချစ်သူတွေ့လို တွေ့ပြား၊ ဝေဒနာစကားများ၊ ရေးသားရိုက်နှိပ် ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



**ချစ်ခြင်း၏စေကျွန်တော်**

ဒီမှာနေဆို . .

စေကျွန်တစ်ပါး၊ သူ့ စကားနားထောင်။

ဒီမှာရပ်ဆို . .

မတ်တပ်ရပ်ငြိမ်၊ ကြွေ့စောင့်စည်း

သူ့ကြောင့် . . မီးသေ။

မလာနဲ့ဆို

ညာလှည့်, ဘယ်စောင်း၊ ဦးခေါင်းမတိမ်း

ခြေကိုတိန်းလျက်၊ မယိမ်းမယိုင်။

မသွားနဲ့ဆို

အားမဲ့ မာန်လျှော့၊ မမော့ဦးခေါင်း

လမ်းကြောင်းမသိ၊ မသွားမိဘူး။

ရှုးတယ်ပြောပြော၊ မိုက်တယ်ဆိုဆို

သူငြိုငြင်မှ၊ လိုချင်သမျှ . . ဝေး၊

ပေးပြီးသား . . အချစ်၊ ပစ်ပြီးသား . . မြား

နှုတ်ယူသွားသလို၊





စိမ်းကားပျက်သုဉ်း၊ သူက,မုန်းမှ

လုံးဝ, ရှုးမိုက်၊ အော်ငိုလိုက်ချင်။

လောလောဆယ်မှာ . .

လိုသလို . . ညာ၊ ညာသလို . . ယုံ

ယုံသမျှ . . ရူး၊

မရှုးမမိုက်၊ မျှော်လင့်ခိုက်မို့

ကြိုက်သလိုသာ စေတော်မူ . . ။ ။

သင်တန်းပြီးလျှင် ပြီးချင်း၊ ကျွန်တော် အထုတ်ပြင်သည်။ လူချစ်အောင်၏ တိုက်ခန်းကို၊ သော့ပိတ်သည်။

သုံးလ, အတွင်း၊ လူချစ်အောင်၏၊ချစ်သူရည်းစားများထံမှ စုံစမ်းစစ်ဆေးရေး ဖုန်းသံများကို ၊ အကြိမ်ကြိမ် အလီလီ ၊ ကျွန်တော် ကြားနာ ဖြေရှင်းနေခဲ့ရသော်လည်း၊ လူချစ်အောင်ကိုယ်တိုင်၏ဖုန်းဆက်သံကို၊ လုံးဝ, မကြားရ။ကျွန်တော် ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့လည်း၊ လူချစ်အောင်နှင့် မတွေ့။ သူ့ မိဘများနှင့်သာ၊ တွေ့သည်။

ဘာပြောပေးရမလဲ . . ဟူသည့်မေးခွန်းတွေကို၊ကျွန်တော် မှန်မှန်ကန်ကန် မဖြေကြားဖြစ်ခဲ့။လူကြီးသူမ,တွေနှင့်၊ မှာကြား၍ မသင့်လျော်သော၊ အကြောင်းအရာမို့၊ သတိရ . . လို့၊ ဆက်တာပါ . . ဟုသာ၊ မုသားကျူးရသည်။

"လူချစ်အောင် ဘယ်သွားနေတာလဲ"ဟု၊မေးမြန်းစဉ်တိုင်း၊ "ဘယ်တုန်းက၊အိမ်ကပ်လို့လဲ" ဆိုသည့်အဖြေစကားသာ၊ တွင်တွင် ကြားရသည် ။ ဖုန်းပြန်ဆက်ဖို့ ၊ကျွန်တော် မှာကြားခဲ့သည့်ခြည်း။ သို့သော်၊ သူ့,မဆက်။

နှလုံးသား၏ အပူသည်၊ဦးနှောက်ကိုပင်၊ ဆူပွက်စေ၏။ ဦးနှောက်ကို၊ အသိဉာဏ်ဖြင့်ထိန်းထားနိုင်သော်လည်း၊ အသည်း နှလုံးသည်ကား၊ ဉာဏ်နောက် . . သို့၊ ကောက်ကောက်ပါအောင်၊ မလိုက်ချင်။

အပြောခက်သည့်စကားကို၊ မပြောရက်သဖြင့်၊ ရှောင်ဖယ် နေသည်ဟု၊ တွေးမိလေလေ၊ လူချစ်အောင်ကို၊ ကျွန်တော်, ပို၍ စိတ်ဆိုးလေလေ ဖြစ်ရသည်။ ပိုးသားကို၊ ဖုန်းဖြင့်၊ လှမ်းမေးချင်





ပြန်သေးသည် ။ ရှင်းပြရမည့်စကားက၊ ရှည်းလျားလွန်းသည်က၊ တစ်ကြောင်း၊ပိုးသားက၊အစိုးရိမ်ကြီးစွာ၊တိုင်တတ်တောတတ်သည်က၊ တစ်ကြောင်းကြောင့်၊ ကျွန်တော့်မှာ၊ အပူစိတ်များစွာဖြင့်၊ နေ့ပေါင်း များစွာ၊ လောင်မြိုက်ခဲ့ရ၏။ထို အပူဖြင့်၊ ကျွန်တော် အိမ်ပြန်ခဲ့ရ သည်။

အိမ်အပြန်ခရီးဟု၊ ဆိုရသော်လည်း ၊ တကယ်က,တော့၊ အိမ်သို့၊ တန်းတန်းမတ်မတ် ပြန်ခြင်းမျိုးတော့မဟုတ်။ချစ်သူရှိရာ သို့၊ စိတ်ပူပန်လှုပ်ရှားစွာဖြင့်၊မဝံ့မရဲ၊ဝင်ရောက်ရပေဦးမည်။

သူနှင့်တွေ့လျှင်၊ ကျွန်တော် ဖြစ်ကြောင်း သက်သေအဖြစ်၊ သူ့ စာလွှာ အဖြေစကားကို၊ ကျွန်တော်၊ စာရွက်ဖြင့်၊ မြတ်နိုးစွာ၊ ကူးယူ သယ်ဆောင်ခဲ့သေးသည်။

အတွေးအလီလီတွေးကာ၊ပျော်ရွှင်ချင်ပါသော်လည်း၊ ဦး တည်ရာ၊ အရပ်ဒေသ,သည် ၊ ချစ်သူရှိရာ၊နေရာဌာနမှ , ဟုတ်ပါ လေစ,ဟု၊တွေးမိသည့်အပြင်၊အကယ်၍၊မျှော်မှန်းထားရာ ၊အခြေ အနေမျိုး ၊ မဟုတ်ပါဘဲ၊ မမျှော်မှန်းဝံ့ရာ၊ အခြေအနေဆိုးမျိုးကို၊ တွေ့ကြုံ ရမည်ဆိုလျှင် ဟု၊ တွေးရွံ့မိပြန်သောကြောင့်၊အပျော်မြူးမှုန် ငယ်တို့သည်၊ အတွေးမီးခိုးငွေ့တို့ကြောင့်၊ ရုတ်ခြည်း လွင့်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရပြန်၏။

ချစ်ခြင်းသည် ၊ ထိုမျှ လောင်မြိုက် တတ်လေသလား။ လောင်စာမရှိဘဲ၊ ပူလောင်စေသော "မီး" ဟု၊ ချစ်ခြင်းကို၊ ရှိုးမှား လိုက်မိသည်။အသည်းနှလုံးသည်၊မီးတောက်မဲ့စွာ၊ လောင်ကျွမ်းနေ တော့၏။

ချစ်သူနှင့်တွေ့မှ ၊ ထိုသို့ လောင်ကျွမ်းခဲ့ရာ၊ နှလုံးသား ရင်ပြင်ကျယ်အား၊ ဖွင့်ပြောပြသ,ကာ၊ သူခွေရာ အကြင်နာလေပြည် စကားတို့ဖြင့်၊ ငြိမ်းသတ် ပါးအပ်လိုက်တော့မည်။

ချစ်သူပင်လျှင်၊ကျွန်တော့်ကဲ့သို့၊ မျှော်မောနေသည်ဆိုပြန် ပါက,လည်း ၊ကျွန်တော်က,ပဲလက်ချင်းတွဲကာ ၊ ဖေးမ, ငြိမ်းအေး စေလိုက်မည်။



၁၅။

ပယင်းပြောပြခဲ့သည့်၊ စားသောက်ဆိုင်အမည်ကို ၊တွေ့ လျှင်တွေ့ချင်း၊ ကျွန်တော်, နည်းနည်းတော့ပျော်သွားသည်။

မှာကြားထားသော ခေါက်ဆွဲကြော်ကို၊ စားရင်း၊ ဆိုင်၏ အရပ်ဖက်တိုင်းသို့၊ မလွတ်တန်းကြည့်နေမိသည်။ပယင်း၏ အရိပ်အရောင်ကို၊ မတွေ့။ငွေရှင်းစားပွဲတွင်ထိုင်နေသည့်၊ အမျိုးသမီးကိုပဲ၊ "ဒါ . . ,ပယင်းတို့ဆိုင်လား"ဟု၊ ထ,မေးလိုက်ဖို့ ငြိုးစားသည်။ထိုစဉ်၊ ဆိုင်ဝန်ထမ်းအမျိုးသားတစ်ဦးက၊ ကျွန်တော့် ကို ရေသန့်ဗူး လာချပေး၏။ကျွန်တော်, ကြိုတင်စဉ်းစားခြင်းမရှိဘဲ,

"အစ်ကို၊ ဒါ, ပယင်းတို့၊ ဆိုင်လားခင်ဗျ"

"အေး"

ကျွန်တော်, တော်တော်ပျော်သွားသည်။

"ပယင်းရှိလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရှိဘူးကွ။ သူ , ယောက်ျားအိမ်မှာနေတာ။ ဒီမှာ၊ မနေဘူး"

ကျွန်တော်, တော်တော်လန့်သွားသည်။ခန္ဓာကိုယ်တစ်ခွင်လုံးသို့ ၊ လျှပ်စစ်ဓာတ်များ ၊ အဆ,မတန် စီးဆင်းသွားသကဲ့သို့ ၊ ခံစားတုန်လှုပ်ရချေသည်။ ပူပြင်းကျွမ်းလောင်ရပေသည်။

"သူ, အိမ်ထောင်ကျတာကြာပြီလား"

"ဘယ် . . ။ တစ်လ,လောက်ပဲရှိဦးမယ် ။ မင်းက, ပယင်းသူငယ်ချင်းလား"

"ဟုတ်ကဲ့။ ဟို . . ကွန်ပျူတာ သင်တန်းမှာ၊ ခင်တာပါ။ရွာကို၊ အပြန်၊ ဝင်နှုတ်ဆက်တာ"

"ဩော် . . ။မင်းက, ဘယ်ရွာကတုန်း"

" . . ၊ . . "

ကျွန်တော်, ရွာအမည်ပြောလိုက်သည်။

" အဲ . . ။ပယင်း ယောက်ျားက,လည်း၊ အဲဒီရွာက,ပဲ"

ကျွန်တော် မျက်နှာမပျက်အောင်နေရသည်။နှုတ်ပါးစပ်မှ အာမေဋိတ် အသံ မထွက်မိအောင်နေရသည်။



"ဟုတ်လား။မင်္ဂလာ ဆောင်လိုက်တာတောင်၊ ကျွန်တော် , မကြားမိလိုက်ဘူး ။ ကျွန်တော်က, ရန်ကုန်ရောက်နေတာ။ဒါနဲ့, သူ့ အမျိုးသားနာမည် ဘယ်သူလဲဟင်"

"ငါ . . , သေသေချာချာတော့မသိဘူးကွ။ သူဌေးသားဆိုတာပဲ သိတယ်။အဲ . . နာမည်က၊ လှ တော့ပါတယ်ကွ။သူ့ကြီးတော်တွေ၊ ငါ့မေးပေး ရမလား။ငါက, အလုပ်သမားဆိုတော့ . . "

"အာ ။ မမေးနဲ့၊ ရတယ်။ ရွာရောက်ရင်၊ ကျွန်တော်နဲ့တွေ့မှာပါ။ သူ့ ယောက်ျားကိုလည်း၊ ကျွန်တော်သိတယ်။ရွာမှာ၊ လှပါတဲ့နာမည်ဆိုလို့၊ လှချစ်အောင်ဆိုတဲ့ကောင်တစ်ယောက်ပဲရှိတယ်"

"ဪ။ဟုတ်တယ်ဟုတ်တယ်။အဲဒီနာမည်"

ကျွန်တော်,လက်ဖျားခြေဖျားတွေ၊တုန်ရင်လာ၏။ခြေတစ်ဖက်ကိုခြေတစ်ဖက်ဖြင့် ၊ ဖိနင်းလျက်၊ လက်တစ်ဖက်ကို၊ လက်တစ်ဖက်ဖြင့် ဆုတ်နယ်လျက်၊ ဒေါသ,စိတ် အဟုန်ကို၊ လူ ,မမြင်အောင်၊ ထိန်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာဆောင်ကတော့၊ အကြီးအကျယ်ပဲကွ။ မြို့နယ်ခန်းမ,မှာ၊ လုပ်တာ"

"ဘယ်လောက်ကျလဲ အစ်ကို" ဟု၊ ပြောပြီး၊ ကျွန်တော်ကျသင့်ငွေရှင်းသည်။လောက,၌၊ တချို့သော လူသတ်သမားများသည်၊ လူယုတ်မာများမဟုတ်ကြ ။ လူယုတ်မာများကို၊ သတ်ဖြတ်မိရင်း၊ ရာဇဝတ်သား ဖြစ်သွားကြရသည်။

နောက်နာရီဝက်အတွင်း၊ ကျွန်တော်သည်လည်း၊ လူယုတ်မာ တစ်ကောင်ကို၊ သတ်ဖြတ်မှုဖြင့်၊ လူသတ်သမား (သို့မဟုတ်) ရာဇဝတ်သားတစ်ယောက်၊ ဖြစ်ရပေတော့မည်။

လျှောက်ရင်းလှမ်းရင်းဖြင့်၊ ပိုးသားအိမ်ကိုသာ၊ ကျွန်တော်အရင်ဝင်ဖြစ်၏ ။ ပိုးသားနှင့် တွေ့သည့်အခါ ၊ အကြောင်းစုံကို၊ ကျွန်တော် ရှင်းပြဖြစ်သည်။"ပြဿနာပဲ"ဟု၊ ပိုးသားညည်းတွား၏။

ပြီးမှ . .





"မင်းဆီကို၊ ဖုန်းဆက်ပြီး၊ မင်္ဂလာဆောင်ဖိတ်တာ။ မင်းက၊ သင်တန်းမပြီးသေးလို့ မလာဘူး . . တဲ့။ လူချစ်အောင်ပြောတာ။

ဘာပဲဖြစ်ဖြစ်ကွာ။ မင်း, ငါ့ဆီကို၊ အရင်ဝင်လာတာ၊ ကောင်းပါတယ်။ စိတ်လိုက်မာန်ပါ၊ ဘာမှ မလုပ်ဖြစ်တော့ဘူးပေါ့"

"ငါက၊ အဲဒီ့ အိမ်ဝင်းထဲကို၊ မဝင်ချင်တော့တာ". . ဟု၊ ကျွန်တော်ပြောသည်။

"အခု အချိန်မှာ၊ စိတ်လိုက်မာန်ပါ၊ မင်း , ဘာမှ၊ မလုပ်သင့်တော့ဘူးနော် . . မင်းမျိုးနိုင်။ ပယင်းဆိုတဲ့ကောင်မ,လေးက၊ မင်း,ရည်းစားဖြစ်ခဲ့ပါတယ်ဆိုပေမဲ့၊လောလောဆယ်၊ ဒီကောင့် မယားဖြစ်နေပြီ။မင်း,ဘာမှ၊ မလုပ်သင့်တော့ဘူး"

"ငါ,ဒီကောင်နဲ့တွေ့ချင်တယ်။မင်း,ခေါ်ပေး။ ပြောစရာ နည်းနည်းပဲ ရှိတာပါ ။ သတ်ပစ်ချင်လောက်အောင်တော့ ၊ နာတာပေါ့ကွာ။ ဒါပေမဲ့ ငါ,သတ်လိုက်ရင်၊ ငါ,ပြောမယ့် စကားကို၊ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



မကြားနိုင်တော့ဘူး။

ပြောပြီးမှ ၊ သတ်ရင်လည်း၊ဒီလိုကောင်မျိုး ကိုသတ်လို့ ငါ့ဘဝ ၊ တိုးတက်လာစရာအကြောင်း မရှိဘူး။ကြားကြားချင်းတုန်းက,တော့၊ သတ်မလို့ပဲ။

သတ်လိုက်မိရင်၊ သူ့မယားလိုချင်လို့၊သူ့လင် လုံနဲ့ထိုး . . ဆိုတာမျိုး၊ ဖြစ်သွားဦးမယ်"

"မင်းရောက်နေတယ်ဆိုပြီး၊ ငါ,သွားခေါ်လို့၊ ဒီကောင်လိုက်လာပါ့မလား"

"ငါ့ မိဘ,က၊ သူ့ အိမ်ဝင်းထဲမှာ၊ နေရတာ ပါကွာ။ဒီကောင်,ငါ့ကို၊ ဒီလောက်မကြောက်ပါဘူး။ ငါက,လည်း၊ သူ, ကြောက်လန့်ရလောက်အောင်၊ ဘာမှ မလုပ်တော့ပါဘူး။ငါ, လုပ်ချင်တဲ့ အတိုင်း၊ လုပ်လိုက်ရင်၊ ငါ့, မိသားစု၊ ဘဝ, ပျက်သွားလိမ့် မယ်"

"မင်း, စိတ်ထိန်းနိုင်တာ၊ သချာတယ်နော်" ဟု၊ ပိုးသားမေး၏။ကျွန်တော်က . .

"ငါ, စိတ်ထိန်းထားတာမဟုတ်ဘူး။ငါ့စိတ်





ထဲမှာ၊ လူချစ်အောင်ဆိုတဲ့ကောင်ကို၊ ဖျောက်ပစ် လိုက်တာ။ငါ့စိတ်ထဲမှာ၊ငါ့သူငယ်ချင်းလူချစ်အောင် မရှိတော့ဘူး။

အခု၊ မင်းသွားခေါ်လာမယ့်၊ လူချစ်အောင် ဆိုတာက၊ အမြီးရ အမြီးစား, ခေါင်းရခေါင်းစား တတ်တဲ့ ကောင် . . လို့၊ ငါ,နှလုံးသွင်းထားတယ်"

"ဝုန်းဝုန်းဒိုင်းဒိုင်းတော့၊မင်း,မလုပ်နဲ့နော်"

"ငါ့ မိဘ,တွေ၊ သူ့ အိမ်ဝင်းထဲမှာ၊နေနေရ ပါတယ်လို့၊ ငါ,ပြောပြီးပြီပြီပဲကွာ"

ပိုးသားက၊ လက်ကာပြီး၊ အိမ်ဝင်းထဲမှ၊ ထွက်သွားသည်။ ကျောပိုးအိပ်တင်ထားရာ ၊ ခုံတန်းလျားပေါ်သို့ ၊ ကျွန်တော် . . , ခြေပစ်လက်ပစ် မှီထိုင်လိုက်၏။အိမ်ထဲတွင်၊ ပိုးသား၏ မိဘ,များ၊ မရှိကြ။

"အိမ်က၊ လူကြီးတွေ၊ မသိစေချင်ဘူး မင်းမျိုးနိုင်" . . ဟု၊ လူချစ်အောင်က၊ ချောက်ကပ်ကပ်လေသံဖြင့် ၊ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က . .

"မသိစေရဘူး လှချစ်အောင်။ ဘာဖြစ်လို့လဲ ဆိုတော့။ အဲဒီ အိမ်ဝင်းထဲကို၊ ငါ, အသက်ရှိနေသရွေ့၊ဘယ်တော့မှ၊ မဝင်တော့ဘူးလို့၊ ဆုံးဖြတ်ထားလို့ပဲ"

ပိုးသားက,ပါ၊ မျက်လုံးအဝိုင်းသားဖြင့်၊ ငေးကြည့်နေ၏။ လှချစ်အောင်က . .

"အဲဒီလိုတော့၊ မလုပ်ပါနဲ့ကွာ။ဖြစ်ခဲ့သမျှတွေ အတွက်၊ ငါ,တောင်းပန်ပါတယ်"

"မတောင်းပန်နဲ့။ မင်းကို၊ ငါ, ဘယ်တော့မှ၊ မကျေနပ်ဘူး။ ထွေထွေထူထူးလည်း၊ မပြောတော့ဘူး။

ဒါပေမဲ့ . . ,မင်းကိုယ်တိုင်၊ သူလိုကိုယ်လိုပါပဲ ကွာ . . . လို့ ၊ ပြောဆိုဝေဖန်ခဲ့တဲ့ ၊ မိန်းမ, တစ်ယောက်ကို ၊ ဇနီးမယားအဖြစ် ၊ လက်ထပ် , ပေါင်းသင်းလိုက်တာကိုတော့၊ ငါ,ရယ်ချင်တယ်။

မိန်းမ,ပေါင်းများစွာနဲ့တွေ့ခဲ့ဘူးတဲ့၊ မင်းက,





သူလို ကိုယ်လို ၊ မိန်းမ,လောက်ကိုပဲ၊ လက်ထပ်လိုက်တာ ၊ တော်တော်ရယ်စရာကောင်းတယ်။

အဲဒီလို ၊ လက်ထပ်လိုက်တာက, လည်း ၊ သူငယ်ချင်းဖြစ်တဲ့၊ ငါ့ရည်းစားဖြစ်နေတော့ . . ၊ မင်း ဘဝ,မှာ ၊ လက်ထပ်ဖို့ မိန်းမ , တော်တော်ရှားသလား လို့၊ မေးရမလိုဖြစ်သွားတာပေါ့ကွာ။

ပယင်း ဆိုတဲ့၊ မိန်းကလေးအနေနဲ့က,လည်း၊ ဆန်စက် ဆီစက်ပိုင်ရှင်၊ မြေပိုင်ရှင်၊လယ်ပိုင်ရှင်၊ တွေရဲ့သားကို၊ လ,ပိုင်းအတွင်း၊ ဆုံတွေ့လက်ထပ်လိုက်တာလည်း၊ အံ့သြစရာ မဟုတ်ပါဘူး။

ငါ, အံ့သြတာက၊ မင်း . . ,လုပ်ရက်တာကိုပဲ။အရှက်မဲ့တဲ့မျက်နှာနဲ့၊ လုပ်ရဲတာကိုပဲ။

ငါ့အိမ်ဝင်းထဲမှာ၊ ကပ်နေတဲ့ကောင်။ ငါ့, မိဘ, အကူအညီနဲ့၂ မကင်းတဲ့ကောင် ။ ငါ . . , ဘာလုပ်လုပ် ၊ ငြိမ်ခံနေမယ့်ကောင်ပဲလို့။မင်း . . , ငါ့ကို၊ လျှော့တွက်လိုက်တာပဲ။ ငါက,လည်း၊ အဲဒီ အစဉ်အလာကို ၊ တော်လှန် မြေမြှုပ်ချင်နေတဲ့,



www.burmeseclassic.com

www.burmeseclassic.com



ကောင်ဆိုတော့။ငါ့စိန်ခေါ်မှုကို၊ အခု အချိန်က၊ စ,တယ် လှူချစ်အောင် ။ မင်းတို့မြေပေါ်ကို၊ ငါ, မနင်းဘူး။ငါ့ ဘဝ, မှာ၊ မင်း,မရှိတော့ဘူး"

" မင်းမျိုးနိုင် ။ တော်ပါတော့ကွာ ။ ခွင့်လွှတ်လိုက်ပါ ။ သူလည်း၊ မင်းကို အားနာနေပါတယ်" ဟု ၊ ပိုးသား ဝင်ပြော၏။

ကျွန်တော်က၊ပိုးသားကို၊တစ်ချက်မျှသာ၊ ကြည့်ပြီး . . ,

"အားနာတယ်ဆိုတာ၊မလုပ်လို့လည်းမဖြစ်ဘူး။ တစ်ဖက်သားကို၊ ညှာလည်း မညှာဘူးဆိုတဲ့ အဓိပ္ပါယ်ပဲကွ"

"ငါ, မင်းကို၊ တောင်းပန်ပါတယ်။ အိမ်ဝင်းထဲမှာ၊ မင်း, မနေချင်ဘူး ဆိုရင်တောင်၊ တခြားမှာ နေဖို့၊ ငါ,စီစဉ်ပေးပါရစေ"

ကျွန်တော်၊ နှုတ်ခမ်းတွန့်လိုက်မိ၏။ သူကိုယ်၌က၊အိမ်ဝင်းထဲမှာ၊ ကျွန်တော့်ကို၊ နေစေချင်ပုံမရ။

ကျောပိုးအိပ်ဇစ်ကို၊ကျွန်တော်ဆွဲဖွင့်လိုက်သည်။ပြီးနောက်၊ အိပ်ထဲမှ၊ သော့တွဲ တစ်တွဲကို၊ နှိုက်ယူလိုက်၏။ လှူချစ်အောင်ကို လှမ်းပေးရင်း . .





"ရော့။ ရန်ကုန်က၊ မင်းရဲ့ တိုက်ခန်းသော့။ နေထိုင်ပတ်သက်ခဲ့ရတာတွေနဲ့။ ငါ့ဆီက၊မင်း,ယူသွားတာနဲ့၊ ချေပေးပေါ့ကွာ။

ပယင်း သူများနောက်ပါသွားလို့၊ငါ့,အသည်းမကွဲဘူးနော် . . လှူချစ်အောင် ။ အဲဒီ သူများက၊ မင်းဖြစ်နေလို့၊ ငါ, အသည်းယားတယ်"

သော့ကို၊လှူချစ်အောင် လှမ်းမယူ။ထို့ကြောင့်၊ ခုံတန်းလျားပေါ်သို့၊ ဂျောက်ကနဲနေအောင်၊ ကျွန်တော်ပစ်တင်လိုက်ပြီး၊ ပိုးသား၏ အိမ်ဝင်းအတွင်းမှ၊ ချာကနဲ လှည့်ထွက်ခဲ့သည်။

ပိုးသားက ၊ လှူချစ်အောင်ကို ၊ ထားခဲ့ပြီး ၊ ကျွန်တော့်နောက်သို့၊ ပြေးလိုက်လာ၏။

+

"မင်း, ဘယ်သွားမလို့လဲ"ဟု၊ ပိုးသားမေးသည်။"ခြေဦးတည့်ရာ"ဟု၊ ကျွန်တော် ပြောလိုက်သည်။ပိုးသားက,

"အဲဒါ ,လမ်းပျောက်နေတဲ့သူတွေပြောတဲ့၊ စကားလေကွာ။ဘာမဟုတ်တဲ့ကိစ္စနဲ့။ မင်းက . . ဘဝ,ကို၊ လမ်းပျောက်တော့မလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်တဲ့ကိစ္စ . . လို့ မင်း,ပြောရက်သလား ပိုးသား"

ပိုးသားက . .

"ငယ်ငယ်တုန်းက၊ ငါတို့ ဘောလုံးကစားရင်း၊ မင်း . . ခြေမ, ပဲ့သွားဘူးတာ၊ မင်း,မှတ်မိသေးလား မင်းမျိုးနိုင်"

ကျွန်တော်ခေါင်းညိတ်ပြလိုက်၏။ပိုးသားက၊ စကားဆက်သည်။

"မင်း, အဲဒီတုန်းက ၊ တော်တော်နာတယ်မဟုတ်လား"

"အေး။ အဲဒါ ဘာဖြစ်လဲ"

"အခု၊ နာသေးလား"

"ကြာပြီပဲ ၊ ဘယ်နာတော့မလဲ"

"အဲဒီ ခြေမ,ပဲ့သွားတဲ့ ကိစ္စကို၊ဘာမဟုတ်တဲ့ကိစ္စ . . လို့ ၊ အခု,ငါ . . ပြောရင်၊ ငါ့ကို၊ မင်း စိတ်ဆိုးမလား"

"ဘယ်ဆိုးပါ့မလဲ"



"ဘာဖြစ်လို့လဲ"

"နာမှ၊ မနာတော့တာ" ဟု ၊ ကျွန်တော်ဖြေလိုက်သည်။

ပိုးသားက . .

"နောင်တစ်ချိန်မှာ၊ မနာကျင်တော့မယ့်၊ အခု ကိစ္စကို၊ ဘာမဟုတ်တဲ့ကိစ္စလို့၊ ငါ,ပြောတာ။ တော်တော်မှားသွားလို့လား။နောင်တစ်ချိန် အထိ၊ နာကျင်နေဦးမယ်ဆိုရင်လည်း . . ။

မင်းနှစ်နှစ်ကာကာ ချစ်ခဲ့ပါတယ် ဆိုဘဲ့ ၊ မင်းရဲ့ ကောင်မ,လေးက၊ အခုရော,နောင်ရော၊ သူများမယားဖြစ်နေပြီးလေ။

ဘာ အကြောင်းကြောင့်ပဲ ဖြစ်ဖြစ်။မင်းစိတ်ထဲမှာ၊ ရှိမထားသင့်တော့ဘူး။ငယ်ငယ်က၊ ကစားရင်း၊ ထိခိုက်ခဲ့တဲ့ အနာကို၊ ဆေးမြီးတိုနဲ့ ပျောက်အောင်၊ ကုသ,ခဲ့သလို၊ ကုစေချင်တယ်။ဘ၀, လမ်းခရီးရှည်ကို၊ လျှောက်လှမ်းရင်း၊ ခလုတ်တစ်ချက်တိုက်ခဲ့မိတယ် လို့ပဲ ၊ သဘောထားစေချင်တယ်။

အဲဒီလို၊ သဘောထားစေချင်လို့ ဘာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကိစ္စ . . လို့၊ ငါ့ပြောတာပါကွာ”

ကျွန်တော်က . .

“ငါ့ဆီက၊ လုယူသွားတဲ့၊ လူချစ်အောင်ကို ရော၊ ငါ မေ့ပစ်ရမှာလား ပိုးသား”

“အပြစ်ရှိတဲ့သူက ၊ သူ့ အပြစ် သူ သိလို့၊ ငြိမ်နေပြီပဲကွာ ။ နောက်ပြီး ၊ မင်းနဲ့ ပယင်းနဲ့ ။ ထိပ်တိုက်တွေ့မှာတောင်၊ သူ စိုးရိမ်နေပုံရတယ်”

“အဲဒါကို၊ ငါ ,သိတယ်။ ငါ့မိဘ,သာ၊ အဲဒီ အိမ်ဝင်းထဲမှာ၊ မရှိရင်၊ သိပ်ကောင်းမှာပဲ။ ပယင်း ကိုတောင်၊ ငွေမက်တဲ့ ,မိန်းမ, ဘာဘာညာညာ ငါ,သွားပြောမိမှာ”

“ဒါက,တော့ကွာ ။ ဘဝ,ကို၊ လူပေါင်းစုံနဲ့ ပတ်သက်ပြီး၊ ရေစုံမျှောချလိုက်တဲ့သူတွေတောင်၊ ရှိနေတတ်ကြတာပဲ။

ချမ်းသာ ကြွယ်ဝ, တဲ့ ၊ ယောက်ျားသား တစ်ဦးတစ်ယောက်တည်း အပေါ်၊ မှီခိုအားထား လိုက်တာကို၊ အပြစ်ဆိုမနေပါနဲ့တော့။





ပြီးတော့။ မင်းနဲ့သူနဲ့က၊ သံယောဇဉ်သက် တွေရင့်၊နှစ်ပေါင်းများစွာ၊သစ္စာနံ့ထားကြရလောက် အောင်၊ ပြတွယ်ခွင့်, မရခဲ့ကြဘူးလေ။အပင်နုချိန် မှာ၊ မင်း, အကာအရံနွေးသွားတယ်ထင်ပါရဲ့”

ကျွန်တော်က ...

“ကာရံဖို့ နှောင့်နှေးခဲ့ရင်တောင် ၊ ကူညီ ကာကွယ်ပေးဖို့က၊သူငယ်ချင်းတစ်ယောက်ယောက် ရဲ့ တာဝန်မဟုတ်ဖူးလား ပိုးသား။

သံယောဇဉ်အပင်နုနုလေးကို၊ ဝင်လုသွား တာ၊ ငါ့သူငယ်ချင်းဆိုတဲ့ကောင်ကွ”

“ငါ, စာနာပါတယ်ကွာ။ လူချစ်အောင်မှာ၊ မိန်းကလေးတွေ ၊ ဘယ်လောက်ပေါပေါ။ လုချင် ယက်ချင်တဲ့သူက၊ လုမှ ယက်မှ၊နေသာထိုင်သာ ရှိတဲ့၊ သဘောပဲ။

လုယူထားတဲ့သူဟာ၊သူ , လုယူထားတယ် ဆိုတာ။ သူ့ကိုယ်သူ၊ အသိဆုံးမို့။ ဘယ်နေရာမှာ၊ ဘယ်လိုပဲ၊ ထည်ဝါ ထည်ဝါ။ အကြောင်းသိတွေရဲ့,

www.burmeseclassic.com



ရှေ့မှာ၊ ခေါင်းမဖော်ဝံ့ပါဘူး။

မင်းကိုလူချစ်အောင် ဘယ်တုန်းက၊တောင်းပန်ဖူးလို့လဲ။အခု၊ သူ . . တောင်းပန်နေတာပဲ။မင်း၊ မကျေနပ်ရင်တောင်၊ ကိုယ်ဘဝ,ကိုယ်တော့၊ ရေစုန်မမျှောချင်စမ်းနဲ့ကွာ”

“မမျှောပါဘူး” . . ဟု၊ ကျွန်တော် ပြောလိုက်သည်။

ပိုးသားက . . ,

“မမျှောဘူး ဆိုရင် ၊ မင်း , ငါ့ အိမ်မှာနေ။ ဘယ်မှ၊ မသွားနဲ့”

ကျွန်တော် ခေါင်းခါလျက်,

“ဒီမြေ,ဒီရေ, ဒီဇာတိကို၊ ငါ, စွန့်ခွာတော့မယ် သူငယ်ချင်း။ဇာတိကို၊ ဘယ်လောက်ချစ်ချစ်၊ သစ္စာမဲ့သူရှိတဲ့အရပ်မှာ၊ ငါ,မစင်တောင်၊ မစွန့်ချင်ဘူး”

“မင်းအိမ်ကို ၊ မင်း, အသိမပေးတော့ဘူးလား ”

“ငါ့ အစ်ကိုနဲ့တော့၊ ငါ,တွေ့သွားချင်တယ်”

“ဘယ်ပဲသွားသွားကွာ ။ ဒီတစ်ညတော့





ငါ့, အိမ်မှာ၊ အိပ်ပါကွာ။ ကိုမင်းထင်ကို၊ ငါ . . , သွားခေါ်ပေးပါ့မယ်”

“ငါ့ အစ်မ,နဲ့၊ ငါ့ အဖေ အမေ၊ မသိစေချင်ဘူးနော်”ဟု၊ ကျွန်တော်မှာသည်။ ထိုညက၊ ပိုးသား၏ အိမ်တွင်၊ မိသားစုအတွက်၊ နှုတ်ဆက်စာတစ်စောင်ကို၊ ကျွန်တော်ရေးခဲ့၏။

အဖေ အမေနဲ့၊ အစ်မ။ကျွန်တော်ရိုသေစွာ၊ စာရေးခဲ့ပါတယ်။ကျွန်တော်, ရန်ကုန်မှာပဲ၊ စီးပွားရှာချင်လို့၊ အိမ်ကို၊ ပြန်မလာတော့ပါဘူး။

စိတ်ပူမှာစိုးလို့၊ ဒီစာကို၊ ရေးခဲ့တာပါ။ သူ တစ်ပါးအိမ်ဝိုင်းထဲမှာ ၊ နေရတဲ့ ဘဝ,ကို၊ ကျွန်တော်, မနှစ်မြို့တော့လို့ပါ။ခေါင်ကျကျ,ဖြားကျကျ၊ ကိုယ့်ဘာသာ ရပ်တည်ချင်လို့ပါ။

ကျွန်တော့်ကို၊ စိတ်မပူကြပါနဲ့။ ။

မင်းမျိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com



စာကိုဖတ်ကြည့်ပြီး၊ ကိုမင်းထင်က . .

"အိမ်ကို ဘာကြောင့်မဝင်တာလဲ မေးရင်၊ ငါ, ဘယ်လိုပြောရမလဲ"

"အရောင်းအဝယ်ကိစ္စနဲ့ ခဏပဲ ဝင်လာရလို့ အမြန်ပြန်သွားရတယ်ပဲ ပြောပေးပါအစ်ရယ်"

"ငါကိုယ်တိုင်ရော၊ အဖေရော။ အဲဒီအိမ်ရဲ့ ဝန်ထမ်းဆိုတာ၊ မင်း, သိတယ်နော်"

ကျွန်တော် . . ,ခေါင်းညိတ်ပြလိုက်သည်။ စာခေါက်ကို၊ အကျီအိပ် အတွင်းသို့ ထည့်ရင်း၊ ကိုမင်းထင်က . .

"အကြီး ဒေါ်သီနဲ့ ဦးလေးဦးချစ်မောင်တို့ကို၊ ငါ, မတော်လှန်ရက်ဘူး။ အဖေတို့,အမေတို့လည်း၊ ဒီအတိုင်းပဲ။

မင်းရဲ့,အခါကာလ,ရောက်တော့။မတော်လှန်လို့ မဖြစ်တဲ့အခြေအနေကို၊ မင်း . . . , ကိုယ်တိုင်ရင်ဆိုင်ရပြီ။

မိဘ, အချင်းချင်း၊ ဘာမှ မဖြစ်ခဲ့ကြပေမဲ့၊ နောင်လာနောင်သားချင်း၊ ပြဿနာတက်ကြပြီ၊





အစ်ကို တစ်ယောက်အနေနဲ့ မင်းဘက်က၊ ငါ,ဝင်မပါပေးနိုင်တာကို၊မင်း, ခွင့်လွှတ်နားလည်ပေးပါ"

ကျွန်တော်က . .

"အစ်ကို ၊ ကျွန်တော့်ကို ၊ မဆူမပြောရင်၊ တော်ပါပြီ။ အစ်ကို၊ ဝင်ပါစရာ မလိုပါဘူး။

ငယ်ငယ်က ၊ အရုပ်လု ။ ကြီးလာတော့ ၊ ရည်းစားလု။ နောက်ထပ်၊ ကျွန်တော့် နောင်လာနောင်သားဆီက၊ ဘဝ, အခွင့်အရေးအားလုံးကိုပါ၊ လု အယူခံရဦးမယ့်၊ အဖြစ်မျိုးကို၊ ကျွန်တော်လုံးဝ, အဖြစ် မခံနိုင်တော့ဘူး အစ်ကို ။ အဲဒါကြောင့် ၊ ကျွန်တော် အခုလို ဆုံးဖြတ်လိုက်တာပါ"

"မင်း ရေးပေးတဲ့စာလောက်နဲ့ ၊ အမေတို့, အဖေတို့ ယုံပါ့မလား"

"လောလောဆယ်၊ ယုံအောင်ပြောထားလိုက်ပါ အစ်ကိုရယ်။နောင်ကျတော့၊အဖြစ်မှန်ကို၊ ပြောချင်ရင်၊တီးတိုးသက်သာ၊ပြောပြလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လူချစ်အောင် မင်္ဂလာဆောင်ကို ၊ မင်း့ ရောက်မလာတာနဲ့ ပတ်သက်ပြီး၊ အမေတို့ရော၊ ဦးလေးဦးချစ်မောင်တို့ရော၊ တစ်မေးတည်း၊ မေးနေခဲ့ကြတာ။

လူချစ်အောင်က၊ မင်း့သင်တန်းက၊ စာမေးပွဲနဲ့၊ မင်္ဂလာရက်နဲ့ တိုက်နေတယ်လည်းပြောရဲ့။ မင်းလာရင်အံ့ဩသွားအောင်လို့၊ မင်းဖုန်းဆက်ရင်တောင်၊ သူ မရှိတဲ့အကြောင်းပြောပြီး၊ မင်္ဂလာဆောင် ကိစ္စ၊ အသိမပေးပါနဲ့ လို့လည်း၊ မှာလားမှာရဲ့။

ရှုပ်နေတာပါပဲ ။ အခု ၊ မင်းပြောပြမှပဲ ၊ ရှင်းတော့တယ်။ကောင်မ့လေးက့လည်း၊ဂုဏ်မက်မိတယ် ထင်ပါရဲ့"

"ငါ , အခုမှ၊ တွေးမိတယ်။ ဂုဏ်မက်ရလောက်အောင်၊ အဲဒီ ပယင်း ဆိုတဲ့ကောင်မ့လေး ဘက်က၊ နွမ်းပါးတဲ့ သူတွေမှ၊ မဟုတ်တာဘဲ" ဟု၊ ပိုးသားက၊ ကျွန်တော်ကို၊ ပြော၏။

ကျွန်တော်က . .



"ဘာမှ၊သုံးသပ်မနေပါနဲ့တော့၊ပိုးသားရယ်။ လုချင်တဲ့သူက၊ နည်းပေါင်းစုံ သုံးပြီး၊ လုံမှာပဲ လေ။ အလုခံရတဲ့ အရာက့ လည်း ၊ ပြန်လုဖို့ မသင့်တဲ့ အရာဖြစ်နေတယ်။

အထူးသဖြင့်၊ ငါ မကျေနပ်တဲ့ နယ်မြေပေါ်မှာ၊ ငါ့ မိဘ့တွေ၊ ရှိနေတာကိုက၊ ငါ့ရဲ့၊ အားနည်းချက်ပဲ။ အဲဒီ မြေပေါ်က၊ ငါ့မိဘ့ ငါ့ ညီ အစ်ကို မောင်နှမ့တွေကို၊ ငါ့ ရအောင်ပြန်ထုတ်မယ်"

"ဘွဲ့ ယူမယ့်ကိစ္စ၊ ဘယ်လိုလုပ်မှာလဲ"ဟု၊ ကိုမင်းထင်မေး၏။"အဲဒီကိစ္စ၊ ကျွန်တော့်, မေ့နေတယ်။ရတယ်၊ သိပ် အရေးမကြီးဘူး။ အဝေးရောက် လက်မှတ်ပဲ၊ ယူလိုက်တော့မယ်။ အစ်မ့ကိုလည်း၊ နားလည်အောင်ပြောပြလိုက်ပါ" ဟု၊ ကျွန်တော်မှာသည်။

နံနက်ဝေလီဝေလင်း အချိန်တွင်၊ ရွာကို၊ ကျွန်တော်စွန့်၏။ ဂျီ-မေးလ် မှ၊ ထုတ်ယူလာခဲ့မိသော၊ ပယင်း၏ ချစ်စကား အမြွေလွှာတို့ကိုလည်း၊ ရွာထိပ်ရှိ ကားလမ်းမ့၏ တစ်ဖက်တစ်ချက်တွင် စွန့်၏။

www.burmeseclassic.com

www.burmeseclassic.com



သုံးငယ်ချင်းဟူသော၊ဝေါဟာရနှင့်၊မထိုက်တန်သူကိုလည်း၊ အဆိုပါလမ်းနံဘေးရှိ၊ ရေနုတ်မြောင်းအတွင်း၌၊ စွန့်၏။

**အချစ်၏အနှုတ်လက္ခဏာ**

အ်ိသည်းကွဲရုံနဲ့၊ ဘဝ,က လုံလောက်သွားပြီ
လက်တစ်ခုပ်စာ ဦးနှောက်ကို၊ နှလုံးသွေးမပေစေရ။
မျက်ရည်တွေ ကုန်ခန်းသွားရင်တောင်
ချွေးစက်တွေ ကျန်သေးတယ် . . ငါ့မှာ။
ပတ်ဝန်းကျင် စိမ်းလန်းစိုပြေဖို့
အချစ်က၊ ရွာသွန်းခဲ့တယ်ပဲ ထား
ကွက်ကျား မိုးခေါင်ခဲ့ပေါ့ . . ငါ့မှာ။
မတွယ်ယှက်ရဘဲ
ကွယ်ဝှက် နောက်ဆုတ်ခဲ့ရတဲ့ . . ကံ
အချစ်ကို၊ ဘာပြစ်မှားမိခဲ့လို့လဲ . . ငါ။
အမွှေတွေ၊ ကြီးစိုးကုန်ပြီ ထင်ပါ့
ကယ်ပါဦး ချစ်ခြင်းရေ . . ငါတို့ကို ။ ။





၁၆။

"ကြားရတာ စိတ်မကောင်းဘူး" ဟု၊ သက်ထားဆွေ၊ ပြော၏။ ကျွန်တော်က . .

"သနားအောင် ပြောတာ ၊ မဟုတ်ဘူးဟ။
စကားမကျန်အောင်ပြောပြတာ"

"ငါက၊ သနားတယ်လို့၊ မပြောပါဘူးနော်။
စိတ်မကောင်းဘူးလို့ပဲ ပြောတာပါ"

သက်ထားဆွေ ပြုံးလျက်ပြော၏။ ကျွန်တော်က . .

"ဘာပဲဖြစ်ဖြစ်၊ နားထောင်ပေးတာ၊ကျေးဇူး
ပါပဲ။ ငါ့အပေါ်၊ အလိုမကျစရာ ပါသွားရင်လည်း၊
ခွင့်လွှတ်ပါ"

သက်ထားဆွေက . .

"ပယင်းဆိုတဲ့၊ ကောင်မ,လေးကိုရော။ နင်၊
ဘာမှ၊ မမေးခဲ့ဘူးလား"

"ဘာမေးရမှာလဲ"

"လူချစ်အောင်ကို၊ ဘာကြောင့် ယူလိုက်ရ
သလဲ ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ပါးဇနီး၊ ဖြစ်နေပြီလေ။ငါ့,မမေး ချင်ဘူး ။ မေးမယ်ဆိုရင်တောင်၊ ငါမဝင်ချင်တဲ့၊ အိမ်ဝင်းထဲကို၊ ဝင်မေးရမှာ။ ပြဿနာတွေ၊ ရှုတ် ကုန်မှာ၊ အမှန်ပဲ"

"မမေးသင့်လို့ ၊ မမေးခဲ့ဘူးဆိုရင်တောင်၊ သိအောင်တော့၊ စုံစမ်းသင့်တယ်"

"ဘာဖြစ်လို့လဲ"

"နင့်မှာတောင်၊ ပြောစရာ စကားတွေ ရှိလို့၊ ငါ့ကိုပြောပြတာလေ။ သူ့မှာလည်း၊ နားထောင်မယ့် သူရှိရင်၊ ပြောစရာ စကားတော့၊ ရှိမှာပေါ့။သစ္စာ မဲ့တာပါဆိုရင်တောင် ၊ ဘာကြောင့် မဲ့ရပါတယ် ဆိုတာမျိုးပေါ့"

"မသိချင်တော့ပါဘူး" ဟု၊ ကျွန်တော် ပေါ့တန်စွာပြော လိုက်သည်။"အမယ်။ အသည်းကွဲသံကြီးနဲ့၊ ပြောနေပြန်ပြီ" . . ဟု၊ သက်ထားဆွေ၊ နောက်ပြောင်၏။"မဟုတ်ပါဘူး"ဟုသာ၊ ကျွန်တော် ပြောနိုင်သည်။

ရင်ထဲ,စိတ်ထဲတွင်၊စကားဝန်ထုတ်များ၊ ထမ်းပိုးထားစရာ





မရှိတော့လောက်အောင် ၊ လွန်စွာပေါ့ပါးနေလေသည် . . . ဟု ၊ ကိုယ့်ကိုယ်ကို သိ၏။ သို့သော် . . မျှော်လင့်ရာ ချစ်စကားတစ်ခွန်း အတွက်၊ သက်ထားဆွေ၏ မေတ္တာတုံ့ပြန်ချက်ကို၊လို့တ,နေရသေး သည်။ ထို ဝန်ထုပ်က၊ ပို၍ လေးလံနေပြန်သေး၏။

"ငါ, ပြောပြသင့်တာလည်း၊ ပြောပြပြီးပြီ။ နင် ပြောသင့်တာ ပြောတော့လေ သက်ထားဆွေ"

သက်ထားဆွေက၊ သဘောဝေးသောသူ၏ မျက်နှာဟန်ပြု ပြီး . .

"ငါက၊ ဘာပြောရမှာလဲ"

"နင့်ကို ချစ်တယ်လို့၊ ငါ , ပြောထားတယ် လေ ။ နင်က,လည်း ၊ ချစ်တယ်လို့ ပြန်ပြောချင် ပြောပေါ့"

"ဒီလို လွယ်လွယ်နဲ့၊ ဘယ်ရမလဲ။ငါ, မေးချင် တာ၊ မေးဦးမယ်"

"ဘာမေးမှာလဲ"

"အချစ်ဆိုတာ၊ ဘာလဲ"

ပယင်း ကို၊ ဖြေဖူးခဲ့သည့်၊ အဖြေစကားကိုပင်၊ ယောင်မှား



www.burmeseclassic.com

www.burmeseclassic.com



ဖြေဆိုဖို့ ကျွန်တော် ပါးစပ်ပြင်မိသေး၏။ပြီးမှ ..

"အာ ။ မနောက်ပါနဲ့သက်ထားဆွေရယ်။ ငါ့မဖြေတတ်တော့ဘူး"

သက်ထားဆွေ ရယ်လေ၏။ပြီးနောက် ..

"နင်, တစ်ယောက်တစ်မျိုးဖြေသလား၊ တစ်မျိုးတည်းကိုပဲ၊ မှုဖြေမလား။သိချင်လို့ မေးကြည့်တာ"

ထို , ကျီစယ် စကားကြောင့် ၊ ကျွန်တော့် မျက်နှာထားတင်းသွားမိသည်။ သက်ထားဆွေ ၊ မြင်ပေ၏။

"နင်, ငါ့ကို၊ ချစ်တယ်သာပြောတာ။ အလိုလိုက်မယ့်ပုံ မပေါ်ဘူး။ဒါလေးနောက်တာကိုနင်, စိတ်ဆိုးသလား မင်းမျိုးနိုင်"

"ဟိုပွေ့,ဒီရှုတ် . . လို့အဓိပ္ပါယ်သက်ရောက်တဲ့၊ စကားမျိုးနဲ့ ။ ငါ့ကို , မကျီစယ် စေချင်ဘူး သက်ထားဆွေ။

ချစ်လို့ ၊ အလိုလိုက်တယ် ဆိုတာထက် ၊ ချစ်လို့၊ စောင့်လျှောက်တာမျိုးပဲ၊ ငါ,ဖြစ်ချင်တယ်။





မနှစ်သက်စရာ စကားကို၊ ချစ်တဲ့သူပြောနေပါရက်နဲ့။မသိချင်ယောင်ဆောင်ပြီး၊ ပြောခွင့်ပြုနေရင်၊ အဲဒါ, ချစ်တယ်လို့ပြောပြီး၊ လိမ်နေတာနဲ့အတူတူပဲ။ ငါ မလိမ်ချင်ဘူး သက်ထားဆွေ"

သက်ထားဆွေက၊ ပြုံးစစဖြင့် . .

"ငါ့,နောက်တာ၊ နင် မကြိုက်ဘူးပေါ့"

"အရှုးကြီး,မျောက်ကြီး,လူပေါကြီး။ ကြိုက်သလိုနောက်ပါ။ ရှုတ်တဲ့ပွေ့တဲ့သူ ဆိုတဲ့၊သတ်မှတ်ချက်ကို၊ အနောက်အပြောင် စကားထဲမှာတောင်၊ ငါ မကြားချင်လို့ပါ။

ငါချစ်တဲ့နင် ။ ငါ့ကို၊ လက်မခံရင်တောင်၊ ရှုတ်တဲ့ပွေ့တဲ့သူနဲ့ပတ်သက်မိမှာကိုငါ,အစိုးရိမ်ဆုံးဖြစ်နေလို့ပါ သက်ထားဆွေ။

အကျိုးမဲ့ စကားကို၊ ချစ်တဲ့သူ မပြောစေချင်လို့ ၊ အလိုလိုက်ဖို့ဆိုတာ မေ့ပြီး ၊ ဂရုတစိုက်ဟန့်တားမိတာပါ"

"ငါ့ကို၊ ဂရုစိုက်မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်လို့ ငါ ပြောပြီးလေဟာ။ကျန်တာတွေ၊ ထပ်မမေးပါနဲ့တော့။ နော်သက်ထားဆွေ"

"ငါက,ပဲ နင့်ကို၊ အလိုလိုက်ရမယ် ထင်ပါရဲ့" . . . ဟု၊ သက်ထားဆွေက ၊ တစ်ကိုယ်တည်း ပြောသကဲ့သို့ ၊ ပြောသည် ။

ကျွန်တော်က . .

"တစ်ယောက်အပေါ်တစ်ယောက် တန်ဖိုးထားကြရင်၊ အလိုလိုက်တယ်ဆိုတာ၊ကလေးကလားဖြစ်သွားမှာပါဟာ"

ချင့်ချိန်ခံစားခြင်းကြီးစွာ၊ ပြောလိုက်သည်။ သက်ထားဆွေ ကျွန်တော့်ကို၊ ပြုံး၍ ကြည့်နေ၏ ။ ထို အပြုံးသည် ၊ ကျွန်တော့် ဘဝ, အတွက်၊ တန်ဖိုးမဖြတ်နိုင်လောက်အောင်၊ ကြီးမား ဝံ့ထည်သည့်၊ တစ်သက်တာ ရတနာပြုံး။

သုံးလ,လောက်အထိ၊ သက်ထားဆွေ၏ တုံ့ပြန်ချစ်စကားကို၊ ကျွန်တော် ကြားခွင့်မရသေး။





ရမည့်ရတော့ ၊ မမျှော်လင့်သော ကိစ္စ တစ်ခုကြောင့် ၊ သက်ထားဆွေ၏တုံ့ပြန်ချစ်စကားကို၊ကျွန်တော် ကြားခွင့်ရခဲ့သည်။

"နင် . . . ,ရန်ကုန်ရောက်တာ၊ခြောက်လ။ ခြောက်လ,လောက်အချိန်အတွင်းမှာ၊နင်,မြေကွက်ဝယ်တယ်။ဟန်းဖုန်းကိုင်တယ်။

ဂျာနယ်မှာ လုပ်တဲ့၊ ဝင်ငွေလောက်နဲ့၊ နင်, ဒီလောက် မတိုးပွားနိုင်ဘူး။နင်, ဘာတွေလုပ်နေသလဲ။ ငါ့ကိုပြော"

"ဘာလုပ်ရမှာလဲ။အောင်သိန်းဦး ထုတ်ပေးတဲ့ငွေနဲ့ ၊ ငါ, ဂျာနယ် တစ်စောင်လုပ်တယ်လေ။ အဲဒီ ဂျာနယ်အောင်မြင်တယ်လေဟာ"

"နင်, မလိမ်တတ်ဘူးဆို။ နင်,ငါ့ကို၊ လိမ်နေပြီလား"

ကျွန်တော် စကားမတုံ့ပြန်။

"ကိုယ့်ကို၊ ရည်ရွယ်ထားပါတယ်ဆိုတဲ့သူက၊ ဝင်ငွေ ကောင်းရင်ပြီးရော။ကိုယ်ချမ်းချမ်းသာသာ နေရရင်၊ ပြီးရောဆိုတဲ့၊ ယောက်ျား လုံချည်စ,



www.burmeseclassic.com

www.burmeseclassic.com



တွဲလောင်းခိုစားမယ့် ၊ ပျော့စိစိ မိန်းကလေးမျိုး ထဲမှာ၊ ငါ့မပါဘူး မင်းမျိုးနိုင်"

"အေးပါ။ငါ သိပါတယ်"

"သိတယ်ဆိုရင်ပြော ။ငါ , မသိလို့မေးတာ မဟုတ်ဘူးနော် ။ နင်, ဝန်ခံတာ လိုချင်လို့ မေးနေ တာ"

"နင်တကယ်သိတာလား"

"ငါ့ကို၊ စကားမန့်ကိန်နဲ့"

စိတ်ဆိုးစွာ တုံ့ပြန်သည့် . . စကား။

"နင့်ကို၊ ငါ,မသက်ာတာကြာပြီ။နင့်ကျောပိုး အိတ်ထဲက၊စာရွက်စာတန်းတွေ၊ငါတွေ့ဖူးတယ်။ ပြော . . ။ အမှန်အတိုင်းပြော"

လူချစ်အောင် လုပ်ခဲ့ဖူးသော၊ အလောင်းအစားကိစ္စမျိုး နှင့်တကွ၊ အခြားသော၊ ကံစမ်းသည့်၊ တရားမဝင်လောင်းကစား မှုများကို ၊ ကျွန်တော် တိတ်တဆိတ် ဆောင်ရွက် ကျူးလွန်ကာ ၊ စီးပွားရှာမိကြောင်း ၊ ကျွန်တော်ဝန်ခံလိုက်ရသည်။

"အဲဒီငွေကြေးတွေက၊ သမ္မာအာဇီဝ, မဟုတ်





ဖူးဆိုတာ၊ နင်မသိဘူးလား"

"သိပါတယ်ဟာ။လမ်းရိုးအတိုင်းလျှောက်ရင်၊ ခရီးမတွင်မှာစိုးလို့။ဖြတ်လမ်းက . . "

"တော်စမ်းပါဟာ။နင့်ကို၊ ငါ, တော်တော် ၊ အထင်သေးတယ် ၊ သိလား။ နင်,ဗုဒ္ဓဘာသာ တာ။ မဟုတ်ဘူးလား။နင့် မိဘ၊ ဆွေမျိုး၊ ချစ်တဲ့ သူဟာ၊ ဘာသာဝင်တွေ မဟုတ်ဘူးလား" စားနေလို့ပဲ။

"ဟုတ်ပါတယ်"ဟု၊ ကျွန်တော် ဖြေ၏။ ပါတယ်လေ။အစား ဒါသ,မျက်နှာထားကို၊ ဖြေလျှော့ပြီး၊ တည်ကြည်ရင် . . မုန်း သတဲ့။

"ဗုဒ္ဓဘာသာဝင် စစ်စစ်ဆိုသား"

ချမ်းသာမယ်။ ဆင်းရဲချင်၊ ဆင်းရဲပါစေနဲ့ပြောတယ်

ဒါမေမဲ့ . . . ၊ ဘယ်တော့မှ ၊

အလုပ်နဲ့စီးပွားမရှာဘူး" ဘတ်သေး

"ငါ လုပ်တဲ့အလုပ်က၊ ဝါသနာပါတဲ့သူတ လုပ်နေကြတာပဲ။ အ,ကုသိုလ် အလုပ် မဟုတ်ပါ ဘူး"

"ဒါဆို၊ ကုသိုလ် အလုပ်လား"

www.burmeseclassic.com



"ကုသိုလ် အလုပ် တော့ မဟုတ်ဘူးပေါ့"

"ကုသိုလ် မဟုတ်ရင် ၊ အ,ကုသိုလ်ပဲ။ ဝိသမလောဘ,ကိုယ်စီနဲ့ လုပ်ကြတဲ့ အလုပ်ဟယ်။ အေးချမ်းတယ်ထင်လို့လား ။

ဒုစရိုက်ကိန်းပြီးမှ ရတဲ့ ဘယ် ဝင်ငွေ မဆို၊ ဘယ်အရာမဆို၊ နည်းအမျိုးမျိုးနဲ့ လောင်မြိုက်ဘတ်တယ်ဆိုတာလောက်တော့၊နင်, သိထားသင့်ယ်"

စိတ်ဆိုးစွ "ငါ,ချမ်းသာချင်လို့ပါဟာ"

"ချမ်းသာချင်ရင်၊ အ,ကုသိုလ်ကင်းကင်းနဲ့ သမာအာဇီဝ အလုပ်ကို၊ သမာဓိကောင်းကောင်းနဲ့လုပ်"

"သမာဓိကောင်းအောင်၊ဘယ်လိုလုပ်ရသလဲ"

နှင့်တ

မှု

"ငါးပါး သီလ,လောက်တောင် ၊ မဆောက်တည်ထားဘဲနဲ့တော့၊ ဘာသမာဓိမှ၊ မရဘူး။သီလ, ဆိုတာ၊ သမာဓိရဲ့ အခြေခံ အကြောင်းရင်းပဲ"





"နင်, ငါ့ကို၊ တရားအကြောင်း ပြောနေတာလား သက်ထားဆွေ"

"နင်က,ရော ၊ ငါ့ကို ၊ မတရားအကြောင်း၊ ပြောစေချင်လို့လား မင်းမျိုးနိုင် ။ လောက,မှာ ၊ ရှိတာမှ၊ မတရားမှုနဲ့ တရားမှု။ ဒီနှစ်ခုပဲ ရှိတာ။

တရားအကြောင်း မပြောစေချင်တဲ့ သူဟာ၊ မတရားအကြောင်းကို၊ စိတ်ဝင်စားနေလို့ပဲ။

အရပ်စကားလည်း၊ ရှိပါတယ်လေ။အစားကြွေးရင် . . ပြုံး, တရားပေးရင် . . မုန်း သတဲ့။ နင်,ငါ့ကို၊ အမြင်ကပ်သွားပြီလား"

"မကပ်ပါဘူး ။ နင် ,စေတနာနဲ့ပြောတယ်ဆိုတာ၊ ငါ သိပါတယ်"

"တော်ပါသေးရဲ့၊ စေတနာကိုမြင်တတ်သေးလို့"

"မြင်ပါတယ်။ငါ,မြန်မြန်ချမ်းသာချင်လို့ပါ"

"အဲဒါ . . လောဘ,ပဲ ။ လောဘ,ဦးစီးပြီးလုပ်ရင် ၊ ဘယ်အစီးအပွားမှ ၊ မငြိမ်းချမ်းဘူး ။



www.burmeseclassic.com

www.burmeseclassic.com



လောဘ, နဲ့လုပ်တယ် ။ အဆင်မပြေရင်၊ ဒေါသ, ဖြစ်မယ် ။ လောဘ , ဒေါသ, နဲ့ ရတဲ့ ၊ ဘယ်ဥစ္စာပစ္စည်းမဆို၊ အပူမကင်းဘူး"

ကျွန်တော်က . .

"လောဘ,မရှိမှတော့၊ ဘယ်လိုလုပ် စီးပွား ရှာလို့ ရပါတော့မလဲ"

"ငွေရရင်ပြီးရော၊ သမာအာဇီဝ, ဟုတ်ဟုတ် မဟုတ်ဟုတ်၊ လုပ်မယ်ဆိုတဲ့စိတ်က၊ အဲဒါ လောဘ, စိတ်ပေါ့ ဟဲ့ ။အဲဒီလောဘ,စိတ်မျိုး မထားဖို့၊ ငါ, ပြောနေတာ။

စီးပွားရေးက,တော့၊ သာမန်လူမဆိုထားနဲ့။ ရဟန်းသံဃာတောင်၊ ခန္ဓာဝန်အတွက်၊ ဆွမ်းခံကြ ရသေးတာပဲ။ ဝိနည်းနဲ့ညီတဲ့၊ ဘယ်ရဟန်းမဆို ၊ လောဘ,စိတ်နဲ့၊ ဆွမ်းမခံဘူး။မက်မောစိတ်နဲ့၊ ဆွမ်း ဘုန်းမပေးဘူး။

ရဟန်းလည်း ၊ ရဟန်းဝိနည်း နဲ့ အညီ ၊ နေထိုင်ကျင့်ကြံသလို ၊ လူတွေအနေနဲ့လည်း၊ လူ





စည်းကမ်းနဲ့အညီ၊မက်မောစိတ်ကို၊ ရှေ့တန်းမတင်ဘဲ၊ ရှာဖွေ စားသောက်ကြရင်၊ ရတဲ့ အစီးအပွား၊ မပူလောင်တော့ဘူးပေါ့ဟာ"

"နင်ပြောတာ ၊ ငါ . . , သိပ်နားမလည်ဘူး သက်ထားဆွေ။ ကောင်းစေချင်လို့၊ ပြောနေမှန်း တော့၊ ငါ သိတယ်။

ငါ , အလောင်းအစားလုပ်မိတာကိုတော့၊ ဝန်ခံပါတယ်။ ဒါပေမဲ့ , အဲဒီက၊ ရတဲ့ ငွေက၊ ငါ, သူတစ်ပါးကို၊ အနိုင်ကျင့်ပြီး၊ ရတာမဟုတ်ဖူးလေ။ လိမ်ပြီး ယူတာလည်းမဟုတ်ဘူး။အဲဒါ ၊ အ,ကုသိုလ် ဖြစ်သလား"

သက်ထားဆွေက . .

"ဘာစ်ဖက်လူကို၊နိုင်ပါစေလို့။နင်,ဆုတောင်း ပေးသလား။ ရှုံးပါစေလို့ ၊ ဆုတောင်းမိသလား။ အဲဒါ . . နင်, အရင်ဖြေ"

"ဒါက,တော့၊ အလောင်းအစားလုပ်ပါတယ် ဆိုမှ။ကိုယ်နိုင်ချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မေးခွန်းကို၊ တိုက်ရိုက်ဖြေ မင်းမျိုးနိုင်"

"အေး . . ။ရှုံးပါစေလို့ ဆုတောင်းတယ်"

"အဲဒီ စိတ်၊ ကောင်းသလား"

"မကောင်းဘူး" . . ဟု၊ ကျွန်တော် ဖြေလိုက်ရသည်။

"အဲဒါ။ လောဘ,ကို၊ အခြေခံတဲ့၊ မကောင်းတဲ့ အ,ကုသိုလ် စိတ်"

ကျွန်တော် ခေါင်းညိတ် လိုက်၏။

"ကိုယ် . . ဆုတောင်းတဲ့ အတိုင်းမဖြစ်ရင်၊ ဝမ်းသာ သလား။ ဒေါသဖြစ်သလား"

"ဖြစ်တာပေါ့။ဒေါသ"

"အဲဒါ . . လောဘ,ကို၊ အကြောင်းပြုပြီး၊ ဖြစ်တဲ့။ နောက်ထပ်၊ အ,ကုသိုလ် စိတ်"

"အင်း . . ။ ဟုတ်မယ်"

"လောဘ,ဒေါသ ကို၊ အခြေခံပြီးမှ၊ ရတဲ့။ အဲဒီငွေကို ၊ တကယ်တမ်းစဉ်းစားကြည့်ရင်၊ နင် တစ်ယောက်တည်း၊ မပိုင်ဆိုင်ပါဘူး။

တိုင်မှာတောမှာစိုးလို့၊ နှုတ်ပိတ်ခ,ပေးရ။





အရေးယူခံရမှာစိုးလို့၊ လာဘ်ထိုးရနဲ့။ဝေးစားမှုအား တွေကို၊နင်,ပေးရကမ်းရသေးတာပဲ မဟုတ်လား"

ဆိတ်ငြိမ်းခြင်းဖြင့်၊ ကျွန်တော် ဝန်ခံနေရသည်။

"အဲဒီလို၊ ပေးရကမ်းရတာတွေကိုရော၊ နင်, စေတနာ အပြည့်နဲ့၊ ပေးတာဟုတ်လို့လား"

"စေတနာ၊ မပါဘူး"

"စေတနာ မပါဘဲ၊ ပေးရတဲ့အပြင်။ ပေးတဲ့ ငွေကြေးက,လည်း၊ မသန့်ပြန့်တဲ့ ငွေကြေးဖြစ်နေ ပြန်တဲ့ အတွက်၊ ကုသိုလ် ဖြစ်ပါ့မလား"

"ဘယ်လိုလုပ်ဖြစ်မှာလဲ"

"ဒါဆို။ အကုသိုလ် ဖြစ်သလားဆိုတဲ့၊ နင့် မေးခွန်းကို၊ နင့် ဘာသာပဲ အဖြေထုတ်ပါတော့"

"အ,ကုသိုလ် အလုပ်ဆိုတာ၊ ငါ သိပါပြီဟား ဒါပေမဲ့။ လောဘ,မရှိဘဲ၊ ချမ်းသာအောင်၊ ဘယ် လိုလုပ်၊ စီးပွားရှာနိုင်မှာတဲ့လဲ"

သက်ထားဆွေက . .

"ရဟန်းသံဃာတွေ၊ ဆွမ်းခံကြွတာ။နင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ဖူးတယ် မဟုတ်လား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

သက်ထားဆွေ စကား ဆက်၏။

"သံဃာတော်တွေ၊ ဆွမ်းခံကြွတဲ့အခါ၊ ငါ့, ကြက်သားနဲ့ဘုန်းပေးမယ်၊ ဝက်းသားနဲ့ ဘုန်းပေး မယ်၊ ဘဲသားနဲ့ ဘုန်းပေး မယ် လို့၊ နှလုံးသွင်းပြီး၊ ဆွမ်းခံကြွသလား။ ကိုယ် စိတ်နှလုံး၊ သုံးပါးစလုံး ကို၊ ကြွေစောင့်စည်းပြီး၊ ဆွမ်းခံကြွသလား"

"စောင့်စည်းပြီး၊ ကြွတာပေါ့"

"အဲဒီလို၊ စောင့်စည်းထားတဲ့ ၊ ရဟန်းရဲ့ , စိတ်နှလုံးထဲမှာ၊ လောဘ, ဒေါသ, မောဟ၊ ငြိမ်းမနေဘူးလား"

"ငြိမ်းတာပေါ့"

"အဲဒီလို ငြိမ်းနေတာ ၊ ဆင်းရဲခြင်းလား၊ ချမ်းသာခြင်းလား"

"ငြိမ်းနေတော့၊ ချမ်းသာမှာပေါ့"

"အေး။ လူတွေ . . အစီးအပွားရှာရင်လည်း၊





အဲဒီလို ၊ စောင့်စည်းတဲ့စိတ်နဲ့ရှာရတယ် . . ဟဲ့ ငါ့ အဖေ ဆုံးမ,ဖူးတယ်။

လူတွေက၊ ချမ်းသာချင်တယ်လည်း၊ ပြော ကြသေးတယ်။ ဆင်းရဲကြောင်း ဖြစ်တဲ့၊ လောဘ, ဒေါသ,မောဟ တွေနဲ့၊ စီးပွားရှာနေကြတော့၊လုံးဝ, မချမ်းသာနိုင်ဘူး"

"ဒါဆို၊ လောဘ,ဒေါသ, မောဟ တွေ။ ငြိမ်း အောင်လုပ်ပြီးမှ၊ စီးပွားရှာရမှာပေါ့၊ ဟုတ်လား"

"ဒါပေါ့"

"ဘယ်လိုလုပ်ရမှာလဲ"

"ဝိပဿနာ ဘာဝနာနဲ့နေ"

"အဲဒီလိုနေမှတော့၊ ဘယ်လိုလုပ်၊ စီးပွားရှာ ချင်တော့မှာလဲ"

"မရှာချင် မရှာနဲ့ပေါ့။ အဓိရေးကြီးတာက၊ ချမ်းသာဖို့ပဲ မဟုတ်ဘူးလား"

"စိတ်ချမ်းသာရုံနဲ့။ လောက,မှာ၊ မပြည့်စုံ ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရောကိုယ်ရော၊လောဘ,ဒေါသ,မောဟ, ငြိမ်းအောင် ၊ အားထုတ်ထားတဲ့ ပုဂ္ဂိုလ်တိုင်းက ၊ စိတ်တစ်ခုတည်းပဲ၊ ချမ်းသာတာ၊ ဟုတ်ပါ့မလား။ နင်၊ ဉာဏ်လေးပိုစိုက်ပြီး၊ စဉ်းစားကြည့်စမ်းပါ။

ရှုပ,ဗေဒနည်းနဲ့ပဲ စဉ်းစာ စဉ်းစား, ဓာတု ဗေဒနည်းနဲ့ပဲ စဉ်းစား စဉ်းစား, သင်္ချာနည်းနဲ့ပဲ စဉ်းစားစဉ်းစား။အချိုးကျကျ စဉ်းစားကြည့်စမ်းပါ။

ဘယ်သူက,တော့၊ ဘယ်လို ကြွယ်ဝ, နေပြီ၊ ဘယ်လူက,တော့၊ ဘယ်လုပ်ငန်းနဲ့ ချမ်းသာနေပြီ၊ ဘယ်သူက, တော့ ၊ ဘယ်သူ့ အဆက်အသွယ်နဲ့၊ နေရာကျနေပြီ ၊ ငါလည်း , သူ့ထက်သာအောင် လုပ်ဦးမှပဲ ဆိုတဲ့၊ လောဘ, တကြီးစိတ်နဲ့ စဉ်းစား လို့က တော့၊ နင်သဘောပေါက်မှာ၊ မဟုတ်ဘူး"

"ဝိပဿနာ အလုပ်က၊ လူတိုင်း လုပ်ဖို့ ၊ လိုတယ်လို့၊ နင်, ဆိုလိုချင်တာလား"

"ဟုတ်တယ်။နိုင်ငံခေါင်းဆောင်မယ့် လူပဲ ဖြစ်ဖြစ် ၊ အရောင်းအဝယ်လုပ်မယ့်လူပဲဖြစ်ဖြစ်၊





ဆရာဝန်လုပ်မယ့်လူပဲဖြစ်ဖြစ်၊အင်ဂျင်နီယာ လုပ်မယ့် လူပဲဖြစ်ဖြစ်။ စစ်ဗိုလ်လုပ်မယ့်လူပဲဖြစ်ဖြစ်၊ လူတိုင်းလုပ်သင့်တဲ့ အလုပ်ပဲ။ ဘာဖြစ်လို့လဲ ဆို တော့၊ အဲဒီအလုပ်ကို၊ လူဖြစ်နေတဲ့ ဘဝ,မှာပဲ လုပ် လို့ရတယ်။ တိရစ္ဆာန်ဖြစ်နေတဲ့ ဘဝ,မှာ၊ လုပ်လို့မရ ဘူး"

"နင်ပြောတာနဲ့ပဲ၊ ငါ,က မလုပ်ရင်၊တိရစ္ဆာန် ဖြစ်နေတဲ့အတိုင်းပဲ"

"မလုပ်တဲ့သူတွေကို၊ တိရစ္ဆာန်လို့၊ ငါ,မဆို လိုပါဘူး။တိရစ္ဆာန်တွေ၊ လုပ်လို့ မရဘူးလို့ပဲ ငါ, ပြောတာပါ"

"ငါ,လုပ်မယ် ဆိုရင်၊ ဘာလို မလဲ"

"သီလ"

"သီလ, မဆောက်တည်ဘဲ၊လုပ်လို့ မရဘူး လား"

"လေယာဉ်ပျံတွေ, ကားတွေ,ဆိုက်ကယ် တွေ, ယာဉ်ရထားအားလုံး၊ ဆီမပါဘဲ မောင်းလို့



www.burmeseclassic.com

ရလား"

"ဘယ်ရမလဲ"

"အဲဒီလိုပဲပေါ့"

"ခက်လိုက်တာ" ဟု၊ ကျွန်တော် ညည်းမိသည်။

သက်ထားဆွေက . .

"အခက်ဆုံး အလုပ်ကိုလုပ်မှ ၊ အမြင့်ဆုံး အင်အားရတယ်။

ငါ့ အဖေကတော့၊ဥပမာတစ်ခုပေးဖူးတယ်။ ဝိပဿနာ ဘာဝနာ အလုပ်က၊ မန္တိုင်းကောင်း, နှိုင်းကောင်း၊ဇေရက်တောင် တက်တဲ့အလုပ်တဲ့။ လောက,အစီးအပွားတွေ,အောင်မြင်မှုတွေက၊ ခြ တောင်ပို့ပေါ်က၊ ကြက်လျှာ အလ်လေးတွေ တဲ့။

တောင်တက်ထားတဲ့ ၊ ပုဂ္ဂိုလ်တွေအနေနဲ့၊ ခြတောင်ပို့တွေကို၊ ခွကျော်လိုက်ဖို့၊ ဘာအခက် အခဲမှ၊ မရှိဘူး တဲ့။ဒါပေမဲ့၊တောင်ထိပ်ကိုရောက် အောင်တက်ထားပြီးသား ပုဂ္ဂိုလ်တွေက၊ ခြတောင် ပို့ပေါ်က၊ အလံနုတ်နုတ်လေးတွေကို၊ လှည့်တောင်





မကြည့်ပါဘူးတဲ့"

"ဩော်"

"မဩော်နဲ့၊ မင်းမျိုးနိုင်။ ငါ့ကို၊ နင်တကယ် ချစ်တယ်ဆိုရင်၊သမာအာဇီဝ,အလုပ်ကိုပဲ၊ လုပ်ပါ။

အလောင်းအစား အလုပ်ကို၊ဆက်လုပ်နေ မယ်ဆိုရင်တော့၊ နင့်ကို၊ ငါ,လုံးဝ . . မချစ်နိုင်ဘူး။ လုံးဝ, မပတ်သက်တော့ဘူး"

"ဆက်မလုပ်တော့ဘူးဆိုရင်ကော . ."

"အေး . . မလုပ်တော့ဘူးဆို၊ ပြီးတာပဲ"

"ပြီးလို့ မရဘူးလေ။ဆက်လုပ်ရင်၊မချစ်ဘူး ဆိုတော့၊ ဆက်မလုပ်တော့ဘူးဆိုရင်၊ ချစ်တယ် . . ပေါ့။ ဟုတ်လား။ ဟုတ်တယ် မဟုတ်လား"

မျက်စောင်းထိုးလေသည်။

ပြုံးဟန်မပါဘဲလျက်၊ ပြုံးနေသည်ဟုပင်၊ ကျွန်တော်မြင်၏။ချစ်ခြင်း ၏, အငွေ့အသက်သည်၊ အရာရာကိုပင်၊ အပြုံးရိပ် ဆင်နိုင်စွမ်း လေ၏။မြင်နိုင်စွမ်းပေ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၇။

သက်ထားဆွေနှင့်ကျွန်တော်၊ ချစ်သူဖြစ်ပြီးနောက်၊ သူ့ဖ,ခင်၊ ဦးချစ်ဆွေ သူ့မိခင် ဒေါ်စိန်ခြယ်တို့နှင့် မိတ်ဆက်ပေးသည်။ သူ့မိဘ, နှစ်ပါးစလုံးမှာ၊ အငြိမ်းစား ပညာရေးဝန်ထမ်းများဖြစ်ကြသည်။

သက်ထားဆွေတွင်၊ အစ်ကိုတစ်ယောက်၊ အစ်မ, တစ်ယောက်ရှိသည်ဟု၊ သိရ၏။စည်းကမ်းတကျ ငြိမ်းချမ်းစွာ နေထိုင်နိုင်သော မိသားစု ဟု၊ ကျွန်တော် ခန့်မှန်း တွေ့မြင်ရသည်။

"ငါ့မိတ်ဆွေ၊ ကိုအောင်သန်း ဆိုတာရှိတယ်။ သူက, အလှကုန်လုပ်ငန်းလုပ်တယ် ။ နောက်တစ်နှစ်နှစ် နှစ်လောက်နေရင်၊ "ရှမ်းမေ" ဆိုတဲ့နာမည်နဲ့၊ အလှကုန်ပစ္စည်းတွေ ထုတ်ဦးမယ်လို့၊ ကြားတယ်။မင်း, စိတ်ဝင်စားမယ်ဆိုရင်၊ အဲဒီ ဦးအောင်သန်းနဲ့၊ ငါ့မိတ်ဆက်ပေးမယ်။စနိုးလုပ်တာတို့, ပေါင်ဒါလုပ်တာတို့၊ သူ့ဆီမှာ၊ သင်ပေါ့။ဂျာနယ်ထုတ်တဲ့ အလုပ်လည်း၊ အဆင်ပြေရင် ဆက်လုပ်ပေါ့။ကောင်းရောင်းကောင်းဝယ်၊ အကုန်လုပ်ကွာ။မကောင်းတာ၊ ဘာမှ၊ မလုပ်နဲ့။လူ့ဘဝ, ခဏလေး ။ ဒုစရိုက်နဲ့အသက်မမွေးနဲ့။ လောက,ဆိုတာတော့၊ အစုံရှိတာပေါ့ကွာ ။ ဉာဏ်နည်းတဲ့သူကား

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်နည်းသလို၊ ရပ်တည်လိမ့်မယ်။ဉာဏ်ရှိတဲ့သူက၊ ဉာဏ်ရှိသလို၊ ကျင့်ကြံလိမ့်မယ်။ဘယ်ဘာသာဝင်ဖြစ်ဖြစ်ကွာ။ ဘုရားနည်းအတိုင်း နေထိုင်ကျင့်သုံးရင် ၊ ဘုရားနဲ့နီးလိမ့်မယ် ။ ဘုရားနည်းအတိုင်း မနေထိုင် မကျင့်သုံးမိရင်၊ ဘုရားနဲ့ဝေးလိမ့်မယ်။မင်းတို့ လူငယ်တွေ၊ နားလည်မယ်ထင်ပါတယ်။ ဘုရားနဲ့ဝေးရင်၊ တရားနဲ့ဝေးတယ်ကွ။ တရားနဲ့ ဝေးပြီဆိုမှတော့ ၊ မတရားမှုတွေနဲ့ပဲ တွေ့တော့မှာပေါ့။ နော် . . မောင်မင်းမျိုးနိုင်" . . . စသည်ဖြင့် ၊ သက်ထားဆွေ၏ ဖခင်၊ ဦးချစ်ဆွေက၊ ကျွန်တော့်ကို၊ တရင်းတနှီး အကြံပေးပြောပြ ဆုံးမ,လေသည်။

သားသမီးကောင်း မိဘ,ကောင်း ဆိုသည်ကို၊ ကျွန်တော်, မြင်တွေ့ ခဲ့ရပေပြီ။ မိကောင်း ဖခင်တို့၏ သမီး သက်ထားဆွေကို၊ ချစ်ခင်ဆုံမက်ခွင့်ရသည့်အတွက်၊ ကျွန်တော့်ဘဝ, ပြီးပြည့်စုံပြီဟု၊ ခံယူ ပျော်ပိုက်ရလေ၏။





ကျွန်တော်မကြွယ်ဝ,ခင်မှာပင် ၊ သက်ထားဆွေ ကျွန်တော့်ကို ၊ လက်ထပ်သည်။ လှချစ်အောင်တို့ မိသားစုမှ လွဲ၍၊ ရင်းနှီး ခင်မင်သူများ၊အားလုံးကို၊ကျွန်တော်၊ မင်္ဂလာပွဲဘိတ်ကြားဖြစ်သည်။

မင်္ဂလာ ဆောင်ပြီးသည့် အထိ ၊ လှချစ်အောင်တို့ကို၊ မဘိတ်ကြားသည့်ကိစ္စ၊ အမေ မကျေနပ်။"မင်္ဂလာဆောင်က၊ နုပ်လို့။လူရွေးပြီးဖိတ်တာ"ဟု၊ ကျွန်တော် အကြောင်းပြသည်။အမေ မယုံ။

ပိုးသား၏ရင်ဖွင့်မှု၊အစ်ကို,ကိုမင်းထင်၏,အသိပေးလိုက်မှုတို့ကြောင့်၊ လှချစ်အောင်နှင့်ကျွန်တော့်ဆက်ဆံရေးကို၊ စိတ်မကောင်းခြင်းကြီးစွာ၊ အမေသိသွားသည်။သည်းခံခွင့်လွှတ်ဖို့ စကားသာ၊ အမေပြော၏။

ကျွန်တော် . . , ကြွယ်ဝ,စ တွင် ၊ တစ်မိသားစုလုံးကို ၊ ကျွန်တော်နှင့် သက်ထားဆွေက ၊ ရန်ကုန်မှာ၊ လာနေဖို့ခေါ်သေးသည် ။ မောင်ဖြစ်သူ ကျွန်တော်နှင့် ပတ်သက်ပြီး ၊ အမြဲတစေ ဂုဏ်ယူနေတတ်သည့် ၊ အစ်မ, ခင်ခင်ဦးပင်လျှင် ၊ ရန်ကုန်ကို

www.burmeseclassic.com



တော်တော်ကြောက်၏။ "မြို့ကြီးပြကြီးမှာ၊မျက်စိသူငယ်နားသူငယ်နဲ့၊ ငါ့ မနေ့တတ်ဘူး" ဟု၊ ကြောက်လန့်တကြားပြောလေ၏။

အဖေက၊ "အသက်ရှုမဝ,ဘူး" . . ဟုသာပြောလေသည်။

အမေက . . . "နင့်ဘာသာ ၊ ကိုယ့်ရည်ရွယ်ချက်နဲ့ . . . ကိုယ် ၊ ကိုယ့်အကြောင်းနဲ့ကိုယ်၊ ဒီမှာ ရပ်တည်ဖို့၊ ကြိုးစားခဲ့တာလေ။ မိဘ, အကူအညီမပါဘဲ၊ ကြွယ်ဝ,အောင် ရပ်တည်နိုင်တာကိုပဲ၊ အမေ ဂုဏ်ယူပါတယ်။အမေတို့ လာမနေတာကိုလည်း၊ တစ်မျိုးမထင်နဲ့။ နေသားကျနေတဲ့နေရာကို၊ စွန့်ဖို့ ခက်လို့ပါ။သားကြီးက,လည်း၊ ရွာက, အလုပ်နဲ့ပဲ၊ အဆင်ပြေနေတာဆိုတော့။ သူလည်း၊ စွန့်နိုင်မှာ၊ မဟုတ်ဘူး" . . ဟု၊ အမေပြောသည်။

"ကျွန်တော်, ကျိုးစားခဲ့တာ၊ အမေတို့ကို၊ အဲဒီ အိမ်ဝင်း ထဲက၊ဆွဲထုတ်ဖို့ကြိုးစားခဲ့တာ။အမေတို့က၊ ဘာဖြစ်လို့၊ အခွာခက် နေတာလဲ"ဟု၊ စိတ်မသက်သာစွာ မေးမိသည်။"လူကြီးချင်း၊ ဘာ ပြဿနာမှ၊ မရှိဘူးလေကွယ်။နင်နဲ့၊ လူချစ်အောင်ဖြစ်တဲ့ ကိစ္စကို တောင်၊ သူ့မိဘ,တွေ၊ သိပုံမရပါဘူး။သိလည်း၊ ဘာထူးမှာတုန်း။ သား . . မင်းမျိုးနိုင်၊ နင်လည်း၊ အာဃာတ ထားမနေပါနဲ့တော့။ ပြီးတာတွေလည်း၊ ပြီးခဲ့ပြီပဲ။ ငါ့,မြို့ကြီးပြကြီးမှာ၊ အခုလိုထည်ထည်





ဝါဝါ နေဖြစ်တာ၊ လူချစ်အောင်နဲ့၊ မပတ်သက်ချင်တော့လို့၊ ရွာကိုစွန့်ခဲ့ပြီး၊ ရှုန်းကန်ခဲ့လို့ပဲ . . လို့၊ တွေးပြီး၊ ကျေးဇူးတောင် တင်လိုက်သင့်တယ်" . . ဟု၊ အမေပြောသည်။ အမေ့စကားအပေါ်၊ ကျွန်တော်ဘဝင်မကျ။ သို့သော် . . အပြစ်မတင်လို။

တော်လှန်ခဲ့သော၊ ကျွန်တော့်အမော၊ အလဟဿ ဖြစ် ရသည့်ပမာ ၊ ခံစားရသည်ကို ၊ ထပ်တူခံစား သိထားလေသူမှာ၊ သက်ထားဆွေ တစ်ယောက်တည်းသာ ရှိတော့သည်ဟု၊ ခံယူမှတ် ပိုက်လိုက်မိ၏။

အောင်သိန်းဦး၏ပူးပေါင်းပါဝင်မှုဖြင့်၊ ကျွန်တော့် ဂျာနယ် အောင်မြင်ခဲ့သည်။သက်ထားဆွေနှင့်၊ချစ်သူဖြစ်ခွင့်ရသည့် ကာလ, မှ၊ အစပြုကာ၊ သူ ဟန့်တားသော ကိစ္စကို၊ ကျွန်တော်၊ အပျော်မျှပင်၊ မလုပ်ဖြစ်တော့။

သက်ထားဆွေ၏ဖခင် ဦးချစ်ဆွေ၏ မိတ်ဆက် အပ်နှံ ပေးခြင်းကြောင့် ၊ အလှကုန်ပစ္စည်း ထုတ်လုပ် သည့် ပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်သန်း+ဒေါ်မီးမီးတို့ ဇနီးမောင်နှံနှင့်၊ သိကျွမ်းရင်းနှီးခွင့်ရပြီး ၄င်းတို့၏ အကူအညီဖြင့်၊အလှကုန်ပစ္စည်း၊ ထုတ်လုပ်သည့်လုပ်ငန်းကို၊အောင်မြင်စွာ၊ ကျွန်တော်လုပ်ကိုင်နိုင်ခဲ့သည်။

ယခုအချိန်တွင်၊ဦးအောင်သန်းနှင့်ဒေါ်မီးမီးတို့၏ ရှမ်းမေစနိုး၊ ရှမ်းမေကိုယ်လိမ်းပေါင်ဒါ၊ . . အစရှိသော၊ အလှကုန်ပစ္စည်းတို့သည်လည်း၊နိုင်ငံအနှံ့တွင်၊ အောင်မြင်ထင်ရှားလျက်ရှိပေသည်။

ဘဝ,တစ်ခု တည်ဆောက်ရာ၌၊ တိုက်ခိုက်နှောက်ယှက်ခြင်းဖြင့်၊အင်းအားဖြစ်စေသူ၊ကူညီရိုင်းပင်းဖြင်းဖြင့်၊အင်းအားတိုးစေသူ၊ . . စသော ၊ ကျေးဇူးပြုတတ်သူတွေ၊ ရှိတတ်ကြကြောင်း ၊ ကျွန်တော် တဖြည်းဖြည်း၊ သိနားလည်ခဲ့လေသည်။

မတရားခြင်းဖြင့်၊ ဖိစီးခဲ့သူသည်လည်း ၊ မခံချင်စိတ်ကို၊ ဖြစ်ပေါ်စေသည့်၊ အထောက်အပံ့ ၊ ပေးလေသူ . . ဟု၊ ကျွန်တော်, ဆင်ခြင်နိုင်ခဲ့သည်။ အမေ ဆိုဆုံးမ,သကဲ့သို့၊ နာကျင်စေသူကိုပင်၊ ကျေးဇူးတင်ရတော့မှာပါလားဟု၊ တွေးဆ, တတ်လာ၏။

ထို့ကြောင့်၊ နယ်ဆေးရုံတွင်၊ လူချစ်အောင် ဆေးကုသ, နေရကြောင်း၊ ပိုးသား ဖုန်ဆက် အကြောင်းကြားခဲ့စဉ်က၊ကျွန်တော်, မဆိုင်းမတွ၊ သွားရောက်ခဲ့ခြင်းဖြစ်သည်။





"ငါ့ဆီကို၊ ဒီ တစ်သက်၊ မင်း,လာမယ် ထင်မထားဘူး"ဟု၊ လူချစ်အောင် လေသံသဲ့သဲ့ဖြင့်၊ ပြောသည်။"ငယ်သူငယ်ချင်းတွေပဲ၊ဘာ အမှတ်အတေးမှ၊ ငါ့မှာ မရှိပါဘူး"ဟု၊ ကျွန်တော်ပြောဖြစ်သည်။

"ငါ . . ပိုးသားကို၊ ခေါ်ခိုင်းလိုက်တာ။မင်းကို၊ တွေ့ချင်လို့"ဟု၊ လူချစ်အောင် ပြော၏။"ကင်ဆာ ဆိုတော့၊ အသိနောက်ကျရင်၊ သေဖို့များတယ်လေ။မသေခင်မှာ၊ ငါ့ သူငယ်ချင်းကို၊ ငါ . ., သေသေချာချာရှင်းပြ၊ တောင်းပန်ချင်လို့ပါ"ဟု၊ လူချစ်အောင်ပြော၏။"မင်း, တောင်းပန်ပြီးပြီပဲ"ဟု၊ ကျွန်တော်ပြော၍၊ စကားစ,ဖြတ်ခဲ့သည်။ပထမ, အကြိမ်သွားစဉ်က၊ သူ့ဇနီး ပယင်းကို၊ မတွေ့မြင်ခဲ့။ ကျွန်တော်က,လည်း၊ မမေးမြန်းဖြစ်ခဲ့ချေ။

ဒုတိယ အခေါက်သွားစဉ်က၊ လူချစ်အောင်ကို၊ မမေးဘဲ ပိုးသားကိုသာ၊ ကျွန်တော် တီးတိုးမေးခဲ့သည်။လင်မယားနှစ်ယောက် ပြဿနာဖြစ်သဖြင့်၊ပယင်း အိမ်ပြန်သွားကြောင်း၊မည်သည့်ပြဿနာ ဖြစ်သည်ကို၊ မည်သူမျှ မသိကြောင်း၊ လူချစ်အောင် ဆေးရုံတက်နေရသည်ကို၊ ပယင်း မသိသေးကြောင်း၊ပိုးသားပြောပြ၏ ။ ကလေး တစ်ယောက်ရနေကြပြီဟု၊ ကြားသိခဲ့ရသည်။ကျွန်တော်,မထင်မှတ် ထားသော၊ အကြောင်းအရာကို၊လူချစ်အောင်၊ အသိပေးပြောပြခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော ၊ အကြိမ်သည် ၊ နောက်ဆုံး တွေ့ဆုံရသည့် အကြိမ်ဖြစ်သည်။ လူချစ်အောင် ရှင်းပြသော၊ အကြောင်းကို၊ လူချစ်အောင် ရှင်းလင်း ပြောပြခြင်းကိုက၊သူ့ထံသို့ ထပ်မံ သွားရောက်လိုခြင်း၊ မရှိလောက် အောင်၊ ကျွန်တော် ခံစားလိုက်ရသည်။ပယင်းနှင့်ပြဿနာဖြစ်ခဲ့ သည်မှာလည်း၊ထိုကိစ္စ။





. . ညမီး မိန်းကလေး တစ်ယောက်၊ အန္တရာယ် ကင်းချင်ရင်။မိဘ,ရဲ့, ယုံကြည်စိတ်ချမှုကို၊ ရချင် ရင်။ ဘာပဲလုပ်လုပ်, ဘယ်သူနဲ့ပဲ တွေ့တွေ့၊ မိဘ, ကို၊ အသိပေးပါ . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



၁၈။

(ကျွန်တော်က,တော့၊ သေသူကို၊ ခွင့်လွှတ်လိုက်တော့မယ် ပယင်းရေ. .။ လုံး၀,ခွင့်မလွှတ်သင့်ဘူးလို့ ၊ ခံစားဆုံးဖြတ်မိတာကြောင့်၊ သူ့ အ,သုဘ ကိုတောင်၊ မသွားဖြစ်ခဲ့ဘူး ။ အဲဒီအပြင်၊ ရက်လည်ဆွမ်း သွပ်တဲ့နေ့ကိုလည်း၊ တမင် မသိချင်ယောင် ဆောင်ပစ်ခဲ့မိတယ်။

ဆုံးတဲ့သတင်းကြားမှ၊ ရွာကိုပြန်လာတယ်လို့၊ ကျွန်တော်သတင်းကြားပါတယ်။ခွင့်လွှတ်လိုက်ပါတော့မယ်ဗျာ။သေသူ မကြားမသိနိုင်တော့ပေမဲ့ ၊ ရှင်ကျန်ခဲ့သူတွေရဲ့ရင်ထဲမှာ ၊ ခံပြင်းစိတ်နဲ့ကျန်ရစ်ခဲ့ရတာဟာ ၊ ဘာမှ လုပ်လို့ မရတဲ့ ၊ ဒုက္ခတစ်မျိုးပါပဲ။

သေတာတောင်၊ ခွင့်မလွှတ်ဘူးဆိုတဲ့၊ နာကျည်းစိတ်ကြီးကို၊ ကိုယ့်သေရွာအထိ၊သယ်ဆောင်သွားရမှာ ကိုလည်း၊ ကျွန်တော် မလိုလားဘူး။ခွင့်လွှတ်ခြင်းပြု အမူအရာလောက်ကို၊ သူ . . သိသိ, မသိသိ၊ သူ့အုပ်ဂူဘေးနားမှာ၊ သွားရောက်ပြသ,လိုက်မှ၊ ကျွန်တော့်စိတ်၊ပေါ့ပါးနိုင်ပါလိမ့်မယ်။ဒါကြောင့်၊ကျွန်တော်က,တော့၊ ခွင့်လွှတ်လိုက်တော့မယ်ဗျာ။ပယင်းလည်း၊ ခွင့်လွှတ်နိုင်ပါစေ . . လို့ ကျွန်တော် ရည်မှန်း ဆုတောင်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လင်မယားဆိုတာ၊ဘာကိုမှ၊ မကွယ်မဝှက်တမ်း၊တစ်သက်ပန်း ပတ်သက်ချစ်မက်ရမယ့်လူနှစ်ယောက်လို့ ကျွန်တော် ယုံကြည်ထားပါတယ်။

ဒါလေးပြောလိုက်ရင်၊ စိတ်ဆိုးမှာစိုးလို့။ ဒါလေးအသိပေးလိုက်ရင်၊ ပြဿနာ ဖြစ်မှာစိုးလို့ဆိုပြီး၊ ကွယ်ဝှက်ကျူးလွန်ကြရင်းက၊ ဒါကြီးတွေ ဖြစ်သွားနိုင်တယ်လေ။

"မင်း . . မိန်းမ, ကြောက်သလား ။ မိန်းမ မသိအောင် မလုပ်ရဲဘူးလား" ။ "နင် . . , ယောက်ကျား ကြောက်ရသလား။ ယောက်ကျားမသိအောင်၊ ကိတ်မုန့်ချစ်သူလေးထားလိုက်ပေါ့" . . ဆိုတာမျိုးတွေလည်း၊ဝန်းကျင်က၊ထိထိခတ်ခတ်ကြားရနိုင်တယ်လေ။

ကျွန်တော့်,ဆိုလိုချင်တာက၊လင်မယားနှစ်ယောက်အကြားမှာ၊ တစ်ယောက်နဲ့ တစ်ယောက် မသိအပ်တာ၊ ဘာမှ မရှိဘူးဆိုတာဘဲ။တစ်ယောက်မလုပ်စေချင်တာကို ၊ တစ်ယောက်က ၊ မသိအောင်၊ နောက်ကွယ်မှာ၊ ကျူးလွန်နေတာဟာ၊ ဖောက်ပြန်မိခြင်း၊ တစ်မျိုးပဲ . . လို့၊ ကျွန်တော် ယူဆ,ထားပါတယ်။

တစ်စုံတစ်ခုကို၊ မသိအောင်ကျူးလွန်ခဲ့မိလို့၊တစ်ယောက်က၊ တစ်ယောက်ကို ၊ ဖွင့်ပြောဝန်ခံပြီ ဆိုရင်လည်း ၊ ကျန်တဲ့,





တစ်ယောက်က၊အစွမ်းကုန် ခွင့်လွှတ်ပေးသင့်ပါတယ်။ခွင့်လွှတ်မှန်းသိလို့၊ ခဏခဏ မှားယွင်းမိတာမျိုး၊ မဖြစ်အောင်တော့၊ ထိန်းသိမ်းရမှာပေါ့။

လူချစ်အောင်က၊သူ့အမှားကို၊မသေခင်မှာ၊ဝန်ခံခဲ့ပြီပဲ။ ပယင်းက၊ ဇနီးကောင်းတစ်ယောက် အနေနဲ့၊ခွင့်လွှတ်ပေးသင့်သလို၊ ကျွန်တော်ကလည်း၊ သူငယ်ချင်းတစ်ယောက် အနေနဲ့၊ခွင့်လွှတ်ပေးသင့်တယ်လို့၊ ကျွန်တော် ဆုံးဖြတ်ပါတယ်။

ကျွန်တော်လည်း၊ ကျွန်တော့်ဇနီးကို၊ အသိပေးဝန်ခံစရာတွေ၊ ရှိနေပါသေးတယ်။ ပယင်းကို၊ တစ်ခါတစ်ရံ စိတ်ထဲက၊ စကားပြောနေမိတဲ့ကိစ္စ။ နောက်ပြီး၊ လူချစ်အောင် ဆေးရုံတက်တုန်းက၊ သွားခဲ့ပြီး၊ ဆုံးပါးတဲ့အခါ၊ မသွားချင်တော့လောက်အောင်၊ ဖြစ်မိတဲ့ကိစ္စကို၊ ပြောပြရဦးမယ်။

ဘယ်ကိစ္စ ဘယ်အကြောင်းပဲဖြစ်ဖြစ် ၊ ကျွန်တော့် ဇနီးသက်ထားဆွေက၊ အကြံပြု နားလည် ခွင့်လွှတ်တတ်သူပါ။ ဒီတစ်ခါ၊ သူ့ကို ဖွင့်ပြောပြပြီးရင်၊ ကျွန်တော် မျိုသိပ်ထားတာ၊ ကုန်သလောက်ရှိပါပြီ။မျိုသိပ်ထားသမျှ၊ ချေဖျက်ပစ်ရတာ၊ အခက်သားလား(ဗျာ)။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်မှာ ၊ ပြောစရာကျန်နေသေးတယ်ပေါ့" . . ဟု ၊ သက်ထားဆွေ ပြုံးလျှက်မေး၏။ "ရင်ဖွင့်တယ်လို့၊ ယူဆ,ပါဦး မိန်းမ,ရယ်"ဟု၊ ကျွန်တော် အားနာစွာပြောသည်။

သက်ထားဆွေက . .

"ဆေးရုံက ၊ ပြန်လာပြီးမှ ၊ လူချစ်အောင် အပေါ်၊ မကျေနပ်တာ၊ ပါ လာသေးတယ်ပေါ့"

ကျွန်တော် စိတ်မကောင်းခြင်းကြီးစွာ၊ ခေါင်းညိတ်ပြရသည်။ ပြီးမှ . .

"သက်ကို၊ မောင့်ညာထားတာမျိုးမဟုတ်ပါဘူး။ပြောသင့် မပြောသင့်၊ စဉ်းစားနေရလို့ပါ။

လင်မယား နှစ်ယောက် အကြားမှာ၊ မပြောသင့်တဲ့စကား၊ မရှိဘူးလို့ တွေးကြည့် ပြီးမှ၊ ပြောပြဖို့ မောင်,ဆုံးဖြတ်တာ"

"မောင်ရယ်။ ပင်ပန်းလိုက်တာ။ အခုသိ အခုပြော အခုပေါ့ပါး တာပေါ့ ။ ပယင်းဆိုတဲ့ ကောင်မ,လေးကို၊ အတွေးနဲ့စကားပြောနေမိတယ် ဆိုတာက၊ သူ့ကိုလည်း . , . ၊





မောင်, ပြောစရာရှိနေလို့ဖြစ်မယ်။ဥပမာ၊ လူချစ်အောင်ကို၊ မောင်ခွင့်လွှတ်သလို၊ ခွင့်လွှတ်စေချင်တာမျိုးပေါ့"

"သူလည်း၊ တော်တော် စိတ်ဆိုးသွားတာလို့၊ လူချစ်အောင်ပြောပြတယ်"

"ဒါနဲ့များတောင် မောင်ရယ်။ မောင်က,ပါ ရောပြီးစိတ်ဆိုးမိသေးတယ် ဆိုတော့ ၊ သူ့ခမျာ၊ ဘယ်သူ့ , ခွင့်လွှတ်စကားမှ၊ မကြားလိုက်ရရှာဘူးပေါ့"

"ဟုတ်တယ် သက်ရယ်။တောင်းပန်နေတုန်းက၊ ခွင့်လွှတ်ဖို့ ပြင်ဆင်ထားပြီးသားပါ။ဒါပေမဲ့၊ နားထောင်နေရင်းနဲ့၊ နားရည်လည်း ၊ လည်လာရော။စိတ်ကို၊ မနည်း၊ ထိန်းနေခဲ့ရတယ်။

ဩော် ။ သူ့, လူမမာပဲလေ . . . လို့၊ မနည်း၊ နှလုံးသွင်းခဲ့ရတယ်။ သူက,တော့၊ ပြော သွားရှာပါတယ်။ချက်ချင်းခွင့်မလွှတ်ပါနဲ့ဦးတဲ့။ခွင့်လွှတ်တယ် ဆိုမှ၊ သူ့ဆီကို၊ နောက်တစ်ခေါက်ပြန်လာခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်သင့်, ခွင့်မလွှတ်သင့်၊ စဉ်းစားနေတုန်း၊ သူ . . ဆုံးသွားတာပဲ . . သက်။ခွင့်မလွှတ်ချင်တဲ့၊ စိတ်ကြောင့်၊ မြေချတဲ့နေ့က၊ မောင်, တမင်မသွားဘဲ နေမိခဲ့တာ"

"မောင်။ အဲဒီလောက်အထိ၊ သူ့ကို၊ စိတ်ဆိုးသွားတာလား"

"ဟုတ်တယ်သက် ။ ခွင့်လွှတ်ချင်တဲ့ စိတ်မှန်သမျှ။ ကုန်ခန်းသွားခဲ့တာ"

"အပြစ်က၊ တော်တော်ကြီးလို့လား"

"သေတာတောင် ၊ ခွင့်မလွှတ်ချင်အောင်ဖြစ်သွားမိတယ် သက်ရယ်"

ရန်ကုန် အထိလာရောက် ကုသ,ဖို့ ၊ ပထမ , အခေါက်တွေက၊ ကျွန်တော်၊ အကြံပြုခဲ့သော်လည်း၊ လူချစ်အောင်လက်မခံ။



သို့ဖြင့် ၊ သူတက်ရောက်နေရာဆေးရုံသို့ ၊ သတင်းမေးသက်သက်သာ၊ ကျွန်တော် သွားရောက်နေခဲ့ရသည်။ အနားမှာ၊ မည်သူမျှ မရှိသည့် တစ်ရက်တွင် . .

"ဘယ်သူမှ၊ မရှိတုန်း။ ငါ့အပြစ်ကို၊ ငါ။ ဝန်ခံပါရစေကွာ"

"နေကောင်းအောင်နေစမ်းပါကွာ။ကျန်တာတွေ၊ ပြောမနေပါနဲ့တော့"

"ခွင့်လွှတ်စကား မကြားရရင်တောင်၊ ငါ, မသေခင်မှာ ၊ ကာယကံရှင်တွေကို ၊ အသိပေးတောင်းပန်သွားချင်လို့ပါ။

ငါ့ မိန်းမ,ကတော့၊ ငါ့ကို၊ စိတ်ဆိုးသွားပြီ။ မင်းလည်း၊ ငါ့ကို၊ စိတ်ဆိုးချင်ဆိုးလိမ့်မယ်"

"မဆိုးပါဘူးကွာ"

"ငါ,ပြောတာကိုသာ၊ နားထောင်ကြည့်ပါဦး သူငယ်ချင်း။ နားထောင်ပြီးရင်လည်း၊ ချက်ချင်း ခွင့်မလွှတ်ပါနဲ့။ခွင့်လွှတ်တယ်ဆိုမှ၊ နောက်အစ်ခေါက်၊ ငါ့ဆီကို၊ ထပ်လာခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ"ဟု၊ ပြောရင်း၊ သူပြောသမျှကို၊ ကျွန်တော်၊ စိတ်မပါစွာ၊ နားထောင်လိုက်မိသည်။

(. . .)စားသောက်ဆိုင် အတွင်းသို့၊ ဝင်လျှင်ဝင်ချင်း၊ ငွေသိမ်းကောင်တာတွင်၊ ထိုင်နေသည့်၊ ကောင်မလေးတစ်ယောက်ကို၊ သူ . . တွေ့သည်။ သေသေချာချာ ကြည့်လိုက်မှ၊ ပယင်း ဟု၊ သူ . . သိ၏။

မနီးမဝေးမှ ၊ မြင်တွေ့စဉ်က ၊ သူလို ကိုယ်လို သာမန် မိန်းကလေးတစ်ယောက်ဟု၊ ထင်မှတ်ခဲ့ဘူးသည်။ အနီးကပ်မြင် တွေ့လိုက်ရစဉ် ၊ လွန်စွာ ကျက်သရေရှိသော ၊ မိန်းကလေးဟု ၊ ချက်ချင်း သိရှိလိုက်ရ၏။

မင်းမျိုးနိုင်နှင့် ခရီးသွားဟန်လွဲမှုသာ၊ ချစ်တယ်၊ကြိုက်တယ် ပြောခဲ့တာပဲဖြစ်မည်ဟု၊ ကိုယ်လိုရာကို၊ ဆွဲတွေးပစ်လိုက်၏။





မင်းမျိုးနိုင် အနေနှင့်လည်း၊ ကြုံလို့ကြိုက်လိုက်တာ နေမှာပါ ဟု၊ ပေါ့လျော့စွာ၊ တွေးတောလိုက်ပြန်သည်။

နောက်ဖြစ်နောက်ရှင်းဟု၊ သူ့ဇာတိ အတိုင်း၊ ဆုံးဖြတ်လိုက်ပြီး၊ မဖွယ်မရာ အတွေးများကို၊ စံနစ်တကျတွေးပြီး၊ ပယင်း၏၊ အနားသို့၊ သွားရပ်လိုက်လေသည်။

"ပယင်းလား"

"ရှင်"

"ကိုယ့်ကိုသိလား"

ခေါင်းခါလျက် သူ့ကို၊ သေသေချာချာ ကြည့်သည်။ပြီးမှ၊

"မင်းမျိုးနိုင်လား"

ပြုံးလျက်၊ မဝံ့မရဲ ခေါင်းညိတ်လိုက်သည်။

"ဩော်။ သင်တန်းမပြီးဘဲ လာတယ်ပေါ့"

"ဆက်မတက်ချင်တော့ဘူး။လွမ်းလို့"

ပယင်း၊ လွန်စွာ ပျော်နေပေသည်။

"တီးတိုးပြော၊ ဦးလေးတွေ အဒေါ်တွေရှိတယ်"

"မိဘ,တွေက ရော"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ခဏသွားတယ်။လာလိမ့်မယ်"

"အိမ်ပြန်လိုက်ဦးမယ်။ အရမ်းတွေ့ချင်လို့ ဝင်လာတာ"

"ဟင်။ပြန်တော့မလို့လား။အအေးသောက်သွားဦး"

"မသောက်တော့ဘူး"

"ဟင့်အင်း။ မရဘူး . . သောက်"

ဆိုင်ဝန်ထမ်းတစ်ဦးကို ၊ ခေါ်ပြီး၊ အချိုရည် ဗူးတစ်ဗူး လှမ်းတောင်းသည်။ ပြီးနောက်၊ ကိုယ်တိုင် ဖန်ခွက်ထဲသို့ ထည့်ပေး၏။မင်းမျိုးနိုင်မျက်နှာကို၊ မြင်ယောင်သည်။နောက်မှတောင်းပန်လိုက်တော့မည်ဟု၊ တွေး၏။

"ဒီလို့ရုပ်ချောမယ်လို့မထင်ဘူး. . သိလား"

သူ . . ., ဘာပြောရမည်မှန်း၊ မသိသဖြင့်၊ ပြုံး၍သာနေလိုက်၏။"တို့ကို၊ အရင်ကတည်းက၊ သိနေတာ မဟုတ်လား။ မလိမ်နဲ့"ဟု၊ ပယင်းမေး၏။သူက,လည်း၊ ချော်လဲရောထိုင်၊ ခေါင်းညိတ်လိုက်သည်။"သိသားပဲ"ဟု၊ ပယင်းပြောပြီး . .

"လူလိမ်"





"ချစ်လို့ လိမ်တာ"

နှုတ်ရဲလာ၏။

"အမေ့ကို၊ ပြောပြထားတယ်"

"ဘာပြောပြထားတာလဲ"

"လူမမြင်ဘူးဘဲ၊ချစ်နေတဲ့ ချစ်သူတစ်ယောက်ရှိတယ်လို့၊ ပြောထားတယ်"

နည်းနည်းတော့ လန့်သွားသည်။

"ဘာ့ဖြစ်လို့၊ မိဘ,ကို၊ ပြောထားတာလဲ"

"တို့ မိဘ,က ၊ တစ်ခုပဲ ဆုံးမ,ထားတယ်။ သမီး မိန်းကလေးတစ်ယောက်၊အန္တရာယ်ကင်းချင်ရင်၊ မိဘ,ရဲ့, ယုံကြည်စိတ်ချမှုကို၊ ရချင်ရင်။ဘာပဲလုပ်လုပ်, ဘယ်သူနဲ့ပဲ တွေ့တွေ့၊ မိဘ,ကို၊ အသိပေးပါ . . တဲ့"

"ဩော်" ဟုသာ၊ ပြောနိုင်သည်။ ထိုစဉ် ,

"ဟော . . ။ အမေတို့လာပြီ"

ပယင်းက ၊ သူ့မိဘ, များနှင့် မိတ်ဆက်ပေးသည်။ သူငယ်ချင်း၊ အဖြစ်သာ မိတ်ဆက်ပေးသဖြင့်၊ ဘာပြဿနာမျှ မရှိ။

www.burmeseclassic.com



သို့သော် . .

"ဩော် . . ။ဘယ်သူများလဲလို့ ဦးချစ်မောင် ဒေါ်သီတို့ရဲ့သားကိုး။မင်းတို့ ဆန်ဆက်ကို ဦးလေး တစ်ခါလာဖူးတယ်ကွ"

ငယ်ထိပ်ကို မြွေပေါက်ပြီဟု ခံစားလိုက်ရ၏။

"မင်းနာမည် ဘယ်သူ"

"လူချစ်အောင်"

ပယင်း ဝေ့ကနဲ ကြည့်၏။"အေးအေး။စကားပြောကြဦး" ဟု ခွင့်ပြုပြီး ဆိုင်အနောက်ဘက်ရှိ နေအိမ်ရှိရာသို့ ဝင်သွားကြသည်။

"မင်းမျိုးနိုင် လို့ အမေ့ကို ပြောထားတာ။ လူချစ်အောင်ဆိုတဲ့နာမည်က ဘာလုပ်တာလဲ"

"အဲဒါ အွန်လိုင်းနာမည်လေ"

"တော်တော်လိမ်တာပဲ"

"စိတ်မဆိုးပါနဲ့"

"နောက်ရော ဘာလိမ်ထားသေးလဲ"

ခေါင်းခါပြလိုက်သည်။





"တစ်ခါမှ ချစ်သူရည်းစား မရှိဖူးဘူးနော်။ တစ်မြို့တည်းသားကို ချစ်သူဖြစ်ခွင့်ရလို့ ပျော်နေတာ။ သိလား။

နောက်ထပ် ဘာမှ ထပ်မလိမ်နဲ့တော့နော်။ တို့ တန်ဖိုးထားသလို တို့ကို တန်ဖိုးထားပါ"

"စိတ်ချပါ"ဟု သူ . . ပြောသည်။"ကဲ . . ၊ ပြန်မယ်ဆိုထား တို့ ဆိုက်ကယ်နဲ့လိုက်ပို့ပေးမယ်" . . ဟု ပယင်းပြောသည်။

"ရပါတယ်။ကားရှိပါသေးတယ်"

"မရဘူး"

မူလ,ရည်ရွယ်ချက်က၊ မင်းမျိုးနိုင် အတွက်၊ အမှန်တကယ် ဝင်ရောက်စုံစမ်းပေးဖို့ ရည်ရွယ်ချက်။

နောက်တော့။ နှုတ်ဆော့ရုံမျှဟု၊ ရည်ရွယ်ရင်း၊ ကိုယ်တိုင် နှစ်သက်စိတ်ဝင်သဖြင့်၊ အစစအရာရာ ၊ ဆက်လက်လိမ်လည်ရ တော့မည်ဟုဆုံးဖြတ်မိသည်။မင်းမျိုးနိုင်လည်း၊ခွင့်လွှတ်နိုင်လောက် ရဲ့ဟု၊ ပေါ့လျော့စွာ၊ တွေးဖြစ်သည်။ (လူချင်း၊ မရင်းနှီးသေးဘဲနှင့်၊ စိတ်ထဲသို့၊ အပြည့်အဝ, မရောက်နိုင်ဟု၊ထင်မြင် မိခြင်းကြောင်း ထိုသို့ တွေးလိုက်မိခြင်းဖြစ်သည်။)



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုးနိုင်၏ စိတ်နှလုံးထဲတွင်၊ ပယင်း ကို၊ အပြည့်အဝ၊ ရှိထားသည်ဟု၊ သိရချိန်မှာ ၊ အရာရာသည်၊ နှောင်းခဲ့လေပြီ။

မင်းမျိုးနိုင်က၊ အိမ်ဝင်းထဲသို့ လုံးဝ. မဝင်တော့ . . ဟု၊ ပြောဆိုစဉ်က၊သူ တော်တော်လေး ပျော်သွားရသည်။"ဒါမှ၊ ပယင်း နဲ့၊မင်းမျိုးနိုင်၊ မဆုံဖြစ်ကြမှာ"ဟု၊ တွေးပြီး၊ ရင်အပူလျှော့ရ၏။

လိမ်လည်ရသူသည်၊ ဘာကြောင့်လိမ်လိမ်၊သူ့အလိမ်မပေါ်ဖို့ နည်းပေါင်းစုံဖြင့်၊ လူပေါင်းစုံကို၊ လိမ်လည်ရစမြဲ။

မင်္ဂလာဆောင်ပြီးနောက်၊ရန်ကုန်မှာ နေထိုင်ဖို့၊ စဉ်းစားမိသော်လည်း၊မင်းမျိုးနိုင်နှင့်တွေ့မှာ၊စိုးသည်။အိမ်ဝိုင်းထဲမှာ ၊ နေပြန်တော့လည်း၊ မင်းမျိုးနိုင်ဟူသော အမည်နာမ,ကို၊ ပယင်းကြားသွားနိုင်ပေမည်။

ထို့ကြောင့်လည်း၊ ပယင်းကို၊ မည်သူနှင့်မျှ၊ အရောမဝင်စေခဲ့။ယုတ်စွ အဆုံး၊ ပိုးသားနှင့်ပင်၊ စကားမပြောရန် မှာထားမိသည်။ မင်းမျိုးနိုင်၏ မိဘ, မောင်နှမ,တို့သည်ပင်လျှင်၊ အခြေမဲ့ သူများဟု၊ စကားသုံးကာ၊ အရောအနှော၊ မပြုဖို့၊ လုပ်ကြံစကားဆိုခဲ့သည်။





အဖေအမေနှင့်၊အိမ်ရှိလူအားလုံးတို့ကိုလည်း၊ မင်းမျိုးနိုင် . . ဟူသည့်၊ အမည်နာမ,ကို၊ ပယင်း၏ ရှေ့တွင်၊ မခေါ်မပြောမိအောင်၊မင်္ဂလာမဆောင်ခင်ကတည်းက၊ အထူးသတိပေးဖြစ်သည်။

ရန်ကုန်မှာ သင်တန်းတက်ကြစဉ်တွင်၊ မင်းမျိုးနိုင်က , ပယင်း အပေါ်၊ ထိကပါးယိကပါး လုပ်ထားသဖြင့်၊ ပယင်း,လွန်စွာရွံရှာမုန်းတီးနေကြောင်း၊ မိဘ,တွေကို၊ ပြောပြထားသည်။ရွာအတွင်း၊ သိကျွမ်းသူတချို့၏ ပါးစပ်မှ၊ မင်းမျိုးနိုင်၏ နာမည်ထွက်သဖြင့်၊ ပယင်းမေးမြန်းသည်များရှိသည်။ အွန်လိုင်း အမည်ကို၊ သိသောကြောင့်၊ တမင်နောက်ပြောင်ခြင်းဖြစ်ကြောင်း၊ တစ်ခွန်းလောက်မျှ၊ ဖြေရှင်းပြလိုက်ရုံနှင့်၊ အဆင်ပြေချောမွေ့ခဲ့သည်။

ပိုးသားက,တော့၊ မင်းမျိုးနိုင်ရန်ကုန်မှာ၊ အခြေချရခြင်း အကြောင်းအရင်းကို၊ ရွာထဲက ၊ ရင်းနှီးသူများအားပြောပြလေ့ရှိကြောင်း၊ သူ့ကြားသိရ၏။တစ်ရပ်တစ်ကျေးတွင်၊ အခြေချဖို့ စီစဉ်ပါသော်လည်း၊ ပယင်းက,ရော၊ မိဘများက,ပါ၊ သဘောမတူ။



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုးနိုင် အိမ်ထောင်ပြုသည့်သတင်းကို၊ ကြားစဉ်က၊ သူ့တော်တော် ပျော်သွားမိသည်။ မဘိတ်ကြားသည်ကိုပင်၊ ကျေးဇူး တင်မိပါသေး၏။ဤလောက,၌၊ မင်းမျိုးနိုင် . . ဟူသော၊ အမည် နာမ,မှာ၊ပယင်းကို၊ ချစ်ခွင့်ပန်စဉ်က၊ သူ အသုံးပြုခဲ့သည့်၊ အမည် တစ်ခုသာဖြစ်ပြီး၊ လူအားဖြင့်၊ တကယ်ရှိခဲ့သူမဟုတ်ကြောင်း၊ ပယင်း ယုံကြည်အောင်၊ နည်းပေါင်းများစွာဖြင့်၊ သူ့ စီမံခဲ့ပြီးဖြစ် သည်။ထို့ကြောင့်၊ အနည်းငယ်မျှ၊ သူ . . ရင်ပေါ့ခဲ့၏။

ပယင်း , သားလေးတစ်ယောက်မွေးဖွားသည် ။ ကလေး တစ်ယောက်ရနေပြီပဲ ၊ ဖွင့်ပြောပြလိုက်ရင်၊ ကောင်းမယ် . . ဟု၊ တွေးသေး၏ ။ ကလေး အလွန်ငယ်သေးသဖြင့် ၊ စိတ်အနှောက် အယှက်ဖြစ်ခဲ့လျှင်၊သွေးလေ ထိခိုက်မှာ စိုးပြီး၊ နှုတ်ဆိတ်ခဲ့ရသည်။

မည်သို့ဆိုစေ ။ ကာလ ,လွန်မြောက်ခဲ့ချိန်၌၊ အပြစ်ကို၊ ဝန်ချလျှင်၊ ခွင့်လွှတ်လိမ့်မည်ဟု၊ သေချာပေါက်၊ တွက်ဆ,ခဲ့မိသည်။ အချို့သော၊ နာကျင်စရာ လိမ်လည်ခြင်းများသည်၊ ကာလ,မည်မျှ ကြာစေ . . ၊ ခံစားရသူတို့၏၊ ဘဝ,ခရီးစဉ်တဆုံး၊အသည်းနှလုံး၏ သမိုင်းစဉ်တလျှောက်၊ ဘယ်သောအခါမျှ ၊ ပျောက်ကွယ်ပျက်သုဉ်း မသွားတတ်ကြချေ။



သေလွန်ခဲ့လျှင်တောင်မှ၊ ကျန်ရစ်သူ သွေးသားအဆက် ဆက် . . သို့၊ လက်တို့မှာကြားတတ်သေးသည်။ ထို့အတူ၊ ပယင်း သည်လည်း၊ သူ့ လိမ်လည်ခဲ့သည်ကို၊သိသည်နှင့်တပြိုင်နက်၊ကာလ, ကြာမြင့်သည့်တိုင်၊ နာကျင်နေတတ်ဆဲပင်ဖြစ်လေသည်။

တောင့်တင်းသော ခံစားမှုမျိုး၊ ရင်းခေါင်းအတွင်း၌၊ ခံစား နေရသည်မှာ၊ ကြာနေပေပြီ။ ဘာဖြစ်မှန်း မသိ။ ဆန်စက်သို့သွားပြီး သိပ်မကြာခင်၊ နေလို့ မကောင်းသဖြင့်၊ အိမ်ပြန်ခဲ့သည်။ အိမ်သို့ ရောက်ရောက်ချင်း၊ ပြဿနာက၊ စောင့်ကြိုနေလေ၏။

"ကိုချစ်။ကလေးအညှော်ရှောင်ရင်း၊ပယင်း အိမ်အလည် သွားခဲ့တယ်"

"ဘယ်အိမ်ကို၊ သွားခဲ့တာလဲ"

"ကိုချစ် မသွားနဲ့လို့၊ ပြောထားတဲ့၊ ဟို . . ထောင့်က,အိမ်"

"အာ . . ။ မသွားပါနဲ့ဆို။ ခပ်ကင်းကင်း နေပါ။ သူတို့က . . "

www.burmeseclassic.com



"သူတို့က၊ ရှိးသားပါတယ်။ မင်းမျိုးနိုင် အမေက၊ ပယင်းကို၊ မြင်မြင်ချင်း၊ အိမ်ပေါ်တက် သွားတာ။ ရှောင်တာနေမှာပေါ့။

ပယင်းကလည်း၊ ကလေးနေပူမှာ၊စိုးတာနဲ့။ အိမ်ထဲကို ၊ ဝင်ခွင့်တောင်းပြီး ၊ ဝင်လိုက်တယ်။ ဝင်ဝင်ချင်းပဲ။မှန်ဘောင်သွင်းထားတဲ့၊ မင်းမျိုးနိုင် ရဲ့၊ မင်္ဂလာဘိတ်စာလေးကို၊နံရံမှာ ၊ တွေ့ရတော့ တာပဲ။ကိုချစ်နဲ့မင်းမျိုးနိုင်နဲ့က၊ သူငယ်ချင်းတွေ၊ မဟုတ်ဘူးလား"

"ဟုတ်တယ်"

"ပယင်းကို၊ ကိုချစ်တစ်ခါမှ၊ မပြောဖူးဘူး နော်"

"ကိုယ်က၊ သူ့နာမည်ကို၊ သုံးထားမိတာကိုး၊ အဲဒါကြောင့် . ."

"မင်္ဂလာဆောင်တုန်းက ၊ သူ့ကို ၊ ဘာလို့ မဘိတ်တာလဲ"

"သူ ဘယ်မှာနေမှန်းမသိလို့"





"မင်းမျိုးနိုင်ဆိုတဲ့နာမည်ကို၊ ပယင်း ရှေ့ မှာ၊ သူ့မျှားတွေ၊ ပြောလိုက်တိုင်း၊ ကိုချစ်က၊ သူတို့ နောက်ပြောင်တာလို့ပဲပြောတယ်။

မင်းမျိုးနိုင် . . ဆိုတာ ၊ ငယ်သူငယ်ချင်း တစ်ယာက်ပါလို့၊ တစ်ခါမှ၊ မပြောဖူးဘူး။ အခု,မင်းမျိုးနိုင်ရဲ့ ၊ အမေကလည်း၊ ငယ်သူငယ် ချင်းတွေ၊ မသင့်မြတ်ကြလို့၊ မခေါ်မပြောကြတာ တဲ့။ဘာကြောင့်မှန်းတော့ ၊ မသိဘူး တဲ့ ။

ဖုံးဖုံးဖိဖိ ပြောရှာပါတယ်။ရိုးသားတဲ့သူတွေ က၊ ကျွမ်းကျွမ်းကျင်ကျင် မလိမ်ညာတတ်တော့၊ ဖုံးပြီး ဖြေပေမဲ့၊ ပေါ်ကုန်ရော။

မင်းမျိုးနိုင် ကွန်ပျူတာသင်တန်းတက်ဖူး သလားလို့မေးလိုက်တော့၊ သူ့ အစ်မ,က၊ ဖြေတယ်။ တက်ဖူးတယ် . . တဲ့။

တက်တဲ့ အချိန်ကာလ, ကိုမေးလိုက်တော့ ပယင်း, တက်တဲ့ အချိန်နဲ့ အတူတူပဲ။ သင်တန်း တက်ရင်းနဲ့ကို၊ ပြန်မလာတော့တာတဲ့၊ သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီးချင်း၊ ပြန်လာတုန်းက,လည်း၊ အိမ်ကို မဝင်ဘူး . . တဲ့။

အဲဒီ့ပြန်လာတဲ့ နှစ်, ကာလ,ကို၊ မေးကြည့်လိုက်တော့၊ တိုက်တိုက်ဆိုင်ဆိုင်၊ ပယင်းနဲ့ကိုချစ်နဲ့၊ မင်္ဂလာ ဆောင်ပြီးခါစ၊ အချိန်ဖြစ်နေတယ်"

"အဲဒါတွေ၊ ဘာလို့ပြောနေတာလဲ ပယင်း။ ပယင်း၊ ဘာကို ပြဿနာရှာချင်တာလဲ"

"ကိုချစ် အဲဒီ့လေသံနဲ့၊ မမေးနဲ့လေ။ ကလေးတစ်ယောက်ရနေပြီ။ ဘာပြဿနာမှ၊ ရှာလို့ ,မရတော့ဘူး လို့ ထင်လို့လား။

လိမ်တတ် ညာတတ်တဲ့ သူကို ၊ ဘယ်လိုအခြေအနေ ရောက်ရောက်။လမ်းခွဲဖို့ ဝန်မလေးဘူး။လိုအပ်ရင်၊ တည်ဆဲ ဥပဒေအရ ရတဲ့ ပုဒ်မ,နဲ့၊ တရားစွဲမယ်။

မထူးတော့ပါဘူး . . ဆိုတဲ့၊အယူအဆ,မျိုးနဲ့၊ ငြိမ်နေလိုက်တော့မယ်တော့ ၊ မထင်နဲ့ ကိုချစ် ။ မိဘ,တွေကိုဖွင့်ပြောဖို့လည်း၊ ဝန်မလေးဘူး။





ဒါဟာ။ မင်းမျိုးနိုင်ဆိုတဲ့သူ အပေါ်၊ အာရုံပြောင်းတာမဟုတ်ဘူး။လူမှုရေး လုပ်ကြံတယ်လို့၊ ယူဆ,လို့၊ သေသေချာချာ မေးနေတာ"

"ငါ,ပြောပြီးပြီ ပဲ။ သူ့နာမည်ကို၊ ယူ သုံးမိပါတယ် . . လို့။ ပြီးတော့၊ ငါ, ဘာပဲ လုပ်ခဲ့လုပ်ခဲ့၊ မင်းကို၊ ချစ်လို့၊ လုပ်ခဲ့မိတာပဲ လို့၊ မင်း, သတ်မှတ်လိုက်ပါလား"

"မရဘူး။ လိမ်လည်ပြီး၊ ဘဝ,ကို၊ သိမ်းပိုက်တာဟာ။ အဆိုးရွားဆုံး ရာဇဝတ်မှုပဲ။

အဲဒီတော့ . .

အခု . . ၊ အရေးအကြီးဆုံး မေးခွန်းတစ်ခု၊ မေးမယ်။မဖြေနိုင်လို့၊ မရဘူး။ အဲဒီ့ မေးခွန်းကို၊ ဖြေနိုင်မှ၊ ရှင်ဟာ . . ကျွန်မ,ရဲ့၊ တကယ်ချစ်တဲ့ လင်ယောကျ်ားဖြစ်ခွင့်ရမယ်"

မည်မျှချစ်သည်ကို၊ ပြောခွင့်ရတော့မည် ဟူသော အထင်ဖြင့်၊ အားတက်စွာ၊ မေးခွင့်ပြုလိုက်မိချေသည်။

"မေး"



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းလို့၊ ပြုမူမိခဲ့သမျှသော၊ လိမ်လည်ခြင်းများကို၊ ဝန်ခံရင်း၊ ဖွင့်ပြောတောင်းပန်ဖို့၊ အသင့်ပြင်ထားလိုက်လေ၏။

"အချစ်ဆိုတာ။ ဘာလဲ"

"အာ . .၊ ကလေးကလား"

"ရှင်သာ ။ မင်းမျိုးနိုင် . . ဆိုတဲ့ နာမည်နဲ့၊ အင်တာ နက်က နေ၊ ကျွန်မ,နဲ့၊ တကယ် စကား ပြောခဲ့တဲ့သူမှန်ရင်၊ ဒီမေးခွန်းကို၊ ရှင်, သေချာ ပေါက်ဖြေနိုင်ရလိမ့်မယ်။ဖြေလေ။အချစ်ဆိုတာ၊ ဘာလဲ"

"မသိဘူးကွာ"

ပယင်းက၊ နှုတ်ခမ်းမဲ့ကာ . .

"ရှင်, ဘယ်ဖြေနိုင်မလဲ။ ရှင်က၊ မင်းမျိုးနိုင် မှ၊ မဟုတ်တာ။ ဒီ မေးခွန်းကို၊ မင်းမျိုးနိုင်ပဲ၊ ဖြေနိုင် ခဲ့တာပါ ၊ ကိုလူချစ်အောင်။

ကျွန်မ,က၊ မင်းမျိုးနိုင်ကို၊ မျှော်နေခဲ့တဲ့သူ။ ပယင်းလား လို့ ရှင်,မေးခဲ့တဲ့ အချိန်မှာ၊ ကျွန်မ,က၊ မင်းမျိုးနိုင်ကို၊ သိပ်တွေ့ချင်နေတဲ့သူဆိုတော့၊ သတိ





လက်လွတ်ဖြစ်သွားတယ်။ မင်းမျိုးနိုင်လား . . လို့ ဝမ်းသာ အားရ မေးလိုက်မိတယ်။

ရှင်ခေါင်းညိတ်တယ်။ အဲဒီ ခေါင်းတညိတ် နဲ့။ ကျွန်မ . . ဘဝ, ကျွန်မ . . နှလုံးသားနဲ့။ လဲ လှယ် လိုက်ရတာပါလား ကိုလူချစ်အောင်။

လက်ထပ်ပြီးမှ၊ ကြားရသိရတာတွေက၊ ရှင်, လူရှုပ်, လူပွေ . . တဲ့ ။ အခုမှ ၊ သေသေချာချာ သိလိုက်ရတာက၊ရှင်,လူလိမ်လူညာ။ဘယ်လောက် အထိ၊ ပက်စက်သလဲ ဆိုရင်၊ သူငယ်ချင်း အရင်း ခေါက်ခေါက် အပေါ်မှာတောင် ၊ မငဲ့ညာတဲ့သူ။

ရှင်, ဘယ်လောက် လိမ်လိမ်ပါ။ ဘယ်လို နည်းစံနစ်နဲ့ပဲ လိမ်လိမ်။ ဘယ်လို အင်အားနဲ့ပဲ လိမ်လိမ်။ လိမ်လည်မှုတိုင်းမှာ၊ အားနည်းချက် ရှိတယ်။ ရှင့်ရဲ့၊ အားနည်းချက်က,တော့၊ အချစ် ဆိုတာ၊ ဘာလဲ . . ဆိုတဲ့ မေးခွန်းကို၊ လုံးဝ, မဖြေ နိုင်တဲ့၊ အားနည်းချက်ပဲ"

"ငါ,တောင်းပန်တယ် ပယင်း။ကိုယ့်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်တယ်။ ကိုယ် . . ပယင်းကို၊ ချစ်လို့ . . . အမှန် အတိုင်း ပြောလိုက်ရင်၊ ချစ်ခွင့်မရမှာ၊ စိုးလို့ . . "

"မင်းမျိုးနိုင် ဆိုတဲ့။ ရှင့်သူငယ်ချင်းကို၊ ရှင်၊ တောင်းပန်လိုက်ပါ။ကျွန်မ,ကို၊ လုံး၀,မတောင်းပန် ပါနဲ့။ အော့နှလုံးနာသွားတဲ့သူမှာ၊ ခွင့်လွှတ်ခြင်း, ခွင့်မလွှတ်ခြင်းဆိုတာ၊ သိပ် အရေး မကြီးတော့ ဘူး။

ကလေးက၊ သိပ်ငယ်နေသေးတော့။ ဆေးရုံ ဆေးခန်းနဲ့နီးတဲ့၊ ကျွန်မ, အိမ်မှာ၊ သွားနေလိုက် ဦးမယ်။

ရှိတဲ့စိတ်၊ ကင်းသွားရင်၊ ကျွန်မ,ပြန်လာခဲ့ မယ်။ ရှင်,လုံး၀ ၊ လိုက်မလာပါနဲ့။ဘာ့အကြောင်း နဲ့မှ၊ ကျွန်မ,ကို၊ မဆက်သွယ်ပါနဲ့"

"ကိုယ် . . နေမကောင်းဘူး ပယင်း။ နေ မကောင်းလို့၊ အိမ်ပြန်လာတာပါ"

"ရှင့် စကားကို ၊ ဘယ်စကားမှ ၊ ကျွန်မ, မယုံတော့ဘူး။ ပင်လယ်ထဲမှာ၊ ရေရှိတယ် . . လို့၊





ရှင်ကျိန်ပြောရင်တောင်၊လှေတွေ . . သင်္ဘောတွေ နဲ့၊ ပင်လယ်ထဲကို၊ သားစဉ်မြေးဆက်၊ ကူးသန်းပြီး မှ၊ ယုံမယ်"

လိမ်လည်လှည့်စားမိသူ၏ မာယာသည်၊ အမှန်တရား၏ ခြေဖဝါးအောက်သို့ ရောက်ရသည့်အခါ၊ မည်သည့် အင်အားနှင့်မျှ၊ လှုပ်ခတ် ၍၊ မရတော့။

"မင်းနဲ့ငါနဲ့။ ရန်ကုန်မှာ၊ အတူနေခဲ့ကြတာ က, အစ။ ငါ, ပွေခဲ့ရှုပ်ခဲ့တာတွေ၊ အဆုံး။ အကုန် လုံး၊ ငါ, သူ့ကို၊ ရှင်းပြပါတယ်ကွာ။

ဒါပေမဲ့။ သူ,လုံး၀,ခွင့်မလွှတ်ဘူး။ သူမှာတဲ့၊ အတိုင်းပဲ၊ ဘာအကြောင်းနဲ့မှ၊ မဆက်သွယ်ပါနဲ့ ဆိုလို့၊ ငါ, ဆေးရုံပေါ်မှာရှိတာ၊ သူ့ကို၊ အသိမပေး ခိုင်းဘူး။

သေရင်တော့ ၊ အကြောင်းကြားပေးဖို့ ၊



www.burmeseclassic.com

www.burmeseclassic.com



ပိုးသားကို၊ ငါ့မှာ ထားတယ်။ ဘာပြဿနာဖြစ်တယ်ဆိုတာ၊ ပိုးသားကိုလည်း၊ ငါ့မပြောထားဘူး။

မင်းလည်း၊ ငါ့ကို၊ ခွင့်လွှတ်နိုင်မှခွင့်လွှတ်ပါ။ ခွင့်လွှတ်တယ်ဆိုမှ၊ နောက်တစ်ခေါက်ငါ့ဆီကိုလာပါ။ဇနီးမယားနဲ့၊ ငယ်သူငယ်ချင်း။နှစ်ယောက်စလုံးက၊ ခွင့် မလွှတ်ရင်တောင်၊ တစ်ယောက်ယောက်ခွင့်လွှတ်ရင်တောင်၊ ငါ့ သေပျော်ပါတယ်ကွာ"

ကျွန်တော်, ဘာပြန်ပြောရမှန်း မသိခင်၊ လှချစ်အောင်၏ အဖေနှင့်အမေ ရောက်လာကြ၏ ။ နှုတ်ဆက်၍သာ ပြန်လာခဲ့မိသည်။ လှချစ်အောင်ကို၊မည်သည့်စကားမျှ ၊ ကျွန်တော်,မမှာကြားမိခဲ့။ထို့နောက်၊ သိပ်မကြာခင်တွင်၊ လှချစ်အောင် ဆုံးပါးသည်။

"အခု၊ မောင်ဘာလုပ်မယ်စဉ်းစားသလဲ။ ရက်လည်တော့၊ မမီတော့ဘူး"





"ရုပ်ရှင်တွေထဲကလိုပေါ့သက်ရယ်။ အုတ်ဂူပေါ်၊ ပန်းစည်းတင်ပြီး၊ ခွင့်လွှတ်ပါတယ် . . ဆိုတာ၊ သွားပြောမလားလို့။

သေသူ သိမသိ။ မသေချာပေမဲ့။ ကျန်ရစ်ခဲ့တဲ့သူ၊ စိတ်ရှင်းတာပေါ့။ပြောချင်ရာ စကားကို၊ လူအနားမှာ၊ မပြောလိုက်ရပေမဲ့ ၊ ဂူ အနားမှာ၊ ပြောလိုက်ရတော့၊ ပြောပြီးပြီ လို့၊ ခံယူဖြစ်တာပေါ့"

"မောင်,ဘာကြောင့် တော်တော်၊စဉ်းစားခဲ့ရတာလဲ။ ဒီလို ဆုံးဖြတ်ဖို့ကို"

"သက်ကို၊ မပြောဘဲလည်း၊ မလုပ်ချင်ဘူး။ ပြောရမှာက,လည်း၊သူတပါးရဲ့၊မကောင်းကြောင်း။ . . ဆိုတော့၊ အ,ကုသိုလ် စကားတွေ၊ ဖြစ်မှာစိုးတယ်လေ။

သူတစ်ပါး မကောင်းကြောင်းကို၊ ပြောရင်၊ ပြောတဲ့'သူမှာရော ၊ နားထောင်တဲ့ သူမှာရော၊ မကောင်းမှု အပုန်ကိန်းတတ်တယ်လို့ မောင် . . ,



www.burmeseclassic.com

www.burmeseclassic.com



သိထားပြီလေ။

ကိုယ့်စကားကြောင့်၊ ကိုယ့်ဇနီးမယားရဲ့၊ စိတ်နှလုံးမှာ ၊ သူတစ်ပါးအပေါ်၊ မကျေချမ်းတဲ့ စိတ်မျိုး၊ ဖြစ်သွားမှာ စိုးလို့"

"မဖြစ်ပါဘူး မောင်ရယ်။ သူ့အကြောင်းနဲ့သူ . . လို့ ၊ နှလုံးသွင်းလိုက်ရုံနဲ့ ၊ ကိုယ့် အကြောင်း မဟုတ်ဘူး ဆိုတာ၊ ရှင်းနေတာပါပဲ"

"ကြားရတာ ၊ စိတ်ချမ်းမြေ့လိုက်တာ သက်ရယ်။မောင်က,တော့၊ သိပ်မချမ်းမြေ့ပါဘူး။ကိုယ့် အပေါ် ၊ မကောင်းတဲ့သူက ၊ သူ့ဝယ်ချင်းဖြစ်နေတယ်။ ခွင့်လွှတ်စိတ်ထားတော့မယ်ဆိုပြန်တော့၊ သူမရှိတော့ဘူး။ကိုယ့်အပေါ်၊ မကောင်းတဲ့သူကို၊ ခွင့်လွှတ်ဖို့ဆိုတာ၊ တော်တော်ခက်တဲ့ အလုပ်ပဲ။ ခက်တဲ့အလုပ်ကို၊ မောင်လုပ်ဖို့ ဆုံးဖြတ်လိုက်ပေမဲ့။ အခါတော့၊ နှောင်းသွားပြီ သက်"

"နှောင်းတယ်လို့ မယူဆ,ပါနဲ့ မောင်ရယ်။ ခွင့်လွှတ်တယ်ဆိုတာ၊ တစ်ဘက်သားက၊ နောက်မှ၊





ငြိမ်းချမ်းရတာပါ။ ခွင့်လွှတ်တဲ့သူက၊ အရင် ငြိမ်းအေးရပါတယ်"

"ရွာကိုသွားရင်၊ သက်ပါ လိုက်ခဲ့နော်"

သက်ထားဆွေ ခေါင်းညိတ်၏။ ပြီးမှ . . . ၊

"ပယင်းနဲ့ တွေ့ခဲ့ရင်လည်း၊ လင်ယောကျ်ားအပေါ်၊ ခွင့်လွှတ်လိုက်ဖို့၊ မောင်, အကြံပေးလိုက်ပေါ့"

"မောင်နဲ့သူနဲ့က၊ အပြင်မှာ၊ မဆုံဖူးပါဘူး။ ဆုံရင်တွေ့ရင်တောင်၊ မောင် . . စ, ခေါ်မှ၊ သူသိနိုင်မှာပါ"

"ဆုံခဲ့ရင်လည်း ၊ အားပေးလိုက်ပါမောင်ရယ်" . . ဟု ၊ သက်ထားဆွေ အကြံပြု၏။ကျေးဇူးတင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉။

သက်ထားဆွေကာ၊ အုမေတို့နှင့်၊ အိမ်မှာနေခဲ့သည်။ ပိုးသား ဦးဆောင်လျက်၊ ရွာရှိသူငယ်ချင်းများ၊ အိမ်သို့ ၊ ရောက်လာကြသေး သည်။ နေစောင်းတော့မှ ၊ လူချစ်အောင်၏ အုတ်ဂူ ရှိရာသို့ ၊ ကျွန်တော် ထွက်ခဲ့၏။

အုတ်ဂူ အနီးတွင် ၊ မိန်းကလေးတစ်ယောက်ကို ၊ တွေ့ သည်။ ပယင်း . . ဟု၊ ကျွန်တော်သိ၏။ သူ ,ကျွန်တော့်ကို၊ မသိနိုင်။

လက်ထဲမှ၊ ပန်းစည်းကို၊ အုတ်ဂူပေါ်သို့၊ ညင်သာစွာတင် လိုက်ရင်း ၊ စိတ်ထဲ ရင်ထဲမှ၊ စကားတွေကို ၊ လူချစ်အောင်အား ရည်စူးလျက် ၊ ကြေကွဲစွာ၊ ကျွန်တော် ပြောလိုက်သည်။

"မင်းကို၊ ငါ,ဘယ်လောက်မုန်းမုန်း။ မင်းနဲ့ ငါ,ခွဲရပြီ၊ သူငယ်ချင်း။

အထူးသဖြင့်၊ သေကွဲ ,ကွဲတယ်ဆိုတာ၊ ဘဝ, တစ်ခု၊ နိဂုံးချုပ်သွားတာပါပဲ။ မဖြစ်မနေ၊ နိဂုံး ချုပ်ကြရမယ်ဆိုရင်လည်း၊ လွမ်းတဲ့စိတ်နဲ့ပဲ၊ နိဂုံး ချုပ်ချင်ပါတယ်ကွာ။

အဲဒါကြောင့်၊ ငါ . . , မင်းဆီကို၊ အရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပဲ ၊ သူငယ်ချင်း . . ။ သေတာတောင် ၊ ခွင့်မလွှတ်ဘူး လို့ဆုံးဖြတ်မိခဲ့ပေမဲ့။တစ်ယောက်နဲ့ တစ်ယောက် အကြား၊ အမုန်းနဲ့၊ နိဂုံး မချုပ်ချင်ဘူးကွာ။

ငါ, မင်းကို၊ ခွင့်လွှတ်ပါတယ် သူငယ်ချင်း။ မင်း, ရောက်ရာနေရာက၊ ကျေနပ်ပါကွာ။ ငါ , ပြုခဲ့တဲ့, ပြုနေတဲ့, ပြုဦးမယ့်၊ ဒါန,သီလ, ဘာဝနာ၊ ကောင်းမှုကုသိုလ် အားလုံးကို၊ မင်း,အမျှယူပါ။ အမျှ . . အမျှ . . အမျှ . . "

ငယ်ပုံရိပ်တို့ကို၊ ပြန်မြင်ယောင်လာသေး၏။မျက်ရည်ဝေ့ကို ၊ ဖယ်ခွာရင်း၊ လွမ်းစရာ ပုံရိပ်များဟု၊ ခံစား၏။ အလွမ်းဖြင့်၊ နိဂုံးချုပ်လိုက်သည်။

"မင်းမျိုးနိုင်လားရှင်"

ပယင်း၏ အမေးစကားသံ။

"မဟုတ်ပါဘူး" ဟု၊ ဖြေလိုက်ချင်မိသည်။

"ကျွန်မ, ဓာတ်ပုံမြင်ဖူးပါတယ်။မင်းမျိုးနိုင်တို့ အိမ်နံရံမှာ၊ မြင်ဖူးတာပါ"





"ဩော် ။ ဟုတ်ကဲ့။ကျွန်တော်,မင်းမျိုးနိုင်ပါ"

"ကျွန်မ, ပယင်းပါ"

"ဟုတ်ကဲ့၊ ကျွန်တော်သိပါတယ်"

"ကျွန်မ, အသက်မမှီလိုက်ဘူး"

"ကျွန်တော်လည်း၊ အခုမှ၊ ရောက်တာပါ"

"ကျွန်မ, စိတ်ဆိုးပြီး၊ သူ့ကို၊ ထားခဲ့မိတာ။ ဆေးရုံတက်နေတာလည်း၊ မသိဘူး"

"ကျွန်တော် ၊ ဆေးရုံကို ၊ လေး,ငါးခေါက် ရောက်တယ်။ဒါပေမဲ့၊ ဆုံးတော့၊ မလာဖြစ်ဘူး"

"ကျွန်မ , သားလေးတစ်ယောက်ရနေပြီ။ မင်းမျိုးနိုင်ရော၊ ကလေးရပြီလား"

"ဟင့်အင်း။ မရသေးဘူး"

"အမျိုးသမီးမပါလာဘူးလား"

"ရွာထဲမှာ နေခဲ့တယ်။သူက၊ အခုမှ၊ ရွာကို ရောက်ဖူးတာလေ"

"ကျွန်မ,နဲ့၊ မိတ်ဆက်ပေးဦးနော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမျိုးနိုင်၊ သူ့ကို၊ ခွင့်လွှတ်လိုက်ပြီလား"

"ကျွန်တော်၊ ဘယ်သူ့ကိုမှ၊ မမုန်းချင်တော့ဘူး။ အဲဒါကြောင့်၊ ခွင့်လွှတ်လိုက်တယ်"

"ကျွန်မက,တော့၊ ကြိုးစားရဦးမယ်"

"ခွင့်လွှတ်လိုက်ဖို့ကျွန်တော် အကြံပေးချင်ပါတယ် ပယင်း။ ကျွန်တော့် ဇနီးက,လည်း၊ မှာလိုက်ပါတယ်။ ပယင်းနဲ့တွေ့ရင်၊ လင် ယောကျ်ားအပေါ်၊ ခွင့်လွှတ်ဖို့ အကြံပေးလိုက်ပါတဲ့"

"ကျေးဇူးတင်ပါတယ် ရှင်။ကျွန်မ,ကြိုးစားပါ့မယ်"

"တစ်ယောက် နဲ့ တစ်ယောက် ၊ သေကွဲပဲ ကွဲကွဲ။ရှင်ကွဲပဲ ကွဲကွဲ။ မုန်းပြီးကျန်ရစ်ခဲ့ရတာထက်၊ လွမ်းပြီး၊ ကျန်ရစ်ခဲ့ရတာ၊ ပိုကောင်းပါတယ်။

လူချစ်အောင် ၊ ဘယ်လောက် မှားမှား . . ၊ ပယင်းကို၊ချစ်လို့၊ ကျူးလွန်ခဲ့တာပဲလို့၊ ကျွန်တော် မြင်ပါတယ်။ပယင်းလည်း၊ အဲဒီလို မြင်ကြည့်လိုက်ပါ"





"မြင့်မြတ်တဲ့ အမြင်ပါပဲ မင်းမျိုးနိုင်။အဲဒီလို မြင်နိုင်အောင်၊ ကျွန်မ, ကြိုးစားပါ့မယ်။ကြိုးစားနိုင်မှာပါ"

"ကျွန်တော့်ကို၊ သွားခွင့်ပြုပါဦး"

ပယင်း၊ ခေါင်းညိတ်၏။ကျွန်တော်ခြေလှမ်းရွေ့စဉ် . .

"မင်းမျိုးနိုင်"

ကျွန်တော် ၊ လှည့်မကြည့်ဘဲ ၊ ခြေလှမ်းရပ်သည်။ကျောဘက်မှ၊ စကားသံကို၊ နီးကပ်စွာ၊ ကြားရ၏။

"ကျွန်မ,ရဲ့၊ အရေးအကြီးဆုံး၊ မေးခွန်းတစ်ခုကို၊ ကိုလူချစ်အောင် မဖြေနိုင်ခဲ့လို့၊ သူနဲ့ ကျွန်မ, ပြဿနာဖြစ်ရတာ"

"ဟုတ်ကဲ့ ၊ လူချစ်အောင် ၊ ကျွန်တော့်ကို၊ ပြောပြတယ်"

"အဲဒီ့ မေးခွန်းရဲ့၊ အဖြေကို၊ မင်းမျိုးနိုင် မှတ်မိသေးတယ်မဟုတ်လား"

"ဘာမေးခွန်းများလဲဗျာ"

မမှတ်မိခြင်းကို၊ ထင်ရှားစေလိုသဖြင့်၊ ထိုကဲ့သို့ကျွန်တော်,



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်ရခြင်းဖြစ်သည်။ ပယင်းက . .

"အချစ်ဆိုတာ ဘာလဲ . . ဆိုတဲ့၊ မေးခွန်းရဲ့၊ အဖြေလေ။ မင်းမျိုးနိုင်ဖြေခဲ့ဖူးတာကို၊ ကျွန်မ, မှတ်မိပါတယ်။

ဒါပေမဲ့၊ နားနဲ့ ဆတ်ဆတ် မကြားခဲ့ဖူးဘူး။ ဘယ်လိုမှ၊ မထင်ပါနဲ့။ အခု . . ကျွန်မ,ကို၊ ဖြေပြပါလားဟင်"

"အချစ်ဆိုတာ၊ မြင့်မြတ်ဖြူစင်ခြင်းနဲ့၊ တပ်မက်ညစ်ညမ်းခြင်း ကြားထဲမှာ၊ ဖြစ်ပေါ်လေ့ရှိတဲ့၊ ထူးဆန်းတဲ့၊ စိတ်တစ်မျိုး"ဟု၊ နှလုံးသားလိုက်ခေါင်းအတွင်း၌ ၊ ကျယ်လောင် မြည်ဟည်း စွာ ၊ ကျွန်တော် ဖြေဆိုလိုက်ပါသည်။ သို့သော် . . နှုတ်မှ၊ အသံမပြု။

"ဘာဖြစ်လို့၊ ဖြေခိုင်းတာလဲဗျာ"

"ဖောက်လွဲဖောက်ပြန်စိတ်နဲ့၊ ကြားချင်လို့၊ ဖြေခိုင်းတာ မဟုတ်ပါဘူး။ တကယ် ဖြေခဲ့ဘူးတဲ့ သူရဲ့၊ ဖြေဆိုသံကို၊ ကျွန်မ, တကယ် မကြားခဲ့ဘူး လို့ပါ"

ငိုဟန်မကင်းသည့်၊ ရှိုက်သံ . . စကား။





"ကျွန်တော် မေ့သွားပြီဗျ"

"ရှင်"

တမင်မေ့ဟန်ပြုရသော ကိစ္စတိုင်းသည်၊ အလွန် ခံစားပြင်းရှလွန်းပါ၏။

တမလွန်ရောက် သူ့ခင်ပွန်းသည်အပေါ်၊ ခွင့်လွှတ်ဖို့ ကြိုးပမ်းချိန်တွင်၊ ကျွန်တော့် မုသားများက၊ အထောက်အပံ့ ဖြစ်လိုဖြစ်ညား ၊ ကျွန်တော် . . ,မုသားပန်းတို့၊ ကျဲဖြန့်ရပေတော့မည်။ အကျိုးသက်ရောက်ပါစေသတည်း။

"တကယ်မေ့သွားတာလားဟင်။ ကျွန်မ, ကြားချင်ရုံပါ။ ပစ်မှားစိတ်နဲ့၊ မေးတာ မဟုတ်ပါဘူး"

"ကျွန်တော် တကယ်မေ့သွားတာပါ ။ ဘာကြောင့်၊ မေ့ရတာလဲ ဆိုတော့၊ အဲဒီစကားက ၊ လူချစ်အောင်ရဲ့စကားပါ။သူ့, ကျွန်တော့်ကို၊သင်ပေးခဲ့တာ။

ပယင်းကို၊ သူ ချစ်နေလျက်နဲ့၊ ကျွန်တော့်ကို၊ သူ ဦးစားပေးခဲ့တာ။ နောက်မှ၊ မစွန့်လွှတ်နိုင်လို့၊



www.burmeseclassic.com

www.burmeseclassic.com



သူ . . အရယူလိုက်တာဖြစ်မယ်"

"တကယ်ပြောတာလားဟင်"

ကျွန်တော် ပယင်းရှိရာဘက်သို့ မျက်နှာမူလိုက်ရင်း . .

"လူချစ်အောင်က ၊ ချစ်လို့ . . လိမ်တယ်။

ကျွန်တော်က၊ ဘာအတွက်လိမ်ရမှာလဲဗျာ"

မျက်ရည်များလျှံတက်နေသော၊ မျက်လုံးတွေကို၊ တွေ့ရ၏။ ထို မျက်လုံးများက၊ ကျွန်တော့်ကို၊ လိမ်လည်သူ . . ဟုယိုးစွပ်နေလေသလား ၊ (သို့တည်းမဟုတ်) သူချစ်ရာ ဘဝ,တစ်ပါးသို့ ၊ လွမ်းတ,စွာ၊ မှန်းမျှော်နေလေမလား။ မဝေခွဲဝံ့တော့။

"ကျွန်တော့်ကို၊ ခွင့်ပြုပါဦး"

ခေါင်းအညိတ်တွင်၊ မျက်ရည်တွေ၊ ပါးပြင်ပေါ်သို့ ပြိုကျ၏။ အေးမြရာ အသွင်ဖြင့်စီးဆင်းသော၊ စိမ့်စမ်းရေတွေသာ၊ ဖြစ်ပါစေသတည်း။





ရှိုက်သံများ ၊ ကျန်ရစ်ခဲ့သည် ။ကျွန်တော်နှင့်၊ မည်သို့မျှ မသက်ဆိုင်သည့် . . ရှိုက်သံ။

ရင်တွင်းသို့ ၊ လာရောက် ထိမှန်၏ ။ အရာရာ . . . ကို၊ အလွမ်းဖြင့်၊ နိဂုံးချုပ်လိုက်သည် . . ။ ။

လေးစားခင်မင်လျက်,

မောင်လှမျိုး(ချင်းချောင်းခြံ)
2009.May.17
9:00(p.m)
mhm.ccc@gmail.com



www.burmeseclassic.com